
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတ္တအဂ္ဂ

## ဝိညာဉ်လမိုင်း

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့် - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ အမှတ်(၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အဖုံးပန်းချီ - L လင်း
အတွင်းပလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ ဇူလိုင်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ၀၉ -၇၃၀၅၁၆၆၄၊ ၀၉-၇၈၁၂၆၃၅၈

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ထူးဆန်းသောသူဌေး

သရဲမွေးသူ

နွားနို့သောက်သောဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ထူးဆန်းသောသူဌေး

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ကာလက –

မန္တလေးမြို့၊ နန်းရှေ့ စစ်ကိုင်းတန်းရပ်၌ ခြံကျယ်ဝင်းကျယ် အုတ်ပတ်ကားတက် နှစ်ဆောင်ပြိုင် နှစ်ထပ်အိမ်ကြီးဖြင့် ခံ့ခံ့ထည်ထည် နေထိုင်သော ရက်ကန်းလုပ်ငန်းရှင် သူဌေးကြီး ဦးဖေအောင်မှာ မန္တလေးတွင် အတော်ထင်ရှားသူတစ်ဦးဖြစ်၏။

ဦးဖေအောင်၏အမည်ထင်ရှားရခြင်းမှာ အမရပူရ၌ ရက်ကန်းစင်များစွာပိုင်ဆိုင်ခြင်းကြောင့်မဟုတ်ဘဲ သူ၏ ထူးဆန်းသော ဝါသနာကြောင့်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေအောင်၏ဝါသနာသည်ကား လူအယောက် တစ်သိန်းတွင် တစ်ယောက်ရှိခဲလှသော ဝါသနာမျိုးဖြစ်ပေ၏။

သူ၏ဝါသနာမှာ လူကို ဒုက္ခပေးတတ်သည်၊ ခိုက်တတ်သည်ဟု လူပြောသူပြောများလှသည့် ပစ္စည်းပစ္စယများကိုဖြစ်စေ၊ အိမ်ရာခြံမြေတို့ကို ဖြစ်စေ ဝယ်ယူစုဆောင်းတတ်သည့် ဝါသနာပင် ဖြစ်ပေသည်။

သူသည် သားထောက်သမီးခံ မရှိသော မုဆိုးဖိုသူဌေးကြီးတစ်ဦးဖြစ်ပြီး သူ၏ အောင်မြင်လျက်ရှိသော ယွန်းရွှေရည်လွှန်းတစ်ရာအချိတ်ထည်လုပ်ငန်းကို ယခင်က ကိုယ်တိုင်ဦးစီးလုပ်ကိုင်ခဲ့သော်လည်း ချစ်လှစွာသောဇနီးသည် ဆုံးပါးသွားကတည်းက ရက်ကန်းလုပ်ငန်းကို ယုံကြည်အားကိုးရသည့် ညီတစ်ဝမ်းကွဲတော်သူ ဦးအောင်သိန်း (ခေါ်) သူကြီးအား လွှဲအပ်ကာ စိတ်ပြေလက်ပျောက်အဖြစ် မြန်မာပြည်အနှံ့ ခရီးထွက်ခဲ့လေသည်။

BURMESE CLASSIC

ဦးဖေအောင်သည် တစ်နှစ်ခန့်ကြာမှ မန္တလေးသို့ ပြန်လာသည်တွင် သူနှင့်အတူ ထူးထူးဆန်းဆန်းပစ္စည်းများ ပါလာရာ ထိုပစ္စည်းဆန်းတို့အထဲတွင် သာမန်လူ့အရိုးခေါင်းထက် ငါးဆ



www.burmeseclassic.com

www.burmeseclassic.com



မျှကြီးမားသော လူ့အရိုးခေါင်းကြီးတစ်ခုနှင့် မှန်စီရွှေချ ခေါင်းတလားကြီးတစ်လုံးတို့ ပါဝင်လေ၏။

"အစ်ကိုကြီး ဘာတွေသယ်လာတာလဲဗျာ၊ နိမိတ်မရှိနမာမရှိ"

အစ်ကိုဖြစ်သူ မန္တလေးသို့ပြန်လာပြီဟု သတင်းကြားသည်နှင့် အမရပူရမှနေ၍ ဂျစ်ကားလေးဖြင့် အပြေးအလွှားရောက်ချလာသည့် သူကြီး (ခ) အောင်သိန်းက လော်ရီကားပေါ်မှ အလုပ်သမားများ ထမ်းချနေသော ခေါင်းတလားကြီးကို ကြည့်ပြီး နှာခေါင်းရှုံ့ကာ ဝေဖန်မှုပြုလေလျှင် ဦးဖေအောင်က ဒန်းဆားလ် ဆေးတံကြီးခဲရင်း တဟဲဟဲရယ်သွမ်းသွေးလေသည်။

"ဟဲ ဟဲ ဟဲ ... သူကြီး ... မင်းက ခေါင်းမြင်တာနဲ့ သန့်သွားရသလားကွ။ အဲဒါ ဘယ်သူ့ခေါင်းလို့ထင်သလဲ"

"ဘယ်သူ့ခေါင်းဖြစ်ဖြစ်ပါ အစ်ကိုကြီးရာ၊ ဒါမျိုးကြီးဆော့ အိမ်ကို ယူမလာသင့်ပါဘူး"

"ဟော့ကောင် သူကြီး ...မင်း ဘာနားလည်လို့လဲ။ အဲဒါရှေးဟောင်းသမိုင်းဝင်ပစ္စည်းကွ၊ သိရဲ့လား။ ငါ နယ်လှည့်ရင်း ရှမ်းပြည်နယ်ဘက်အရောက်မှာ ထူးထူးဆန်းဆန်း တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းပစ္စည်းတွေ တွေ့လို့ ဝယ်ခဲ့ရာက ကံကောင်းထောက်မပြီး အဲဒါကြီးရလာခဲ့တာပေါ့''

''အစ်ကိုကြီးတို့လို သူဌေးတွေက ရှေးဟောင်းပစ္စည်းတွေ၊ ပန်းချီကားတွေ၊ ပန်းပုရုပ်တုတွေ ဝယ်ယူစုဆောင်းတတ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ခုဟာက ကျက်သရေမရှိတဲ့ ခေါင်းကြီးဖြစ်နေလို့ ပြောရတာဗျ''

''ဟဲ့ကောင် ...မင်းတော့ တော်တော်ခက်ပါလား။ ငါက ခေါင်းမြင်တိုင်း ဝယ်လာတာမဟုတ်ဘူးကွ။ ဟော့ ဟော့ ... အဲဒီမှန်ခေါင်းကြီးကို သေသေချာချာကိုင်တွယ်ကြပါကွယ်။ အိမ်ပေါ်ထပ်ကို တစ်ခါတည်းထမ်းပို့ကြ''

သူဌေးကြီး ဦးဖေအောင်က ညီဖြစ်သူကို ပြောနေရာမှ မှန်ခေါင်းကြီးကို ပိုင်းမနေကြသည့် အလုပ်သမားဖင်မဲနှင့်ဝင်းကြည်တို့အား လှမ်းအော်ကာ သတိပေးလိုက်လေသည်။

''ခေါင်းမြင်တိုင်းဝယ်လာတာမဟုတ်ဘူးဆိုတော့ အဲဒီမှန်ခေါင်းကြီးက ဘာမို့လို့လဲဗျ ...အစ်ကိုကြီးရ''

''ဟေ့ကောင် သူကြီး ...အဲဒီမှန်ခေါင်းကြီးက နှယ်နှယ်ရရ အခေါင်းမဟုတ်ဘူးကွ။ မြန်မာရာဇဝင်မှာ အင်းဝဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ပထမမင်းခေါင်ကနေ မင်းခေါင်ရဲ့သားတော် ဆင်ဖြူရှင်၊ သီဟသူ၊ မင်းလှင်ယ–ကလေးကျေးတောင်ညိုနဲ့ မိုးညင်းမင်းတရားကြီးအထိ ဘုရင်ငါးဆက်တိုင်တိုင် မိဖုရားဖြစ်ခဲ့တဲ့ ရှင်ဘို့မယ်ရဲ့ခေါင်း သိရဲ့လား''

''ဗျာ . . . မိဖုရားရှင်ဘို့မယ်ရဲ့ခေါင်း ဟုတ်လား''

''အေး . . . ဟုတ်တယ်၊ ရှင်ဘို့မယ်ရဲ့အလောင်းကို မသင်္ဂြိုဟ်ခင် ခုနစ်ရက်လုံးလုံး ထည့်ထားခဲ့တဲ့ ခေါင်းတလားပဲကွ။ အဲဒီခေါင်းတလားကို ရှမ်းစော်ဘွားကြီး စစ်နိုင်ဝင်းက သူ့ဟော်နန်းရဲ့မြေအောက်ခန်းထဲမှာ သိမ်းဆည်းထားခဲ့ရာက သားစဉ်မြေးဆက် စောင့်ရှောက်ခဲ့ကြတယ်တဲ့။ အခုနောက်ဆုံး စစ်ဟန်တိုးဆို သူ့ရဲ့လက်ထဲကနေ ပွဲစားတစ်ဦး ဆက်ပေးလို့ ငါ ဝယ်လာနိုင်ခဲ့တာ ငါ့ညီရဲ့၊ ငါးထောင်တောင်ပေးခဲ့ရတယ်''

''ဗျာ . . . ငါးထောင်တောင်ပေးခဲ့ရတယ် ဟုတ်လား။ များလှချည်လား အစ်ကိုကြီးရာ''

''မများဘူးကွ၊ ခေါင်းကို စန္ဒကူးသားနဲ့လုပ်ထားပြီး လေးဘက်လေးတန်မှာ မြကျောက်လေးလုံးမြှုပ်ထားတယ် သူကြီးရဲ့။ အဲဒါထက် ရာဇဝင်မြောက်ပစ္စည်းမို့ ပိုတန်ဖိုးရှိတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော ... ဒီလိုမျိုး ခေါင်းတစ်လုံးကို တစ်ထောင်တောင်မတန်တဲ့ဟာကို"

"အေး ... မင်းကတော့ ရှေးဟောင်း ဂန္ထဝင်မြောက် ပစ္စည်းတွေအကြောင်း နားမှမလည်ဘဲကိုးကွ သူကြီးရ။ တကယ်ဆို အဲဒီခေါင်းတလားဟာ တစ်သောင်းမက နှစ်သောင်းမက လည်း တန်တယ်သိရဲ့လား။ ခုဟာက စပ်ဟန်တိုးဆိုတဲ့လူက စိတ်ညစ်ပြီး ပြန်ရောင်းလို့ ဒီဈေးလောက်နဲ့ ရတာမောင်"

"သူက ဘာလို့ စိတ်ညစ်တာလဲ"

"အဲဒီခေါင်းတလားထဲကနေ ပြာသိုလညဘက် သန်းခေါင်ယံကျရင် နန်းဝတ်နန်းစားနဲ့ မိန်းမတစ်ယောက် ထွက်ထွက်လာတာကို သူ့မိသားစုက တွေ့ရတယ်တဲ့။ ပြာသိုလဟာ ရှင်ဘို့မယ် ကွယ်လွန်ခဲ့တဲ့ လမို့လားမသိဘူး ... ရှင်ဘို့မယ်ရဲ့ဝိညာဉ်လို့ သူတို့က ထင်တယ်တဲ့။ အဲဒီဝိညာဉ် ထ,ထလာတာကိုမြင်ရတဲ့ သူ့မိသားစုဟာ ခုနစ်ရက် ခုနစ်လီဖျားလို့ ဆေးမနည်းကုရတယ်တဲ့။ စပ်ဟန်တိုးကိုယ်တိုင်လည်း တစ်ခါမြင်လိုက်ရလို့ ခေါင်းကို ရောင်းထုတ်ဖို့ စီစဉ်ရတာတဲ့ကွ"

"အာ ... အစ်ကိုကြီးဟာက ဟုတ်မှဟုတ်ရဲ့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ...ဟုတ်မဟုတ် ဒီည စမ်းကြည့်ကြမယ်ကွာ။ မင်း အမရပူရမပြန်နဲ့တော့။ ဒီည ငါ့အိမ်မှာအိပ်။ ဒီညသန်းခေါင်ယံမှာ အဲဒီ ရှင်ဘို့မယ်ရဲ့ ခေါင်းတလားကြီးကို စောင့်ကြည့်ကြတာပေါ့ကွာ"

"အာ ... တော်စမ်းပါ အစ်ကိုကြီးရာ။ အခုကြားရတာနဲ့တင် , ကြက်သီးထပါရဲ့"

"ဟား ဟား ဟား ... မင်းက ဝိညာဉ်တွေနဲ့ ဆုံရတဲ့ အရသာကို သိမှမသိဘဲကိုးကွ။ တစ်ခါလောက် မြည်းစမ်းကြည့်ပါလား သူကြီးရဲ့"

"တော်စမ်းပါဗျာ၊ မျှားပြီး အသက်ပါထွက်သွားမှ ဟုတ်သေဖြစ်နေပါ့မယ်"

"ဟား ဟား ဟား ... တယ်လည်း အသည်းငယ်တဲ့ကောင်ကိုး"

ထိုစဉ် စံအိမ်ကြီးထဲမှ အလုပ်သမားများ ပြန်ထွက်လာသဖြင့် သူဌေးကြီးဦးဖေအောင်က လုပ်အားခများနှင့် ကားခကျန်ငွေတို့ကို ရှင်းပေးလိုက်ရလေသည်။

ဦးအောင်သိန်း (ခေါ်) သူကြီးသည် သူ့အစ်ကိုကို စိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးစွာ ကြည့်နေ၏။

အလုပ်သမားများ လော်ရီကားပေါ်တက်ပြီး ထွက်သွားမှ သူသိလိုရာကို မေးလိုက်လေသည်။

"အစ်ကိုကြီး ... အရင်တုန်းက ဝိညာဉ်တွေဘာတွေ စိတ်မဝင်စားပါဘူး။ ခုမှ ဘယ်လိုဖြစ်ပြီး စိတ်ဝင်စားလာရတာလဲ ဗျ"

"ကဲ ကဲ ... လာ အိမ်ထဲဝင်ကြမယ်။ အိမ်ပေါ်ထပ်ကို လိုက်ခဲ့။ မင်းကို အေးအေးဆေးဆေးရှင်းပြမယ်"

ခေါင်းတလားကြီးရှိရာ စံအိမ်ကြီး၏အပေါ်ထပ်သို့ မလိုက်လိုသော်လည်း ငယ်စဉ်ကတည်းက ချစ်ကြောက်ရိုသေခဲ့ရသည့် အစ်ကိုဖြစ်သူအား မဆန့်ကျင်ဝံ့လေရာ ဦးအောင်သိန်းမှာ ခပ်ရှုံ့ရှုံ့ဖြင့် လိုက်ပါသွားရတော့သည်။

အိမ်ထောင်ထိန်းဒေါ်ဥနှင့်အိမ်စေမလေးများမှာ သူမတို့၏သခင် အိမ်ကြီးရှင်သူဌေးကြီး၏လုပ်ရပ်အတွက် စိတ်မသက်မသာ ဖြစ်နေကြဟန်ဖြင့် မျက်စိမျက်နှာပျက်နေကြသည်ကို ဦးအောင်သိန်း ရိပ်မိသဖြင့် မသိမသာ သက်ပြင်းချမိပါသည်။

သူဌေးကြီးဦးဖေအောင်ကမူ ဘာမှ မဖြစ်ဟန်ဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိသည့်အခိုက် အိမ်ထောင်ထိန်းသိမ်းရာ၌ အဆင်ပြေမပြေ ဆေါ်ဥကို အတန်ကြာမေးမြန်းပြီးနောက် ဒေါ်ဥ ခန့်ထားသည့် အိမ်စေမလေးများကို လစာတိုးပေးမည်ဖြစ်ကြောင်း အားပေး စကားပြောကာ ခပ်ပြုံးပြုံးအမူအရာဖြင့် ကွန်းလှေကားကြီးမှ တက်သွားရာ ဦးအောင်သိန်းမှာလည်း ခပ်ကုပ်ကုပ်ဖြင့် အိမ် ဆေါ်ထပ်သို့ လိုက်တက်ရလေသည်။

ဒေါ်ဥသည် သူဌေးကြီးကတော် ဒေါ်ထားယုံရှိစဉ် ကတည်းက ဤ ယွန်းရွှေရည်စံအိမ်ကြီး၏ အိမ်ထောင်ထိန်း တာဝန်ကို သစ္စာရှိစွာ ထမ်းရွက်လာသူမို့ သူဌေးကြီးလင်မယား၏ ယုံတော်လည်းဖြစ်ရာ ဒေါ်ထားယုံမရှိသည့် နောက်မှာလည်း ဤစံအိမ်ကြီး၏ကိစ္စအဝဝကို ဆက်လက်တာဝန်ယူထားရသူ အပျိုကြီးတစ်ဦးဖြစ်လေသည်။

"ဟဲ့ ထားခင်နဲ့လုနု ... ငါတို့ရဲ့သခင်ကြီးက သဘော ကောင်းမဲ့တယ်အေ့၊ ညည်းတို့ကို ကျူပ်ပေးထားတဲ့ လစာ ဆက်တောင် တိုးပေးဦးမတဲ့၊ တွေ့လား"

"ဟုတ် ... ဟုတ်တော့ဟုတ်ပါတယ် ဒေါ်လေးရယ်။ ဒါ ... ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... ဘာဖြစ်သလဲဟဲ့"

"ဟို ဟို ... စောစောက အိမ်ပေါ်ထပ်ကိုတင်သွားတဲ့ အခေါင်းကြီးနဲ့ အရိုးခေါင်းကြီးက ကြောက်စရာကြီး"

"ဟုတ် ... ဟုတ်တယ်။ လှနုလည်း ကြောက်တယ်"

"ကြောက်မနေကြနဲ့၊ အဲဒီအခေါင်းကြီးနဲ့ အရိုးခေါင်းကြီးကို နင်တို့ ဖုံတက်သုတ်ပေးကြရမှာ"

"အမယ်လေး ... အဲဒါဆိုရင်တော့ မဖြစ်ဘူး၊ ထားခင် အ ... အလုပ်ထွက်မယ်"

"ဟဲ့ ... အဲဒီလို နင်တို့အလုပ်ထွက်ချင်တိုင်း ထွက်လို့ ရမလား။ ရွှေစာရံက နင်တို့အမေတွေကို နင်တို့ရဲ့တစ်နှစ်စာ လုပ်ခ ကြိုပေးထားပြီးသား။ နင်တို့ အဲဒီငွေတွေရဲ့နှစ်ဆ ပြန်မ လျော်နိုင်ဘဲ အလုပ်ထွက်လို့မရဘူး"

ဒေါ်ဥက သဟောက်သဟဲလုပ်လိုက်ရာ ရွှေစာရံရွာသူ အပျိုပေါက်မလေးနှစ်ဦးမှာ ငိုမဲ့မဲ့ဖြစ်သွားကြရှာတော့၏။

ထိုအခါမှ ဒေါ်ဥက ပြုံးလိုက်ပြီး –

"အလကားပါအေ ညည်းတို့ကို စတာပါ။ အဲဒါကြီးတွေ ရှိနေတဲ့အိမ်ပေါ်ထပ်ကို ညည်းတို့မတက်ရပါဘူး။ အိမ်ပေါ်ထပ်က



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှန်သမျှ ကျုပ်ပဲ တာဝန်ယူပြီးလုပ်မှာပါ''

ဟုပြောလိုက်ရာ ထားခင်နှင့်လှနုတို့လည်း အတော် စိတ်သက်သာရာ ရသွားကြဟန်ဖြင့် တော်ပါသေးရဲ့ဟု ခပ်တိုးတိုး ပြောလိုက်ကြရှာလေသည်။

''ဒေါ်လေးရော အဲဒီအရိုးခေါင်းကြီးနဲ့ အခေါင်းကြီးကို မကြောက်ဘူးလားဟင်၊ ဟို ... သစ်သားအရုပ်မည်းမည်းကြီး လည်း ပါသေးတယ်''

''ကြောက်တာပေါ့ လှနုရယ်။ ဒါပေမဲ့ သခင်ကြီးက ခိုင်းစရာရှိလို့ အိမ်ပေါ်ထပ်တက်လာဖို့ခေါ်ရင် သွားရမှာပဲ။ အဲဒီ ဟာကြီးတွေကို ဖုန်သုတ်ဆိုရင်လည်း သုတ်ရမှာပဲ၊ သူ့ဆန်စားမှ တော့ ရဲရတော့မှာပေါ့အေ''

''အင်း ... သခင်ကြီးက အဲဒီအရိုးခေါင်းကြီးနဲ့ ခေါင်း ကြီးကို ဘာဖြစ်လို့ အိမ်ကိုယူလာရသလဲ မသိဘူးနော်။ ထားခင် တို့ရွာမလေ့မှာဆိုရင် သင်္ချိုင်းကပစ္စည်းကို ရွာထဲမယူရဘူး ဒေါ်လေးရဲ့။ ရွာနာတတ်တယ်တဲ့''

''သိပါဘူးအေ၊ အရင်တော့ သခင်ကြီး ဒီလိုမျိုး မဟုတ် တာတ်အလုပ်တွေ တစ်ခါမှ မလုပ်ဖူးပါဘူး။ အင်မတန်မှ သည်



www.burmeseclassic.com

www.burmeseclassic.com



တည်တံ့တံ့နေပြီး စီးပွားရေးပဲ ဖောက်ချလုပ်တတ်သူပါအေ။ မယားသေပြီးမှ ဘယ်လိုဖြစ်တယ် မသိပါဘူး၊ စီးပွားရေးလုပ်ငန်းကို ပစ်ထားပြီး ထွက်သွားလား ထွက်သွားရဲ့၊ ဟော ပြန်လာတော့လည်း မထော်မနမ်း ပစ္စည်းတွေယူလာလား ယူလာရဲ့၊ ဟွန်း ခက်ပါတယ်အေ"

ယင်းအချိန်ဖယ် ယွန်းရွှေရည်စံအိမ်ကြီး၏ အိမ်ပေါ်ထပ်၌ သူဌေးကြီးဦးဖေအောင်က မှန်ခေါင်းကြီးကို လက်ချောင်းလေးများဖြင့် တယုတယပွတ်သပ်ရင်း ညီဖြစ်သူကို လေသံအေးအေးဖြင့် ရှင်းပြလျက်ရှိလေသည်။

"ငါ့ညီသူကြီး မင်းအစ်မဆုံးသွားတော့ ငါ့စိတ် တအားထိခိုက်သွားရတယ်ကွာ။ မထားယုံဟာ ငါ့ရဲ့ယော်ချစ် အင်မတန်မြတ်နိုးစရာကောင်းတဲ့ ဇနီးလိမ္မာလေးကွ။ သူ့ကိုငါ တအားချစ်တယ်။ ငါတို့မှာ သားသမီးလည်းမထွန်းကားတော့ အိမ်ထောင်သက် နှစ်ပေါင်းသုံးဆယ်လုံးလုံး ငါ့ရဲ့အချစ်တွေ၊ မေတ္တာတွေ၊ အကြင်နာတွေ၊ သံယောဇဉ်တွေဟာ သူ့အပေါ်မှာပဲ စုပုံနေတာပေါ့ကွာ။ သူကလည်း ငါ့ကို အင်မတန်မှ ချစ်ရှာတယ် ...၊

အဲဒီလိုချစ်ခင်တွယ်တာနေရာက နှလုံးလေရိုက်ပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကွယ်လွန်သွားတော့ ငါ့မှာ ဘယ်လိုမှဖြေမဆည် နိုင်ခဲ့ဘူးကွ သူကြီးရ . . .၊

ဒီစံအိမ်ကြီးထဲမှာ သူ နေထိုင်သွားလာခဲ့တာတွေကို မိနစ်စက္ကန့်နဲ့အမျှ ပြန်မြင်ယောင်ပြီး သတိရလေ ငါ နေမထိ ထိုင်မသာခံစားရလေပဲ ငါ့ညီရဲ့''

ပြောရင်း ဦးဖေအောင်၏မျက်နှာက ညှိုးလျှလို့သွား သည်။ ဦးအောင်သိန်းက အစ်ကိုဖြစ်သူကို ကရုဏာသက်စွာ ငေးကြည့်နေမိတော့၏။

''ဟုတ်ပါတယ်၊ အစ်ကိုကြီး ဘယ်လောက်ခံစားရသလဲ ဆိုတာ ကျွန်တော်တို့သိပါတယ်''

''အေးကွာ . . . ကြာတော့ ငါမခံစားနိုင်တော့ဘူး။ ဒါ ကြောင့် သူကျင်လည်ခဲ့ရာ ဒီစံအိမ်ကြီးနဲ့ ဝေးရာဆီ ငါထွက်သွား ခဲ့တယ် . . .၊

စိတ်ပြေလက်ပျောက် လျှောက်သွားရင်း ယောနယ် ရောက်သွားတဲ့အခါ ဂိုဏ်းဆရာကြီးဦးအုန်းခိုင်နဲ့ ဆုံခဲ့ရတယ်။ ဒါတည်းခိုနေတဲ့ဘုန်းတော်ကြီးကျောင်းမှာ နယ်လှည့်ပြီး ပယော ဂ နေတဲ့ဂိုဏ်းဆရာကြီး ဦးအုန်းခိုင်က လာတည်းရင်း တစ်ဦးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး အတော်ရှင်းနှီးသွားခဲ့တယ် သူကြီးရဲ့ …။

အဲဒီမှာ စုန်းတိုက်၊ နတ်တိုက်၊ ပယောဂပူးတာတွေကို သူ့ရဲ့အထက်ဂိုဏ်းပညာနဲ့ ကုသတာ၊ အစွဲချွတ်တာတွေကို အနီးကပ် ဒိဋ္ဌိဝမ္မတွေ့ရတော့ အတော်အံ့သြခဲ့ရတယ် …။

သူက အတော်အစွမ်းထက်တဲ့ဆရာကြီးပဲကွ။ ဝိညာဉ်တွေကို သူခေါ်နိုင်တယ်၊ နိုင်းစေနိုင်တယ်။ ငါလည်း သူလုပ်တာကိုင်တာတွေကြည့်ပြီး သူ့ပညာကို မယုံဘဲ အထင်မကြီးဘဲ မနေနိုင်တော့ဘူး …။

အဲဒီမှာ သူ အလုပ်အားတဲ့တစ်နေ့၊ ငါ့ရဲ့ဇနီးမထားယုံရဲ့ ဝိညာဉ်ကိုခေါ်ပေးဖို့ သူ့ကို တောင်းဆိုလိုက်တယ် …။

သူလည်း ထုံးစံအတိုင်း ဘုရားဝတ်ပြု၊ အုန်းငှက်ပျောပွဲမှာ အင်းဖယောင်းတိုင်ထွန်းပြီး ရွတ်ဖတ်စရာရှိတာ ရွတ်ဖတ်သရဇ္ဈာယ်တယ်။ ပြီးတော့ ဝိညာဉ်သွင်းဖို့ ရွာထဲကခေါ်ထားတဲ့ မိန်းကလေးရဲ့ကိုယ်ထဲ မထားယုံရဲ့ဝိညာဉ်ကိုသွင်းဖို့ ကြိုးစားတယ်။ ဒါပေမဲ့ … ဘယ်လိုမှ သွင်းလို့မရဘူး …။

ဒါနဲ့ အင်းဖယောင်းတိုင်ကို သူစိုက်ကြည့်ပြီးနောက် မျက်စိမှိတ် အာရုံခံတယ်။ ခဏအကြာမှာတော့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာပြီး သူက ပြောတယ်။ ခင်ဗျားရဲ့ဇနီးဟာ ပရလောကမှာ မရှိတော့ဘူးတဲ့။ ကျွတ်လွတ်သွားပြီး ကောင်းရာဘုံဌာနဆီ ရောက်သွားပြီတဲ့။ ဒါကြောင့် သူ့ရဲ့ဝိညာဉ်ကို ခေါ်လို့မရတာလို့ ပြောတယ် ...။

ဘာပဲဖြစ်ဖြစ် စိတ်သဘောထားနူးညံ့ပြီး ဘာသာတရားကိုင်းရှိုင်းတဲ့ ငါ့ရဲ့ချစ်ဇနီး ကျွတ်လွတ်ပြီး ကောင်းရာဘုံရောက်သွားတယ်ဆိုတော့ ငါဝမ်းသာတယ် ...။

အဲဒီကစပြီး အထက်ဂိုဏ်းပညာနဲ့ ပရလောက ဝိညာဉ်ဆိုတာတွေကို ငါ စိတ်ဝင်စားလာတယ် ...။

ဒါပေမဲ့ ...ငါက သူ့လိုမကျွမ်းကျင်နိုင်တော့ သူ့လို အထက်ဂိုဏ်းဆရာလုပ်ဖို့ မရည်ရွယ်ပါဘူး။ သူကလည်း ငါ့စိတ်ကို သိတယ်။ သူက ငါ့ကိုခင်တဲ့အတွက် သူ့ဂိုဏ်းထဲဝင်ဖို့ မဆွယ်ဘဲ စုန်းတိုက်၊ နတ်တိုက်ရန်က ကာကွယ်နိုင်ဖို့ ပရလောက ဝိညာဉ်တွေရဲ့နှောင့်ယှက်ဒုက္ခပေးတဲ့ရန်တွေကို ကာကွယ်နိုင်စေဖို့ စီမံပေးတယ်၊ သူတို့ဂိုဏ်းတော်ရဲ့ထိပ်ခေါင် သံဝိဇ္ဇာကြီး ဘိုးတော် သံဝရမာလာကို တိုင်တည်လို့ ငါ့ရဲ့ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို အပ်နှံစေတယ်။ ပြီးတော့ သူတို့ဂိုဏ်းရဲ့ဆေးတော်ကြီးနဲ့ ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နဖူးထိပ်၊ လည်ကုပ်၊ ဝဲလက်ဖျံ၊ ညာလက်ဖျံတွေမှာ ဆေးပေါက်ပေးတယ်။ ဒီမှာကြည့်''

ဦးဖေအောင်က သူ၏ဆံပင်တို့ကို ဦးခေါင်းပေါ်သို့ လှန်ကာ နဖူးထိပ်မှ ဆေးမင်စက်ကိုပြသည်။ လည်ကုပ်မှ ဆေးမင်းစက်ကိုပြသည်။ ဝဲလက်ဖျံ၊ ယာလက်ဖျံတို့မှ ဆေးမင်စက်တို့ကို ပြသည်။

"အဲဒီလို ဆေးပေါက်ပေးလိုက်တော့ ဘာစွမ်းသလဲ အစ်ကိုကြီး''

"ပြောပြီးပြီလေ၊ ငါ့ကို ဘယ်စုန်းကဝေ ဆယ့်နှစ်ကြိုး အောက်လမ်းဆရာ၊ ဘယ်ရွာသူကမှ နှောင့်ယှက်လို့မရတော့ဘူး။ ဘယ်ပရလောကသားဝိညာဉ်သရဲကမှ ငါ့ကို ဒုက္ခပေးလို့မရတော့ဘူး။ သူတို့တွေကို ငါကြောက်စရာ၊ မှုစရာမလိုတော့ဘူး ဒါပဲ''

ဦးအောင်သိန်းကမူ သူ့အစ်ကို၏စကားကို ယုံရခက်ခက် ဖြစ်နေပြီး အစ်ကိုဖြစ်သူမှာ ကွယ်လွန်သွားသည့်ဇနီးကို အစွဲလမ်းကြီး စွဲလမ်းပြီး စိတ်ဂယောက်ဂယက်ဖြစ်ကာ စံလွဲလူသားများ ဖြစ်နေပြီလားဟု တွေးနေမိလေ၏။

ဦးဖေအောင်က သူ့ညီ၏စိတ်အတွေးကို ရိပ်စားမိသွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်မြင်း ပါးစောင်တွင်ခဲထားသော ဒန်းဟောလ်ဆေးတံကြီးကို လက်ယာလက်ဖြင့် ဆွဲချွတ်လိုက်ပြီးနောက် ဦးအောင်သိန်း၏ မျက်နှာကို စေ့စေ့ကြည့်ကာ လေသံမာမာဖြင့် မေးလေသည်။

"ဘာလဲ ... မင်းက ငါပြောတာကို မယုံဘူးလား ... သူကြီး"

"အဲ ... မှန်တာပြောရရင် ယုံရခက်ခက်ဖြစ်နေတာတော့ အမှန်ပဲ အစ်ကိုကြီး။ ဒါထက် အစ်ကိုကြီးကို တစ်ခုမေးချင်တယ်"

"မေးလေ"

"အစ်ကိုကြီးကိုယ်တိုင် ဝိညာဉ်ကို မြင်ဖူးလား၊ ပရလောကသားတွေနဲ့ ဆက်သွယ်ဖူးသလား၊ သူတို့နဲ့ စကားပြောဖူးသလား"

"ဟင့်အင်း ... ဝိညာဉ်ကို ငါကိုယ်တိုင် မမြင်ဖူးသေးဘူး။ ဆက်လည်း မဆက်သွယ်ဖူးဘူး။ စကားလည်း မပြောဖူးဘူး။ ဒါပေမဲ့ ဝိညာဉ်ရှိတယ်ဆိုတာတော့ ငါယုံတယ်။ ငါ့ရဲ့ဆရာ့ကိုထား ဆရာကြီး ဦးအုန်းခိုင် သူတစ်ပါးရဲ့ကိုယ်ထဲ ဝိညာဉ်ခေါ်သွင်းတာ ဝိညာဉ်နဲ့ စကားပြောတာတွေတော့ တွေ့ဖူးတာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ အစ်ကိုကြီးကလည်း"

"ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ဂိုဏ်းဆရာကြီး ဦးအုန်းခိုင်ကို ငါ ယုံတယ်။ ဝိညာဉ်လောက ပရလောကသားတွေ ရှိတယ်ဆိုတာ ငါယုံတယ်။ သူတို့ ငါ့ကို ဒုက္ခမပေးနိုင်ဘူးဆိုတာကို ငါယုံတယ်။ ဒါကြောင့် သူတို့ကို ငါမကြောက်ဘူး။ သူတို့ကို ငါစိတ်ဝင်စား တယ်။ ငါ့ကို ဘာမှမလုပ်နိုင်တဲ့သူတို့ကို ငါ့အစွမ်းနဲ့ ဆက်သွယ် ကြည့်ချင်တယ်။ ဒါကြောင့် သူတို့နဲ့ပတ်သက်တဲ့ ပစ္စည်းပစ္စယ တွေကို ငါရှာဖွေစုဆောင်းဖို့ ကြိုးစားကြည့်တယ် . . .၊

ဆရာကြီးဦးအုန်းခိုင် ယောနယ်ကထွက်သွားပြီးတဲ့ နောက် ငါလည်းရှမ်းပြည်တက်ရာက ဒီလိုပစ္စည်းတွေရခဲ့တာပဲ။ တစ္ဆေ သရဲပူးကပ်နေတယ်ဆိုတဲ့ပစ္စည်းတွေ၊ သူတစ်ပါး မထိ မကိုင်ရဲတဲ့ ပစ္စည်းတွေ၊ ခိုက်ပါတယ်ဆိုတဲ့ အိမ်တွေ မြေတွေကို ငါဝယ်ယူစုဆောင်းမယ်၊ ဒါမှ သူတို့နဲ့ငါ တိုက်ရိုက်ဆက်သွယ်ခွင့် ရမှာလေ၊ ငါက အထက်ဂိုဏ်းဆရာမဟုတ်တဲ့အတွက် သူတို့ကို မတိုက်ခိုက် မချေမှုန်းဘူး၊ အနိုင်မယူဘူး။ ငါက သူတို့ကို စိတ်ဝင်စားယုံသက်သက်ပဲ"

ဦးအောင်သိန်းက သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီလေ ဒါဆို အစ်ကိုကြီးက ဝိညာဉ်လောက သားတွေနဲ့ ဆက်သွယ်နိုင်တော့မှာပေါ့ ဟုတ်လား။ ဒီခေါင်း တလားကြီးထဲကနေ ညဥ့်သန်းခေါင်ယံကျရင် မိန်းမတစ်ယောက် ထွက်,ထွက်လာတယ်ဆို။ သူဟာ ပရလောကသား ဝိညာဉ်ပဲ ပေါ့။ သူ့ကို အစ်ကိုကြီး မကြာခင် ကိုယ်တိုင်ထိတွေ့ မြင်ခွင့်ရ တော့မှာပေါ့ ဟုတ်လား"

ဦးဖေအောင်က ကျေနပ်စွာပြုံးလိုက်သည်။

"အေး ... ဒီနေ့ဟာ ပြာသိုလဆန်း (၁) ရက်နေ့ပဲကွ။ ဒီခေါင်းတလားထဲက ဝိညာဉ်ဟာ ပြာသိုလရဲ့ ညဥ့်သန်းခေါင်းယံ တွေမှာမှ ခေါင်းတလားထဲက ထွက်ထွက်လာတာတဲ့။ ဒါကြောင့် သူနဲ့ငါ ကြုံချင်လို့။ ဒီနေ့ပဲ မန္တလေးအရောက် ပြန်ခဲ့တာကွ။ ဟိုတယ်တွေမှာက ဒီခေါင်းတလားကြီးကို လက်မခံကြဘူး။ လမ်း မှာလည်း အဆင်မပြေဘူး။ ငါကလည်း စမ်းချင်လှပြီ။ ဒါကြောင့် အိမ်ကို တန်းပြန်ပြီး သယ်လာခဲ့တာပဲ။ ဒါပေမဲ့ သူက ပြာသိုလရဲ့ ညတိုင်းတော့မထွက်ဘူး။ လသီပ်မိုက်တဲ့ရက်တွေနဲ့ လသာရက် တွေမှာမှ ထွက်တတ်တယ်လို့ ဒီခေါင်းတလားရဲ့ပိုင်ရှင် စပ်ဖနီ တိုးက ပြောလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ငါကတော့ သူ့ကို ညတိုင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်မှာပဲ။ မင်းလည်း ဒီည ဒီမှာပဲအိပ်ပါလား။ ဒီ ခေါင်းတလားထဲက ဝိညာဉ် ဘယ်လိုထွက်လာသလဲလို့ စောင့်ကြည့်ကြရအောင်လေ"

"အာ ... တော်ပါ အစ်ကိုကြီးရာ။ ရက်ကန်းစင်က စာရင်းချုပ်တွေအပ်ပြီးရင် ဒီညနေပဲ အမရပူရကို ပြန်ပါရစေ"

"ဟဲ ဟဲ ဟဲ ... မင်းက မယုံသလို လုပ်နေလို့ လက်တွေ့ပြချင်လို့ပါ သူကြီးရဲ့။ ကဲပါ ... မင်း ပြန်ချင်လည်းပြန် စာရင်းချုပ်လည်း ငါမကြည့်အားသေးဘူး။ စိတ်မဝင်စားဘူး မင်းပဲ ပြန်ယူသွား"

"ကောင်းပါပြီ အစ်ကိုကြီး၊ ဒါထက် ... ဒီအရိုးခေါင်းကြီးကရော ဝိညာဉ်ပူးကပ်နေတဲ့ အရိုးခေါင်းကြီးပဲလား။ လူ့အရိုးခေါင်းမှ ဟုတ်ရဲ့လား။ တော်တော်ကြီးတာပဲ"

ခေါင်းတလားဘေးမှ စားပွဲပုလေးပေါ် အကျအနတင်ထားသည့် လူ့အရိုးခေါင်းထက် နှစ်ဆမျှကြီးသော အရိုးခေါင်းကြီးကို ဦးအောင်သိန်းက မေးဆတ်ပြကာ မေးလေသည်။

"ဒါ ... ငါ ကချင်ဒေသ အစွန်အဖျား ရေခဲတောင်တန်းတွေဘက်ရောက်တုန်းက ရခဲ့တာကွ။ တိဗက်လူမျိုးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ဦးခေါင်းခွံပဲ။ အသက် (၃၀) အရွယ်မှာ သူသေခဲ့တယ်။ လူက ပုသလောက် သူ့ခေါင်းက အခြားလူတွေထက် အများကြီး ကြီးတယ်၊ တိဗက်လုံမပျိုတစ်ယောက်ကို သူနဲ့ သူ့ရဲ့ပြိုင်ဘက်တို့ အပြိုင်ပိုးပန်းရင်း ပဋိပက္ခဖြစ်ရာက ဓားချင်းယှဉ်အခုတ်မှာ သူ ခေါင်းပြတ်ပြီး သေခဲ့ရတာတဲ့၊ သူ့ရဲ့ခေါင်းပြတ်ကို ရွာအပြင်က သချိုင်းဟောင်းမှာရှိတဲ့ ကျောက်တုံးတစ်တုံးရဲ့အပေါ်မှာ တင် ထားခဲ့ကြတယ် . . . ၊

ည,ညဆို အဲဒီခေါင်းပြတ်ကနေ အော်သံတွေ ညည်း သံတွေကြားရတယ်လို့ ဆိုတယ်။ ဘယ်သူမှ အဲဒီသချိုင်းဟောင်း ဘက် မသွားဝံ့ကြဘူး။ ခေါင်းပြတ်က အရိုးကျသွားပြီးတဲ့နောက် မှာတော့ မအော်မညည်းတော့ဘူးတဲ့။ ဒါပေမဲ့ နှင်းအရမ်းကျတဲ့ည များမှာဆိုရင် အဲဒီအရိုးခေါင်းကနေ လူရိပ်တစ်ခု ထွက်လာတယ် လို့ ပြောကြတယ်၊ ငါ အဲဒီတိဗက်ရွာရောက်တော့ အဲဒီသတင်း သိရတာနဲ့ စိတ်ဝင်စားပြီး ရွာလူကြီးဆီ ခွင့်တောင်းခဲ့တယ်။ ဒီအရိုးခေါင်းကို ဝယ်ခွင့်ပြုဖို့ပေါ့။ ရွာလူကြီးက မရောင်းပါဘူး။ သူတို့ ရွာသူရွာသားတွေ စိတ်အနှောင့်အယှက်ဖြစ်လွန်းလို့တဲ့ သူချင် အလကားယူသွားပါဆိုတာနဲ့ ယူလာခဲ့တာကွ။ အရိုး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရဲ့ထူးခြားချက်က သူ့ကိုမြေမြှုပ်ရင် နောက်နေ့ကျ မြေပေါ် ပြန်ပေါ်နေရောတဲ့။ သူ့ကို မြေမြှုပ်တဲ့လူကတော့ သုံးလေးရက် အတွင်း ခြေထောက်ဆူးစူးပြီး ငန်းဖမ်းလို့ဖြစ်ဖြစ်၊ နှင်းတောင် တန်းမှာ ကတိုးကောင်လိုက်ရင်း ဆီးနှင်းတောင်ပြိုကျရာ ပါသွား လို့ဖြစ်ဖြစ် အသေဆိုးနဲ့ သေရတာပဲတဲ့။ ဒါကြောင့် သူ့ကို ဘယ် သူမှ မဖျောက်ဖျက်ရဲကြဘူးတဲ့၊ ငါ့ညီရဲ့''

သူကြီး (ခ) ဦးအောင်သိန်းက သက်ပြင်းရှိုက်လိုက်လေ သည်။

''ဒါနဲ့များ အစ်ကိုကြီးရယ် ... ဒီလောက် အန္တရာယ် များတဲ့ အရိုးခေါင်းကြီးကို ယူလာရတယ်လို့''

''ဟင်း ဟင်း ဟင်း ... သူက သူများကိုသာ လုပ်နိုင် တာ။ ငါ့ကိုတော့ ဘာမှမလုပ်နိုင်ဘူးလေကွာ။ ငါက သူ့ကို သိပ်စိတ်ဝင်စားတယ်။ ဒါကြောင့် အိမ်အထိ တကူးတက သယ် လာခဲ့တာပေါ့''

ဦးအောင်သိန်းတစ်ယောက် သက်ပြင်းခိုးရှိုက်မိပြ သည်။ ထို့နောက် သူက ပြတင်းပေါက်တစ်ပေါက်အနီးရှိ ကြမ်း ပြင်ပေါ်တွင် ထောင်ထားသည့် မည်းနက်နေသည့်ရုပ်တုကို

www.burmeseclassic.com

www.burmeseclassic.com



သက်ညှိုးညွှန်ပြပြီး မေးပြန်သည်။

"အဲဒီအရုပ်ကြီးကရော ဘာအရုပ်ကြီးလဲ အစ်ကိုကြီး။ ကြည့်ရတာ ကျက်သရေမရှိလိုက်တာဗျာ။ ကြောက်စရာကြီး"

"အဲဒီရုပ်တုက သစ်ကနက်သားနဲ့ ထုလုပ်ထားတာကွ။ အိန္ဒိယနဲ့မြန်မာနယ်စပ် အာသံနယ်ဘက် တောနက်ထဲမှာရှိတဲ့ ဘုလားဘုရားကျောင်းပျက်ထဲကနေ ချင်းမုဆိုးတစ်ယောက် ရလာတာတဲ့၊ ငါ ကလေးမြို့ရောက်တော့ မန္တလေးဆင်းပြီး ငါ့ ဆီက ပိုးချိတ်ထည်တွေ ဖောက်သယ်ယူတတ်တဲ့ ကုန်သည်တော ကိုးကန်းလို့ခေါ်တဲ့ လှမျိုးမြင့်ရဲ့အိမ်မှာ အဲဒီရုပ်တုကို တွေ့ရတာ ပဲ။ သူက အခြားထူးထူးခြားခြားတော့ မရှိဘူး။ သူ့ကို ညဘက်မှာ မြောက်အရပ်ဘက်မျက်နှာမူပြီးထားရင် မနက်ကျ သူက အနောက်အရပ်ဘက်မျက်နှာမူပြီး ရပ်နေတတ်တယ်တဲ့ ...၊

လှမျိုးမြင့်က အမျိုးမျိုးစမ်းကြည့်တယ်တဲ့။ ရုပ်တုက ညဘက်ကျရင် ၄၅ ဒီကရီ လည်လည်သွားတာအမှန်ပဲတဲ့။ သူက သည်း ထူးဆန်းတာကို စိတ်ဝင်စားတဲ့သူ။ ဒါပေမဲ့ သူ့မိန်းမက အဲဒီရုပ်တုကို တစ်နေ့တခြားကြောက်လာတာနဲ့။ တစ်နေ့ရာရာမှာ သွားစွန့်ပစ်ဖို့ချည်းပဲ နားပူနားဆာလုပ်နေသတဲ့၊ အဲဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



ငါရောက်သွားတော့ စိတ်ဝင်စားတာနဲ့ အတော်ပဲဖြစ်သွားတယ်။ သူ့ဆီကနေ နှစ်ရာနဲ့ *ဝယ်လာခဲ့လိုက်တယ်*"

ဦးအောင်သိန်းက နေ့အလင်းရောင်ကို ကျောပေးကာ ရပ်နေသည့် သုံးပေခန့်မြင့်သည့် ရုပ်တုမည်းမည်းကို သေသေချာချာကြည့်လိုက်သည်။

ရုပ်တုက ကုလားအဘိုးအိုတစ်ယောက်နှင့် တူနေ၏။ ဆံပင်ဖိုးရိုးဖားလျား လိန်ကောက်ကောက်တို့က ဂုတ်ပေါ်ဝဲကျနေကြသည်။ မျက်တွင်းက အတော်ချိုင့်ပြီး ထိုအချိုင့်တို့အတွင်းမှ မျက်လုံးနက်နက်လေးများက မြွေဟောက်မျက်လုံးတို့နှယ် နက်ပြောင်လျက် သူ့ကိုစိုက်ကြည့်နေသည့်အသွင် ရှိလေသည်။

မျက်ခုံးတို့က ထူထဲမို့မောက်ကာ နှာခေါင်းချွန်လျက် ပါးတို့ကချိုင့်ခွက်ပြီး နှုတ်ခမ်းမွေးထူထူအောက်မှ သွားတို့ဖြီးပြနေဟန်က ရယ်ပြနေသလိုလို၊ သွားဖြီးပြနေသလိုလို ကျက်သရေမဲ့လှသည်။ ရှည်လျားသည့် မုတ်ဆိတ်မွေးတို့ ပေါက်ရောက်လျက်ရှိသော မေးက ရှေ့သို့ ချွန်ငေါထွက်နေသေး၏။

နံရိုးအပြိုင်းပြိုင်းနှင့် ထိုရုပ်တုက ခါးအောက်ပိုင်း၌ပိတ်ကိုဝတ်ထားပြီး ပဝါတစ်စကို ပခုံးတစ်ဖက်၌ ခြုံထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ယာဘက်တံတောင်က နံဝယ်ကပ်ထားပြီး ချွန်မြရှည်လျားသည့် လက်ညှိုးက ရှေ့သို့ထိုးထားကာ လက်ဝဲသက်ကို ခန္ဓာကိုယ်နံဘေး၌ ခပ်ကွေးကွေးချထားလျက် လက်ချောင်းငါးချောင်းက ခပ်ကားကားကွေးကွေးကောက်ကောက်ဖြစ်နေသည်။

အနှီရုပ်တုမည်းမည်း၏ဟန်က ရန်တွေ့နေသလိုလို သတိပေးနေသလိုလို၊ ခြုံငုံကြည့်လျှင် ကြောက်မက်ဖွယ် အမူအရာ ဟန်ပန်မျိုးဖြစ်နေ၏။ ဦးအောင်သိန်းက သက်ပြင်းချကာ ခေါင်းကို မသိမသာယမ်းလိုက်မိသည်။

"ကဲ အစ်ကိုကြီး ...ကျွန်တော် အမရပူရပြန်တော့မယ်။ နှစ်ချုပ်စာရင်းကို ပြန်ယူသွားမယ်။ အစ်ကိုကြီးလည်း ဆက်ကန်းရုံတွေဆီ လာခဲ့ပါဦး"

"အေး ... ဒါထက် မင်း ဒီည ဒီခေါင်းတလားကြီးကို စောင့်မကြည့်တော့ဘူးလား"

"တော်ပါ အစ်ကိုကြီးရာ"

"ဟား ဟား ဟား"

* * *



www.burmeseclassic.com

www.burmeseclassic.com

# သရဲမွေးသူ

ယင်းအချိန်မှစ၍ ယွန်းရွှေရည် လွန်းတစ်ရာပိုးချိတ်ထည် လုပ်ငန်းရှင် သူဌေးကြီးဦးဖေအောင်မှာ လူကို ဒုက္ခပေးတတ်သည်၊ နိုက်သည်ဟုယူဆကာ လူတို့လက်ဝယ် မထားလိုသည့် အရာဝတ္ထုဆန်းများ၊ သရဲခြောက်သည်ဆိုသော အိမ်၊ ကျတ်တို့ မြူးသည်ဟူ၍ ကျော်ကြားသော လူမနေရဲသည့် မြေတို့ကို ခပ်ချောင်ချောင်ဈေးဖြင့် ဝယ်ယူတတ်သူအဖြစ် မန္တလေးမြို့ဝယ် ကျော်ကြားလာတော့၏။

သူ၏စံအိမ်ကြီးသို့လည်း ထိုပစ္စည်းများ လာရောက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချသူတို့ ရောက် ရောက်လာကြရာ တစ်နှစ်ခန့်အကြာဝယ် ယွန်းရွှေရည်စံအိမ်ကြီး၏ အိမ်ပေါ်ထပ်ရှိ အထူးဧည့်ခန်းဆောင် ဟော (Hall) ကြီးဝယ် စိတ္တဇဆန်ဆန် ကြောက်မက်ဖွယ် ပန်းချီကားများ၊ ဓားအိမ်ထဲမှ ဓားကိုချွတ်လိုက်သည်နှင့် လူ့သွေးသောက်ရမှ ကျေနပ်တတ်သည်ဟူသော ရှေးဟောင်းဓား၊ မည်သည့်ဓာတ်ပြားကို ထည့်ဖွင့်ဖွင့် သီချင်းသံက တကျိုကျိုသာမြည်ကာ ကြာကြာနားထောင်ပါက နားထောင်သူ ရူးသွားလောက်သည်ဆိုသော ဓာတ်စက်၊ လူနှစ်ယောက်ကို ရိုက်သတ်ရာ၌ အသုံးပြုခဲ့သံဖြင့် ထိုသေသူတို့၏ဝိညာဉ်ခိုတွယ်နေသည်ဆိုသော ရှားနှစ်သားတုတ်ကောက်ကြီး၊ အိပ်ခန်းထဲ၌ထားပါက ညဘက်တွင် အိပ်မက်ဆိုးများပေးကာ ရယ်သံသြသြထွက်လာတတ်သည်ဟူသော ဘီလူးရုပ်တု စသည်ဖြင့် ထူးဆန်းအံ့သြဖွယ်ရာ အရာဝတ္ထုများဖြင့် ပြည့်နှက်လာပါတော့၏။

သူဌေးကြီးဦးဖေအောင်သည်လည်း သူ၏ ဝါသနာအရ ဝယ်ယူစုဆောင်းထားသည့် ထိုအရာဝတ္ထုတို့အကြားမှာပင် တစ်နေ့တစ်နေ့ အချိန်ဖြုန်းနေလေ့ရှိပြီး ညဘက်တွင်လည်း အိမ်ပေါ်ထပ်မှ ခြေသံတရှပ်ရှပ်ကြားရသည့်အပြင် မိုးလင်းလုအထိ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသံလိုလိုတွေ ကြားရသည်ဟု အိမ်တော်ထိန်း ဒေါ်ဥက ပြောပြရာ ဦးဖေအောင်မှာ ညဘက်လည်း ကောင်းစွာအိပ်ဟန် မတူချေ။

သူ၏ ပိုးချိတ်ထည်လုပ်ငန်းမှာမူ ညီဝမ်းကွဲ ဦးအောင် သိန်း၏ကြိုးစားမှုကြောင့် ကျဆင်းသွားခြင်းမရှိဘဲ ပုံမှန် အမြတ် အစွန်းများ ရရှိလျက်ရှိလေသည်။

အိမ်ထောင်ထိန်း ဒေါ်ဥမှာ ထမင်းပို့ချိန်တစ်ချိန်သာ အိမ်ပေါ်ထပ်သို့တက်ခွင့်ရပြီး ဘုရားပန်းလဲခွင့်၊ သောက်တော်ရေ ဆွမ်း စသည်တို့ ကပ်ခွင့်မရတော့သဖြင့် ဘုရားခန်းသည်လည်း ခြောက်သွေ့လျက်ရှိတော့၏။

သူဌေးကြီးဦးဖေအောင်မှာ သူ့ထံ ပစ္စည်းလာရောင်းချလို သူ ဧည့်သည်လာမှသာ အောက်ထပ်သို့ ဆင်းလာလေ့ရှိပြီး ရေချိုးခန်း၊ အိမ်သာတို့ ပြည့်စုံစွာရှိသည့် အိမ်ပေါ်ထပ်မှာသာ နေ့နေ့ညည အချိန်ကုန်လျက်ရှိလေသည်။

သူ၏ ထူးဆန်းသောအပြုအမူများ၊ ကျက်သရေတုံးလှ သည့် ပစ္စည်းဆန်းများကြောင့် အိမ်အောက်ထပ်မှာနေရသည့် အိမ်ထောင်ထိန်းနှင့် အစေခံမလေးများမှာ အစပိုင်းက ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်ကြသော်လည်း တစ်စုံတစ်ရာ ခြောက်လှန့်ခြင်း သွေးပျက်စေခြင်းများ မရှိသဖြင့် နောက်ပိုင်း၌ သိပ်မကြောက်ကြတော့ဘဲ အနေကြာလာရာ ရိုးသွားတော့၏။

သူကြီး (ခ) ဦးအောင်သိန်းသည် လကုန်တိုင်း မန္တလေးသို့ ရောက်ရှိလာပြီး ယွန်းရွှေရည်စံအိမ်ကြီး၏အိမ်ပေါ်ထပ်သို့ တက်ကာ အစ်ကိုဖြစ်သူနှင့် ငွေစာရင်းရှင်းလေ့ ရှိလေသည်။

သူက ဇိုးသို့ ယွန်းရွှေရည်သို့ရောက်တိုင်းလည်း အစ်ကိုဖြစ်သူ၏ ကျန်းမာရေးအခြေအနေကို ဂရုစိုက်ကြည့်ရှုမေးမြန်းလေ့ရှိသည့်အပြင် ဝိညာဉ်ဆိုင်ရာကိစ္စတို့ကိုလည်း စေ့ငုလေ့ရှိလေ၏။

"အစ်ကိုကြီး မိုပိုပြီး ဝလာသလိုပဲနော်။ အသက်ကြီးလာရင် ဝဝလာတာမကောင်းဘူး။ ခြံထဲလမ်းလေးဘာလေး ဆင်းလျှောက်ပါလားဗျာ"

"မလိုပါဘူးကွာ။ ငါ ဒီအိမ်ပေါ်ထပ်မှာ နေ့တိုင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာပဲကွ။ ပြတင်းပေါက်တွေကနေလည်း လေကောင်းလေသန့်ဝင်ပြီးသား။ ဒါကြောင့် ဝလာပေမယ့် ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပါပဲကွ"

"မှတ်ဆိတ်၊ နှုတ်ခမ်းမွေးတွေကလည်း ရှည်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးလား။ ဆံပင်ကလည်း ကျော့တစ်ဝက်လောက်ရောက် နေပြီ''

''ငါ့ဆံပင်ကို ဂုတ်နောက်မှာ ပိုနီတေးအဖြစ်စည်းထား တယ်လေကွာ။ အသက်ကြီးလာတော့ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနဲ့ မှ ခံ့မှာပေါ့ကွ ... ဟဲ ဟဲ ဟဲ''

''အေးဗျာ ... အစ်ကိုကြီးကိုတော့ ကျွန်တော်ပြောလို့ မနိုင် တော့ပါဘူး။ ဒါထက် ဝိညာဉ်ဆိုတာတွေနဲ့ရော အစ်ကိုကြီး ဆက်သွယ်လို့ရပြီလား''

''ဟား ဟား ဟား ... ရပြီလားကွ။ သူတို့ကြိုက်တတ် တဲ့ အစားအသောက်တွေပို့ပေးဖို့ ဒေါ်ဥကို စီစဉ်ခိုင်းပြီးသား။ သူတို့ နွားနို့ကြိုက်ရင်နွားနို့၊ အမဲသားကြိုက်ရင် အမဲသား ဒီတော့ သူတို့ကလည်း ငါ့ကိုရင်းနှီးလာတယ်၊ ခင်မင်လာတယ်။ ခုဆို ငါဘာခိုင်းမလဲ လုပ်ပေးပြီးသားပဲ''

ဦးအောင်သိန်းက သူ့အစ်ကိုတစ်ယောက် သရဲမွေးသည့် အောက်လမ်းဆရာလိုလိုဖြစ်နေပြီလားဟု စိတ်မသက်မသာ တွေး မိလိုက်တော့၏။

''ဟော့ကောင် သူကြီး မင်းက ငါပြောတာ မယုံဘူးလား



www.burmeseclassic.com

www.burmeseclassic.com



လေး ...မယုရင် ငါလက်တွေ့ပြမယ်"

ပြောပြောဆိုဆို ဦးဖေအောင်က ပါးစပ်မှ တစ်စုံတစ်ရာ ခပ်တိုးတိုးရွတ်လိုက်ပြီး လက်ယာဘက်လက်ကို ပြတင်းပေါက်များဆီသို့ ဝှေ့ယမ်းလိုက်ရာ ပြတင်းလိုက်ကာများမှာ တဖြန်းဖြန်းဖြင့် သူ့အလိုအလျောက် ကွဲကုန်ရာ ဦးအောင်သိန်းမှာ အတော် ထိတ်လန့်တုန်လှုပ်သွားရတော့၏။

"အလို"

"ဟား ဟား ဟား ...ဘယ့်နှယ်လဲ။ မင်းမျက်လုံး ပြူးသွားပြီမဟုတ်လား ...ဟား ဟား ဟား"

"အစ် ...အစ်ကိုကြီးက ပဉ္စလက်ပညာများ တတ်နေသလားဗျ။ ဘယ်လိုများလုပ်လိုက်တာတုံး"

ဦးဖေအောင်က ဗီရိုပုလေးတစ်လုံးပေါ်မှ ရွှေရောင်ဆံပင် ကောက်ကောက်ကွေးကွေးနှင့် ကလေးကစားစရာကော်ပတ်ရုပ်လေးကို လက်ညှိုးညွှန်ပြလိုက်လေသည်။

"အဲဒါ အဲဒီကောင်လုပ်လိုက်တာလေ။ အဲဒီအရုပ်လေးက ဘီလပ်ကလာတာကွ။ မျက်နှာဖြူအရေးပိုင်က သူ့သားအတွက် ဘီလပ်ကလှမ်းမှာပြီး ဝယ်ပေးခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအရပ်လေးမှာ မင်စာလေးတစ်ကောင်က နိုကပ်နေတော့ အရေးပိုင်ကြီးရဲ့ အိမ်မှာ နေ့နေ့ညည ချောက်ချားစရာတွေ ကြုံကြုံလာရတယ်။ ဒါနဲ့ အဲဒီအရေးပိုင်ကြီးလည်း အဲဒီအရပ်လေးကို အိမ်မှာ မထားဝံ့တော့ဘဲ ငါးဆီ ငွေငါးကျပ်နဲ့ လာရောင်းသွားတာကွ"

ဦးအောင်သိန်းသည် သက်ပြင်းရှိုက်လိုက်မိတော့၏။

"အင်း ... အစ်ကိုကြီးကိုပြောရရင် မိကျောင်းမင်းရေကင်းပြသလိုများ ဖြစ်နေမလားတော့ မသိဘူး။ ဒါပေမဲ့ ... ညီအစ်ကိုချင်း မှိုပြောဆိုသတိပေးမှုတော့ လုပ်ရမှာပဲဗျ"

"အောင်မာ ... မင်းက ဘာပြောချင်လို့တုံး"

"ဒီလိုအစ်ကိုကြီး ... တချို့ အထက်လမ်းဆရာတွေတောင် အထက်လမ်းပညာကို လေ့လာလိုက်စားရင်း အတော်အောင်မြင်လာတဲ့အခါ သရဲဘာရွှေတွေနဲ့ ဆက်သွယ်မိပြီး အဲဒီမိစ္ဆာတွေကို ခိုင်းစေရင်း လမ်းလွဲသွားရာက အောက်လမ်းဆရာဖြစ်မှန်းမသိ ဖြစ်သွားကြတာတွေရှိတယ်လို့ ကြားဖူးတယ်ဗျ။ အဲဒီလိုနဲ့ အထက်လမ်းဆရာဘဝကနေ ပျက်စီးသွားတဲ့သူတွေ အတော်များများရှိတယ်လို့ သိရတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အခု အစ်ကိုကြီးလည်း ပရလောကသားတွေ ဝိဉာဉ်တစ္ဆေ ပြိတ္တာတွေနဲ့ ဆက်သွယ်မှုရပြီး သူတို့ကိုတောင် ခိုင်းစေနိုင်တဲ့အဆင့်ရောက်လာပြီဆိုတော့''

''ဟား ဟား ဟား ... ဘာလဲ မင်းက ငါအောက်လမ်းဆရာကြီးဖြစ်သွားမှာကို စိုးရိမ်နေတယ်ပေါ့ ဟုတ်လား''

''မှန်တာပြောရရင်တော့ ဟုတ်တယ် အစ်ကိုကြီး။ ဗိသုကာအရ ထူးထူးဆန်းဆန်းပစ္စည်းတွေ ဝယ်စုတာလည်းစုပေါ့။ ၁ အခုဟာက အဲဒီ ပရလောကသား မိစ္ဆာကောင်တွေကိုပေးကျွေးပြီး မွေးမြူထားသလိုဖြစ်နေပြီ အစ်ကိုကြီးရဲ့။ အဲဒါတွေဟာ အောက်လမ်းဆရာတွေရဲ့ လုပ်ရပ်မျိုးတွေပဲဗျ''

ဦးဖေအောင်က မှန်ခေါင်းတလားကြီးအနီးမှ ကြိမ်ကုလားထိုင်ကြီးတွင် နောက်ကျောမှီလျက် သက်သောင့်သက်သာထိုင်ရင်း ဒန်းဟေးလ်ဆေးတံကြီးခဲကာ ညီဖြစ်သူကို ခပ်ပြုံးပြုံးကြည့်လိုက်သည်။

''သူကြီး ... မင်း ငါ့အတွက်သိပ်မပူပါနဲ့ကွာ။ အောက်လမ်းဆရာဆိုတာ အောက်လမ်းအတတ်နဲ့ မလိုမုန်းထားသူတွေကို ဒယောဂစက်မတွေလွှတ်ပြီး ပြုစားဒုက္ခပေးတဲ့ သူယုတ်တွေပါကွ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ကိုယ်ကျိုးအတွက် နာနာဘာဝတွေမွေးပြီး သူတစ်ပါးကို တိုက်ခိုက်ဒုက္ခပေးဖို့ ခိုင်းစေကြတဲ့ လူမသမာတွေပါကွ။ ငါက အဲဒီလိုအလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး ...၊

ဝိညာဉ်တို့၊ နာနာဘာဝတို့ကို စိတ်ဝင်စားရာက သူတို့နဲ့ ဆက်စပ်တဲ့ပစ္စည်းတွေ၊ ရုပ်တုတွေ၊ ပန်းချီကားတွေ၊ အိမ်ခြံမြေတွေဝယ်ပြီး သူတို့နဲ့အပျော်သဘော ဆက်သွယ်ကြည့်တဲ့ အနေအထားမဲ့ရှိပါတယ် သူကြီးရဲ့။ ပြီးတော့ သူတို့လိုရာကို ပေးကျွေးတယ်၊ အဲဒီလိုနဲ့ သူတို့နဲ့ ရင်းနှီးခင်မင်လာတယ်။ အဲဒီမှာ သူတို့က ငါ့ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ငါခိုင်းရာကို လုပ်ပေးချင်လာကြတယ်။ ဒီလောက်ပါပဲ။ သူတို့ကိုအသုံးချပြီး ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ ဒါဆို ငါ အောက်လမ်းဆရာ ဘာဖြစ်စရာလိုသလဲ။ ဒါကြောင့် ငါ့အတွက်မပူပါနဲ့ကွာ ဟဲ ဟဲ ဟဲ"

ဦးအောင်သိန်းမှာ အစ်ကိုဖြစ်သူကို မည်သို့မျှ ဖျောင်းဖျပြောပြ၍မရသဖြင့် အမရပူရသို့ စိတ်ပျက်စွာ ပြန်သွားတော့၏။

သူ၏နေအိမ်က ယွန်းရွှေရည်ရက်ကန်းရုံတို့ တည်ရှိရာ ခြံဝင်းကျယ်ကြီး၏ လက်ယာဘက်ထောင့်ရှိ တိုက်ပုလေးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားကို တိုက်ပုလေး၏ ဆင်ဝင်အောက် ထိုးရပ်လိုက်သည်နှင့် တိုက်အိမ်လေးထဲမှ သူ၏ တစ်ဦးတည်းသော သမီးယွန်းယွန်း ပြေးထွက်လာလေသည်။

"ဟော ... ဖေဖေပြန်လာပြီ"

"ဟင် သမီး ... ဘယ်တုန်းကရောက်လဲ"

"စောစောကပဲ သမီးတို့မီးရထားနဲ့လာတာ ကျောက်ဆည်က သူငယ်ချင်းတွေပါလာလို့ ကျောက်ဆည်မှာဆင်းပြီး ခဏဝင်ကြတယ်လေ။ ပြီးမှ သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်က ဂျစ်ကားနဲ့ပဲ အမရပူရကိုတက်လာခဲ့ကြတာ ဖေဖေရဲ့။ ကဲ လာ ဖေဖေ့ကို သမီးရဲ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဩော် ... သူငယ်ချင်းတွေလည်းပါလာသလား"

"ဟုတ်ကဲ့ ... လာ ဖေဖေထိုင်"

အိမ်ရှေ့ဧည့်ခန်းလေးရှိ ဆိုဖာဆက်ဆီခုံတစ်လုံးတွင် ဆင်ကြီးကို ထိုင်စေပြီးမှ သူမ၏သူငယ်ချင်းများနှင့် မိတ်ဆက်ပေးလေသည်။

"ဖေဖေ ... သူတို့က သမီးနဲ့ ယူနီဗာစီတီတက်ဘက်အခင်ဆုံးသူငယ်ချင်းတွေပဲ။ သူက နွဲ့လေးရီ၊ သူက စိုးဝင်း၊



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ လူရဲ့။ သူတို့အားလုံး ကျောက်ဆည်ကချည်းပဲ”

“ဪ အေး အေး ...အရင်က အမရပူရကို ရောက်ဖူးကြသလားကွဲ့”

“ဟုတ်ကဲ့၊ ငယ်ငယ်ကတော့ ရောက်ဖူးပါတယ်ဦး။ အဲ ...မန္တလေးတောင် မရောက်ဖြစ်တာ ငါးနှစ်လောက်ရှိပြီခင်ဗျ။ အခု ယွန်းယွန်းက ကျောင်းပိတ်ရက်မှာ အလည်ခေါ်လို့ လိုက်ဖြစ်ခဲ့ကြတာပါ”

“ဪ အေး အေး ... ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေကြပေါ့ကွာ။ သမီး ရန်ကုန်မှာကျောင်းသွားတက်နေတော့ ဒီအိမ်မှာ ဦးတို့လင်မယားပဲနေကြတာကွဲ့။ အခြားလူမိုလည်းမရှိဘူး၊ လွတ်လွတ်လပ်လပ်သာနေကြ ဟုတ်လား”

“ဟုတ်ကဲ့ ... ကျေးဇူးပါပဲဦး”

ထိုစဉ် အိမ်နောက်ဘက်မှ ဒေါ်နှင်းမှုံထွက်လာသည်။

“ကဲ ... သားတို့သမီးတို့ ထမင်းပွဲပြင်ပြီးပြီ၊ လာစားကြ၊ အစ်ကိုရော တစ်ခါတည်းစားပါလား”

“အစ်ကိုမစားသေးဘူးမှုံ၊ ရုံးခန်းဘက်သွားလိုက်ဦးမယ်”

ယွန်းယွန်းတို့သူငယ်ချင်းတစ်စုသည် ခရီးလည်းပြီးပန်းလာ၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်လည်းဆာလှသဖြင့် ညစာကို စားရပါးရ စားကြပါတော့သည်။

"ကဲ ... သားတို့ သမီးတို့ လွတ်လွတ်လပ်လပ် အားရပါးရ စားကြ။ သမီးက လိုတာလေးတွေဖြည့်ပေး ဟုတ်လား။ မေမေ ... သမီးတို့ ညကျသောက်ဖို့ နွားနို့သွားမှာလိုက်ဦးမယ်"

"ဟုတ်ကဲ့ မေမေ"

ယွန်းယွန်း၏အမေ ဒေါ်နှင်းမှုံ စတိုက်အိမ်လေးထဲမှ ထွက်သွားသည်နှင့် လူရဲက ပြုံးစိစိဖြင့် ယွန်းယွန်းကိုကြည့်လိုက်ပြီး-

"ကိုယ့်ယောက္ခမလောင်းကြီးတွေက နှစ်ယောက်စလုံး သဘောကောင်းသားပဲ ... ဟဲ ဟဲ"

ဟု ရယ်ကျဲကျဲပြောလိုက်ရာ ယွန်းယွန်းက မျက်စောင်းလေးချိတ်လိုက်လေသည်။

"ဟွန်းနော် ကိုယ် ဘာယောက္ခမလောင်းကြီးတွေလဲ"

သူတို့ချစ်သူနှစ်ဦးကိုကြည့်ကာ နွဲ့လေးရီနှင့်စိုးဝင်းတို့က အသွီးသွီးဖြင့် ထမင်းသီးမတတ် ရယ်ကြလေသည်။

"ဟင်း ဟင်း ဟင်း ... လူရဲရယ်။ နင်ကလည်း အတ်သားပဲ။ သူများကျွေးတဲ့ထမင်းကို တစ်ဝတပြီစားပြီး မသား



www.burmeseclassic.com

www.burmeseclassic.com



ပါယူရတယ်လို့''

''ဟဲ ဟဲ ဟဲ ... မဟုတ်ပါဘူး နွဲ့လေးရီရဲ့။ တကယ် သဘောကောင်းလို့ ကောင်းတယ်ပြောတာပါ''

တကယ်တော့ ဤခရီးစဉ်ကို လူရဲက လာချင်လွန်းသဖြင့် နွဲ့လေးရီနှင့်စိုးဝင်းတို့က အဖော်လိုက်ပါခဲ့ကြခြင်း ဖြစ်သည်။ လူရဲနှင့်ယွန်းယွန်းမှာ ချစ်သူများဖြစ်ကြပြီး နွဲ့လေးရီနှင့် စိုးဝင်း (ခ) တာတီးတို့မှာမူ ချစ်သူကိုယ်စီရှိကြပြီး ဖြစ်၏။ သူတို့နှစ်ယောက်က ကျောက်ဆည်ဇာတိဖြစ်ကြသော်လည်း လူရဲက ရန်ကုန်သားဖြစ်၏။ စိုးဝင်းက ထမင်းစားခြင်းကို လက်စသတ်လိုက်ရင်း –

''ဟုတ်တယ်ဟ၊ ယွန်းယွန်းရဲ့မိဘတွေက တကယ် သဘောကောင်းကြပါတယ်။ သူ့ဘကြီးကတော့ ဘယ်လိုနေမလဲ မသိဘူး''

ဟုပြောလိုက်ရာ လူရဲက ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

''အေးကွ ... မှန်တာပြောရရင် ငါ ယွန်းယွန်းနဲ့ လိုက်လာတာဟာ ယွန်းရဲ့မိဘတွေနဲ့ တွေ့ချင်တာထက် ယွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးနဲ့ တွေ့ချင်တာက အများကြီးပိုတယ်"

"ဟုတ်တယ်နော်၊ ယွန်းယွန်းရဲ့ဘကြီးက ယွန်းယွန်း ပြောသလိုဆို တော်တော်ထူးဆန်းတဲ့လူကြီးပဲ။ နွဲ့ဖြင့် သူနဲ့တွေ့ ရမှာ ကြောက်တောင်ကြောက်တယ်"

ရှူရဲက ယွန်းယွန်းကိုကြည့်ရင်း မေးလိုက်သည်။

"ယွန်း ... မနက်ဖြန်ကျရင် ကိုယ်တို့မန္တလေးသွားကြ မှာလား"

"နေဦး ကိုယ်ရဲ့ ... ဖေဖေ့ကို မေးကြည့်ရဦးမယ်။ ဖေဖေ မပါဘဲလည်း ဘကြီးဆီကို ယွန်းမသွားရဲဘူး။ ဖေဖေဆာ လည်း ဒီနေ့ပဲ မန္တလေးကပြန်လာတာ"

*

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညတွင် ဧည့်ခန်းထဲ၌ အားလုံးအေးအေးဆေးဆေး ထိုင်ကာ စကားစမြည်ပြောဆိုနေကြစဉ်၊ အာလာပသလ္လာပ စကားများပြောပြီးသည်၌ ယွန်းယွန်းက သူမ၏ဖခင်ကို စကားစ လေသည်။

"ဖေဖေ ဘကြီးဦးဖေအောင်ကို သမီးရဲ့သူငယ်ချင်းတွေ က အရမ်းစိတ်ဝင်စားနေကြတယ်။ သူတို့က ဘကြီးနဲ့တွေ့ချင် ကြတယ်တဲ့"

ဦးအောင်သိန်းက မျက်မှောင်ကြုတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက သမီးရဲ့ဘကြီးအကြောင်းကို ပြောပြထားပြီး ပြီပေါ့"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျောင်းမှာတုန်းက စကားစပ်ပြီး ပြောမိကြတာပါ။ ဟို သရဲတစ္ဆေတွေအကြောင်းပြောရင်းနဲ့လေ။ သမီးရဲ့ဘကြီးလည်း ဝိညာဉ်တွေ၊ တစ္ဆေတွေကို သိပ်စိတ်ဝင်စား တယ်လို့ သမီးသိသလောက်ပြောပြလိုက်မိတယ်"

ဤတွင် လူရဲကလည်း ဝင်ပြောလေသည်။

"ဟုတ်ပါတယ် ဦး။ ကျွန်တော်တို့သူငယ်ချင်းတွေက ဝိညာဉ်တွေ၊ သရဲတွေ၊ နာနာဘာဝအကြောင်းတွေကို စိတ်ဝင် စားပါတယ်။ အဲဒီမှာ စကားစပ်မိရင်း ယွန်းယွန်းက သူ့ဘကြီး အကြောင်းပြောပြတော့ ကျွန်တော်တို့ ပိုပြီး စိတ်ဝင်စားသွားမိ ပါတယ်။ ကျွန်တော်တို့က လူငယ်ဆိုတော့ စူးစမ်းချင်စိတ်ရှိတယ် လေ ဦးရဲ့။ အမှန်တရားတို့ အရှိတရားတို့ကို လက်ခံယုံကြည်ဖို့ ဆိုတာ ကိုယ်တိုင်စူးစမ်းလေ့လာပြီးမှ ဆင်ခြင်ဆုံးဖြတ်သင့်တယ် မဟုတ်လား ဦးရဲ့"

"အင်း . . . ငါ့တူပြောတာ မှန်ပါတယ်။ ငါ့တူတို့လူငယ် တွေ စူးစမ်းလေ့လာချင်စိတ်ရှိတာကိုလည်း ဦး အားပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော်တို့ ယွန်းယွန်းရဲ့ဘကြီးကို တွေ့ခွင့်ရနိုင်မယ်ပေါ့နော် ဦး"

ဦးအောင်သိန်းက ဆိုဖာကိုကျောမှီလိုက်ပြီး သက်ပြင်း ရှိုက်လိုက်သည်။

"အင်း ... ငါ့တူတို့က ပရလောကနဲ့ ပတ်သက်ပြီး သိပ်စိတ်ဝင်စားတယ်ဆိုရင် ဦးရဲ့အစ်ကို ဦးဖေအောင်နဲ့ သွားတွေ့ သင့်,မသင့် ဦးဖေအောင်ရဲ့အကြောင်း နားထောင်ပြီးမှ ဆုံးဖြတ် ကြကွဲ့။ ဦးကတော့ ဦးရဲ့အစ်ကိုကို တော်တော်အံ့ဩပြီး တော် တော်လည်း စိတ်ပျက်နေမိတယ်။ ကဲ ကဲ ... သူ့ရဲ့နောက်ဆုံး အခြေအနေအကြောင်း ဦးပြောပြမယ် နားထောင်ကြ"

ဤတွင် ဦးအောင်သိန်းက သူ့အစ်ကိုသူ့ဌေးကြီး ဦးဖေ အောင်၏အကြောင်း၊ သူတွေ့သိထားသမျှတို့ကို နောက်ဆုံး အခြေအနေအထိ ပြောပြလိုက်လေသည်။

ဦးအောင်သိန်း၏စကားကို ယွန်းယွန်း အပါအဝင် လူငယ်လေးဦးစလုံးက အသက်ရှုရန်ပင် မေ့မတတ် လွှမ်း စိတ်ဝင်တစား နားထောင်နေကြလေသည်။

"အင်း ... အစဆိုရင် အစ်ကို ဦးဖေအောင်ဟာ ပ



www.burmeseclassic.com

www.burmeseclassic.com



လောကသားတွေနဲ့ အတော် လုံးလုံးထွေးထွေး ဖြစ်နေပုံရပြီး ပရလောကသားတွေကို သူက ခိုင်းစေနိုင်တဲ့အဆင့်တောင်ရောက်နေပြီ။ အဲဒါကို သူက သာယာနေပုံရတယ် …။

ဦးကတော့ သူ့ရဲ့လုပ်ရပ်တွေကို ဘဝင်မကျဘူး။ ပရလောကသားတွေဆိုတာ သူတို့ရဲ့လူ့ဘဝတုန်းက ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ အကျိုးသက်ရောက်မှုကြောင့် ကောင်းမှုဘုံ မကောင်းမှုဘုံတွေဆီ မသွားနိုင်ခင်စပ်ကြား ဝိညာဉ်ဘဝ၊ နာနာဘာဝအဖြစ် နေနေရသူတွေပဲ၊ ငါ့တူတို့ရဲ့ …။

ဒီတော့ သူတို့ရဲ့စိတ်ဟာ အစိုးမရဘူး။ သူတို့နဲ့ ဆက်သွယ်ပတ်သက်ပြီး လုံးထွေးနေတာဟာ မြွေပွေးခါးပိုက်ပိုက်ထားရသလိုပဲ ဖြစ်မယ်။ အန္တရာယ်နဲ့ ကစားနေရသလိုပဲ။ အဲဒါတွေက တစ်နေ့မှာ သူကို အန္တရာယ်မပြုဘူးလို့ မပြောနိုင်ဘူး။ ဒါကြောင့် ဦးကတော့ ပြောမရလို့သာ လွှတ်ထားရတာ။ သူ့လုပ်ရပ်တွေကို ခကြိုက်ဘူး။ သူနဲ့ရော သူ့ရဲ့ကျက်သရေတုံးလှတဲ့ပစ္စည်းတွေနဲ့ပါ ဝေးဝေးနေနိုင်အောင် ကြိုးစားတယ် …။

အေးလေ … ဘာပဲဖြစ်ဖြစ် ငါ့တူတို့က ဦးရဲ့အစ်ကို ဦးဖေအောင်ကို စိတ်ဝင်စားတယ်ဆိုရင်တော့ ဦး ခေါ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ မိတ်ဆက်ပေးပါ့မယ်။ သူက သူ့တူမလေးကိုတော့ တော်တော် ချစ်ရှာပါတယ်။ မင်းတို့က သူ့တူမရဲ့သူငယ်ချင်းတွေ ဆိုတော့လည်း သူက ကောင်းကောင်းမွန်မွန် ကြိုဆိုလက်ခံမှာ ပါ"

ဤတွင် ထူရဲက ဝမ်းပန်းတသာ ကျေးဇူးစကားဆိုလိုက် လေသည်။

"ကျေးဇူးပါပဲ ဦးရယ်၊ ဦးပြောပြမှ ဦးဖေအောင်ကို ကျွန်တော်တို့ ပိုပြီးစိတ်ဝင်စားသွားပါပြီ။ သူနဲ့တွေ့ချင်ပါတယ် ခင်ဗျ"

"ကောင်းပြီလေ ... မနက်ဖြန်တော့ တောင်သမန်အင်း ဘက် သွားလည်ပတ်ကြပါဦး။ ဦးလည်း ရန်ကုန်ကတက်လာတဲ့ ကုန်သည်တွေနဲ့ မနက်ဖြန်တွေ့စရာရှိတယ်။ သန်ဘက်ခါမနက် စောစောမှာတော့ မန္တလေးသွားကြတာပေါ့"

"ဟုတ် ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဦးရယ်"

"ကဲ ကဲ ... စကားပြောကြဦး။ နွားနို့လည်း ပူတုန်း သောက်လိုက်ကြ။ ဦးတော့ မအိပ်ခင် လုံခြုံရေးကင်းတွေဘက် တစ်ပတ်,ပတ်ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦး"

လက်နှိပ်ဓာတ်မီးကိုဆွဲကာ ဦးအောင်သိန်း တိုက်အိမ်လေးထဲကထွက်သွားမှ လူရဲနှင့်စိုးဝင်း (တာတီး) တို့က ဝမ်းသာအားရစွာဖြင့် လက်ဝါးချင်းရိုက်လိုက်ကြလေသည်။

"ဖြောင်း"

"ဦးဖေအောင်နဲ့တွေ့ရဖို့ သေချာသွားပြီ၊ ဝမ်းသာလိုက်တာ"

ယောက်ျားလေးနှစ်ယောက်က တက်ကြွနေကြသော်လည်း နွဲ့လေးရီရော ယွန်းယွန်းပါ မျက်လုံးလေးများ ကလယ်ကလယ်ဖြင့် သူမတို့၏မျက်နှာချောချောလေးများထက်တွင် စိုးရွံ့နိုင်တို့ စွန်းထင်းလျက်ရှိကြလေသည်။

"ငါတော့ ရှင်ဘို့မယ်ရဲ့မှန်ခေါင်းကြီးကို တွေ့ဖူးချင်လှပြီကွာ"

"အေး . . . ငါလည်း မင်းလိုပဲကွ တာတီးရ။ ဖြစ်နိုင်ရင်ရှင်ဘို့မယ်ရဲ့ခေါင်းတလားထဲက ထွက်လာတဲ့ နန်းဝတ်နန်းစားနဲ့ အမျိုးသမီးကို စောင့်ကြည့်ချင်ပါရဲ့ကွာ"

ယွန်းယွန်းက လူရဲကို ခပ်တိုးတိုးဟန့်တားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နော် ... သိပ်မကဲနဲ့။ ယွန်းက ဘကြီးကိုချစ်ပေမယ့် သူ့နဲ့ပတ်သက်နေတဲ့ နာနာဘာဝတွေကိုတော့ ကြောက်တယ်၊ ကိုယ်လည်း အရဲမကိုးနဲ့"

ထိုစဉ် ဘုရားဝတ်ပြုပြီးသဖြင့် အိမ်ပေါ်ထပ် ထပ်ခိုးပေါ်မှ ယွန်းယွန်း၏မိခင်ကြီး ဆင်းလာခဲ့ရာ ယွန်းယွန်းတို့မှာ ကိုယ်ရှိန်သတ်လိုက်ကြရလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## နွားနို့သောက်သောပိညာဉ်

နောက်တစ်ရက်ခြားတွင် သူကြီး (ခ) ဦးအောင်သိန်းက သူ၏ကတိအတိုင်း မန္တလေးသို့ လိုက်ပို့သည်။

သူတို့ဂျစ်ကားနှစ်စီးဖြင့် သွားကြခြင်းဖြစ်၏။ ဦးအောင်သိန်းမောင်းသော ဂျစ်ကားပေါ်တွင် သမီးဖြစ်သူ ယွန်းယွန်းနှင့် နွဲ့လေးရီတို့ လိုက်ပါကြပြီး –

တာတီးမောင်းသည့်ကားပေါ်၌ လှရဲက လိုက်ပါသည်။

မန္တလေးနန်းရှေ့ စစ်ကိုင်းတန်းရပ်ရှိ သူဌေးကြီး ဦးဖိုးအောင်၏ယွန်းရွှေရည်နှစ်ဆောင်ပြိုင်နှစ်ထပ်တိုက်အိမ်ကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်နှင့် ဘာကြောင့်မှန်းမသိ စူးစမ်းလေ့လာလိုသူ လူငယ်လေးဦးစလုံး၏ ရင်ဝယ် လေးတေးတေး ခံစားလိုက်ရပါတော့၏။

ယွန်းယွန်းသည် ရန်ကုန်ယူနီဗာစီတီ၌ ကျောင်းသွားတက်နေစဉ် အစောပိုင်းနှစ်များအတွင်း ကျောင်းပိတ်ရက်များတွင် နှစ်ကြိမ်သာ အမရပူရသို့ ပြန်လာဖြစ်ရာ ထိုနှစ်ကြိမ်စလုံးမှာပင် မန္တလေးရှိ ဘကြီးထံ လာရောက်တွေ့ဆုံဖူးသော်လည်း ထိုစဉ်က သူမ၏ဘကြီး ဦးဖေအောင်မှာ ဝိညာဉ်လောကနှင့် ဆက်နွယ်ခြင်း မရှိသေးချေ။

နောက်ပိုင်းနှစ်များတွင် ကျောင်းပိတ်ရက်များ၌ ဇာတိမြေ အမရပူရသို့ ယွန်းယွန်း မပြန်ဖြစ်ခဲ့ချေ။ ယင်းသို့ မပြန်ဖြစ်ခဲ့သည်မှာ ကျောင်းသားသပိတ်ကိစ္စများတွင် သူငယ်ချင်းဖြစ်သူ ကျောင်းသားသမဂ္ဂအဖွဲ့ဝင် လူရဲ၊ စိုးဝင်း၊ နွဲ့လေးရီတို့နှင့် အတူ လှုပ်ရှားပါဝင်နေခဲ့သောကြောင့် ဖြစ်ပေသည်။

မနှစ်ကမှ ဘကြီးဦးဖေအောင်၏ဇနီး ကြီးကြီးဒေါ်ထားယဉ် ကွယ်လွန်သွားလေရာ ဦးဖေအောင်လည်း မန္တလေးမှ တစ်နှစ်ခန့်မျှ ထွက်ခွာသွားခဲ့လေ၏။

www.burmeseclassic.com



ထို့ကြောင့် ထိုကာလအတွင်း ယွန်းယွန်းတစ်ယောက် အမရပူရသို့ တစ်ခေါက်ပြန်လာခဲ့သေးသော်လည်း ဘကြီးဖြစ်သူနှင့် မဆုံဖြစ်ခဲ့ရချေ။

သို့လျှင် သုံးနှစ်တာမျှ ဘကြီးနှင့်မဆုံဖြစ်ခဲ့သော ယွန်းယွန်းသည် ယခုအထက်ဂိုဏ်းဆရာလိုလို၊ အောက်လမ်းဆရာလိုလို၊ သရဲမွေးသူလိုလို ဖခင်ကြီး၏စကားအရ စုံလွဲလူသားလိုလိုဖြစ်နေသည့် ဘကြီးဖြစ်သူအား တွေ့ဆုံရန် ဝန်လေးနေမိခဲ့၏။

"အင်း ... တစ်နေ့ညတုန်းက ဖေဖေပြောပြပုံအရဆိုရင်တော့ ဘကြီးဟာ အောက်လမ်းဆရာတစ်ပိုင်းလိုလိုဖြစ်နေပုံပဲ။ ကိုယ်က သိပ်စိတ်ဝင်စားနေတယ်ဆိုလို့သာ ချစ်သူရဲ့အလိုကိုလိုက်ပြီး ဘကြီးဆီ ဖေဖေ့ကိုလိုက်ပို့ခိုင်းရတာ။ ငါ ငါ့ဘကြီးနဲ့တွေ့ဖို့ ဘာကြောင့်မှန်းမသိဘူး စိတ်အတော်လေးနေမိခဲ့တယ်"

မည်သို့ဖြစ်စေ နောက်ဆုံးတော့ ယွန်းယွန်းတို့ လေးယောက်စလုံး ယွန်းရွှေရည်စံအိမ်ကြီး၏ အိမ်ပေါ်ထပ်သို့ ရောက်ရှိသွားရပါတော့၏။

"အစ်ကိုကြီး"

ပြတင်းပေါက်တစ်ခုအနီးမှ ကုလားအဘိုးအိုကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တူသော သစ်သားရုပ်တုမည်းမည်းကြီး၏ ရှေ့ရှိ ကလပ်မြင့်မြင့် ပေါ်သို့ ငွေဖလားငယ်နှင့် အပြည့်နွားနို့ခွက်ကို တင်နေရာမှ ဦးဖေအောင်က လှေကားထိပ်ဆီ လှည့်ကြည့်သည်။

"ဟော ... ငါ့ညီပါလား၊ စောစောက ဂျစ်ကားသံကြား လို့ မင်းလာတာပဲ ဖြစ်မယ်လို့ထင်သား"

"ဟုတ်တယ် အစ်ကိုကြီး၊ ဒီမှာလေ အစ်ကိုကြီးရဲ့တူမ ကျောင်းပိတ်တုန်း အိမ်ပြန်လာရင်း သူ့ဘကြီးကိုတွေ့ချင်လှချည် ရဲ့ဆိုလို့ ကျွန်တော် လိုက်ပို့ရတာဗျ"

ဦးဖေအောင်က မျက်မှောင်ကြီးကြုတ်လျက် ယွန်းယွန်း ကို သေသေချာချာ စိုက်ကြည့်၏။ ခဏအတွင်းမှာပင် နှုတ်ခမ်း မွေး ကုပ်ကုပ်ကြီး၏အောက်မှ ထူထဲသော နှုတ်ခမ်းလွှာတို့က ပြုံးလာကြလေသည်။

"ဟာ ... တူမလေးပါလား၊ ငါ့တူမက ဒီဂရီရခါနီး တက္ကသိုလ်ကျောင်းသူကြီးဖြစ်လာလို့လားမသိဘူး တယ်ချော တယ်လှလာပါလားဟေ့၊ တူမလေး လာပါဦးကွဲ့၊ ထိုင်ပါဦး"

ဦးဖေအောင်က ကြိမ်ကုလားထိုင်တစ်လုံးကို ညွှန်ပြရာ တူမချောကို ဖိတ်မန္တကပြု၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ညှိသည်တွေလည်းပါသကိုး"

"ဟုတ်တယ် ဘကြီး၊ သူတို့က သမီးရဲ့ကျောင်းတက်ဘက် သူငယ်ချင်းတွေပါ။ သူကလှရဲ၊ သူက စိုးဝင်း၊ သူက နွဲ့လေးရီ။ သူတို့က အမရပူရကို အလည်လိုက်လာကြတာပါ။ အခု မန္တလေးဘုရားဖူးလာရင်း ဘကြီးကို တွေ့ချင်လို့ သမီးနဲ့ လိုက်လာခဲ့ကြတာလေ"

"ဪ ... ဪ၊ ကလေးတို့က ကျုပ်နဲ့ဘာဖြစ်လို့ တွေ့ချင်ရတာလဲကွဲ့"

လှရဲက ကျန်လူတို့ကိုယ်စား ဖြေလိုက်သည်။

"ဘကြီးက ထူးထူးဆန်းဆန်းပစ္စည်းတွေ စုဆောင်းထားသူလို့ သိရလို့ စိတ်ဝင်စားပြီး တွေ့ချင်တာပါ ခင်ဗျ"

ဦးဖေအောင်က ယွန်းယွန်းနှင့် မျက်နှာချင်းဆိုင်ရှိ ကြိမ်ကုလားထိုင်ကြီးတွင် အကျအန ထိုင်လိုက်ရင်း ပြုံးလိုက်၏။

"ဪ ... ဒီလိုလား၊ ကဲ ... ကလေးတို့လည်း ထိုင်ကြ၊ထိုင်ကြ"

ကြိမ်ကုလားထိုင်အသီးသီးတွင် လှရဲတို့ ထိုင်လိုက်ကြစဉ်

"ကဲ ... အစ်ကိုကြီးရေ ... ကျွန်တော့်အလာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မပြတ်သေးလို့ ပြန်တော့မယ်။ သမီးနဲ့သမီးရဲ့သူငယ်ချင်းတွေမှာ လည်း ကားပါတယ်၊ သူတို့ဘာသာ ပြန်လာလိမ့်မယ်''

ဟု ဦးအောင်သိန်း (သူကြီး) က ခွင့်ပန်သည့်သဘော အစ်ကိုဖြစ်သူကိုပြောလိုက်ရာ ဦးဖေအောင်က ဒန်းဟောလ် ဆေးတံကြီးကို မီးညှိနေရာမှ ခေါင်းညိတ်ပြလိုက်လေသည်။

''ဪ ... သူကြီးရေ လာမယ့်တနင်္ဂနွေနေ့မတိုင်ခင် စာရင်းချုပ်တွေလာပေးကွာ။ မနေ့က အလည်လာတဲ့ ငါ့ရဲ့ မိတ်ဆွေ စာရင်းကိုင်ကြီးကိုလှကြိုင်က စာရင်းကူစစ်ပေးပါ့မယ်လို့ ကတိပြုသွားလို့ကွ''

''ဪ ... ဟုတ်ကဲ့၊ ကျွန်တော် လာပို့ပါ့မယ်''

ဦးအောင်သိန်း အိမ်ပေါ်ထပ်မှဆင်းသွားပြီးနောက် ဦး ဖေအောင်က ဒန်းဟောလ်ဆေးတံကြီးကို တမျှဉ်းမျှဉ်းဖွာရင်း တူမချောနှင့် သူငယ်ချင်းတစ်သိုက်ကို ခပ်မြုံးမြုံး အမူအရာဖြင့် ကြည့်နေသည်။

ယွန်းယွန်းသည်မူ သူမ၏ဘကြီးကိုကြည့်ရင်း တအံ့ တသြ ဖြစ်နေမိ၏။ ယခင်ကဆိုလျှင် သန့်သန့်ပြန့်ပြန့် ကျော့ ကျော့မော့မော့ အမြဲနေတတ်သည့် သူ့ဘကြီး ဒွေးကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ တောပုန်းကြီးနှင့် တူနေတော့သည်။

ယခင်က ဆံပင်ကို သေသေသပ်သပ် ညှပ်ထားပြီး အမောက်ကို ကော်စမစ်တစ်ဖြင့် ထောင်ကာ ကျောရှင်းနေအောင် ဖြီးသင်တတ်သော်လည်း ယခုအခါ ဆံပင်ရှည်ရှည်ကို နဖူးအထက်သို့ လှန်ဖြီးလျက် လည်ကုပ်နောက်ဝယ် ပဝါစအနက်ဖြင့် စည်းနှောင်ထားလေသည်။

ယခင်က မှန်မှန်ရိတ်ပယ်လေ့ရှိသဖြင့် နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးဟူ၍မရှိဘဲ ရှင်းသန့်နေသလောက် ယခုအခါ နှုတ်ခမ်းမွေးထူထူကြီးတို့က နှုတ်ခမ်းဒေါးနှစ်ဘက်သို့ ကုပ်ကွေးကာ မုတ်ဆိတ်မွေးတို့နှင့် ရောယှက်လျက်ရှိလေ၏။

ပါးမြိုင်းမွေးတို့ကလည်း ထူပျစ်လျက်ရှိရာ ရှင်းသန့်သည့် ဆင်ဥပမိရုပ်အဆင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေလေသည်။

ယခင်က ရွှေကြယ်သီးတပ် နိုင်လွန်သားအရောင်ဖျော့ ဆာ့နုနု ရှပ်အင်္ကျီတို့အပေါ်မှ ဖလေဇာကုတ်ကိုထပ်ဝတ်လျက် ဆန်ကောက်လုံချည် တရွမ်းရွမ်းဖြင့် နေတတ်သော ဘကြီးမှာ ယခုတော့ သင်တိုင်းရှည်ကြီးလိုလို၊ ရွှေရောင်အနားကွပ်အင်္ကျီ ကော်ကြီးကို ပုဆိုးကွက်တုံးကြီးနှင့် တွဲဖက်ဝတ်ထားရာ ဘုန်းမွှေးပုံ



www.burmeseclassic.com

www.burmeseclassic.com



မှပေါက်ဘဲ မျက်လှည့်ဆရာလိုလို အောက်လမ်းဆရာလိုလိုပုံ ပေါက်နေသည်ဟု သူမ ထင်မိသည်။

အတန်ကြာ နှုတ်ဆိတ်နေကြစဉ် လူရဲ စိုးဝင်း (တာတီး) နှင့်နွဲ့လေးရီတို့မှာမူ ရွှေနားကွပ်မှန်ခေါင်းတလားကြီးနှင့် အမိုး ခေါင်းကြီးအပါအဝင် ဧည့်ခန်းဆောင်ကြီးထဲမှ ပြတိုက်နှယ် ခင်း ကျင်းထားသည့် ထူးထူးဆန်းဆန်း ပစ္စည်းပစ္စယတို့ကို မျက်လုံးစေ့ ကြည့်နေမိကြလေ၏။

"ဘကြီးက ရုပ်တော်တော်ပြောင်းသွားတာပဲနော်။ သမီး ဖြင့် အပြင်မှာသာ တွေ့ရရင် ဘကြီးကို ရုတ်တရက်ဆို မှတ်မိမှာ မဟုတ်ဘူး"

ယွန်းယွန်း၏ မှတ်ချက်စကားကြောင့် ဦးဖေအောင်က ပြုံးလိုက်လေသည်။

"လောကမှာ သက်ရှိသက်မဲ့ အရာအားလုံးဟာ မိနစ် စက္ကန့်နဲ့အမျှ ပြောင်းလဲနေကြတာပဲ သမီးရဲ့။ ဒီတော့ လူတွေရဲ့ အယူအဆ ဆန္ဒတွေလည်း ပြောင်းလဲရပေမပေါ့။ အခုအချိန်မှာ တော့ ဘကြီးက မိမိဆန္ဒရှိသလို နေထိုင်ပြီး သူတစ်ပါးရဲ့ဆန္ဒတွေ ကိုပါ တတ်နိုင်သမျှ ဖြည့်ဆည်းပေးနေတာပါပဲ။ အထူးသဖြင့်

www.burmeseclassic.com



ထုသားတွေလို လုပ်ကိုင်နိုင်စွမ်းမရှိရှာတဲ့ ဝိညာဉ်လောကသား တွေရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးနေတယ်ကွဲ့''

ဦးဖေအောင်၏ ထူးဆန်းသောစကားကြောင့် လူငယ် သေးဦးစလုံး၏ အာရုံက သူ့ဆီသို့ စူးရောက်သွားကြပါတော့၏။

ယွန်းယွန်းမှာ မျက်လုံးအပိုင်းသား ဖြစ်သွားရတော့ သည်။

"ရှင် . . . ဘ,ဘကြီး ဘာပြောလိုက်တယ်။ ဝိညာဉ် လောကသားတွေရဲ့ဆန္ဒကို ဖြည့်ပေးနေတယ် ဟုတ်လား။ သူ သူတို့က လူတွေလို မလုပ်နိုင်ဘူး ဟုတ်လား''

"ဟုတ်တယ် ငါ့တူမရဲ့။ တကယ်တော့ ဝိညာဉ်လောက သားတွေဟာ သူ့အဆင့်နဲ့သူ ကမ္ဘာဖိဒ္ဓိရှိတယ့်ဆိုပေမယ့် လူတွေ လုပ်တဲ့အလုပ်တွေကို သူတို့မလုပ်နိုင်တာ အများကြီးပါ။ တကယ် တော့ သူတို့ဟာ ကူကယ်သူမဲ့နေကြသူတွေပါ။ ဘကြီးကတော့ ကူကယ်သူမဲ့နေတဲ့ သူတို့ကို ကူညီရတာဟာ ကုသိုလ်ကောင်းမှု ပြုသလို ခံစားရတယ်ကွဲ့''

ယွန်းယွန်းသည် အေးအေးဆေးဆေး တည်တည်ငြိမ် ငြိမ် ပြောနေသည့် သူ့ဘကြီးကိုငေးကြည့်ရင်း ဘကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



စံလွဲလူသားများ ဖြစ်နေပြီလားဟု စိတ်ဝယ်ထင်လာမိလေ၏။

ငေးငေးငူငူ ဖြစ်နေကြသည့် လူငယ်လေးဦးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် ဦးဖေအောင်က ပြုံးလိုက်လေသည်။

''ဥပမာအားဖြင့် ဟောဟိုက ဖက်ီးကြီးကိုကြည့်လိုက်ကြစမ်း''

ဦးဖေအောင် လက်ညှိုးညွှန်ပြသည်က ပြတင်းပေါက်အနီးတွင်ရပ်နေသည့် မည်းမည်းရုပ်တုကြီးကို ဖြစ်၏။

''မင်းတို့အိမ်ပေါ်တက်လာတုန်းက သူ့ရှေ့မှာ နွားနို့ဖလားနဲ့ အပြည့်ထည့်ပြီးတင်လိုက်တာ သတိပြုမိကြသလား''

''ဟုတ်ကဲ့။ ကျွန်တော် သတိပြုမိပါတယ်''

လူရဲက ဖြေလိုက်သည်။ နွဲ့လေးရီကလည်း ဝင်ဖြေ၏။

''ဟုတ်ကဲ့၊ နွဲ့လည်း ဘကြီးဘာလုပ်နေတာပါလိမ့်ဆိုပြီး သေချာသတိထားကြည့်လိုက်မိပါတယ်ရှင့်''

''ဟင်း ဟင်း ... ဘာလုပ်ရမလဲ။ နွားနို့သောက်ချင်နေရှာတဲ့ ဖက်ီးကြီးကို နွားနို့တိုက်နေခဲ့တာလေ။ ခုလောက်ဆို သူသောက်ပြီးလောက်ရောပေါ့။ နို့ခွက်ကို ထကြည့်လိုက်ကြပါဦး''



www.burmeseclassic.com

www.burmeseclassic.com



လူရဲနှင့် နွဲ့လေးရီတို့က ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထကြ တာ ပြတင်းပေါက်အနီးသို့ချဉ်းကပ်သွားကြပြီး ရုပ်တုမည်းမည်း ကြီး၏ရှေ့ရှိ ကလပ်မြင့်မြင့်လေးပေါ်မှ နို့ခွက်ကို ကြည့်လိုက်ကြ သည်။

"ဟင်! "

"အို ... နို့ နို့တွေမရှိတော့ပါလား"

သူနှင့်သူမတို့က တအံ့တသြဖြင့် ရုပ်တု၏မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်ကြရာ ဖကီးကြီးက သူတို့ကို သွားဖြီး ပြနေသည်ဟု ထင်လိုက်မိကြလေ၏။

ဖကီးရုပ်တုကြီး၏ နှုတ်ခမ်းဝဲဘက်ထောင့်စွန်းတွင် နို့ဖြူ ဖြူတစ်စက်ကို တွေ့လိုက်ရသည့်အခါမှာမူ လူရဲနှင့် နွဲ့လေးရီတို့ မှာ တစ်ဦးမျက်နှာတစ်ဦး ဖျတ်ခနဲ ကြည့်လိုက်မိကြတော့သည်။

ထို့နောက် သူနှင့် သူမတို့က စောစောက နို့စက်ကို ပြန်ကြည့်လိုက်ကြရာ ယင်းနို့စက်မှာမရှိတော့ချေ။ ဖကီးကြီး၏ မျက်နှာကမူ ပို၍ ပြုံးဖြီးဖြီးဖြစ်လာသည်ဟု ထင်လိုက်မိကြလေ၏။

လူရဲ၏မျက်ဝန်းတို့ထဲတွင် စိတ်အားထက်သန်မှုကြောင်း အရောင်တောက်လက်သွားပြီး နွဲ့လေးရီမှာမူ ခြေဖျားလက်ဖျားတို့



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သွားပါတော့သည်။

"နွား ... နွားနို့တွေ ဖလားထဲမှာ တစ်စက်မှမရှိတော့ဘူး"

ကြိမ်ကုလားထိုင်တို့တွင် ပြန်ထိုင်လိုက်ကြစဉ် ခွဲ့လေးရဲ့က အသံတုန်တုန်လေးဖြင့် ပြောလိုက်လေရာ ယွန်းယွန်းနှင့်စိုးဝင်းတို့မှာ ပါးစပ်အဟောင်းသားဖြစ်သွားကြပါတော့၏။

ဦးဖေအောင်ကမူ ဒန်းပေါ့လ်ဆေးတံကြီးကို ခပ်မြှင်းမြှင်းဖွာရင်း မိန့်မိန့်ကြီး ပြုံးလိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... နို့တွေ ဘယ်ရှိတော့မှာလဲဖကီးကြီး သောက်လိုက်ပြီလေ"

ဤတွင် လူရဲက ဦးဖေအောင်ကို တည့်တည့်ကြည့်ရင်း တည်တည်ငြိမ်ငြိမ် မေးလိုက်တော့သည်။

"သစ်သားရုပ်တုက နို့ကို ကုန်းသောက်လို့ရပါ့မလားဘကြီးရဲ့"

"ဟင်း ဟင်း ဟင်း ... တကယ်တော့ အဲဒီသစ်သားရုပ်တုက သောက်တာမဟုတ်ဘူး။ သူ့မှာပူးကပ်နေတဲ့ ပရလောကသားက သောက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေအောင်၏စကားကြောင့် မိန်းကလေးနှစ်ဦးမှာ ကြက်သီးဖြန်းခနဲထသွားကြပါတော့၏။

"ဟင်း ဟင်း ဟင်း ... ဒါကြောင့်ပြောတာပေါ့။ ပရလောကသားတွေဟာ ကမ္ဘာဖိဒ္ဓိအထိုက်အလျောက် ရှိကြတယ်ဆိုပေမယ့် လူတွေလုပ်တဲ့အလုပ် သူတို့မလုပ်နိုင်တာ အများကြီးပါလို့။ အဲဒီ ဖကီးရုပ်တုကြီးမှာ ပူးကပ်နေတဲ့ ဝိညာဉ်ဟာ အာသံလူမျိုး ကုန်သည်တစ်ဦးပဲ။ သူတို့ကုန်သည်အချင်းချင်း တောထဲမှာ သစ္စာဖောက်ပြီး အသတ်ခံရရာက သူ့ရဲ့ဝိညာဉ်ဟာ အဲဒီ ဖကီးရုပ်တုကြီးမှာ ခိုတွယ်နေခဲ့တာပဲ ...၊

သူက သစ္စာမဲ့တာကို မုန်းတယ်။ နွားနို့ကို ကြိုက်တယ်။ သူမှာ ကမ္ဘာဖိဒ္ဓိအထိုက်အလျောက်ရှိပေမယ့် လူလို နွားနို့ကိုမရှာနိုင်ဘူး။ မညှစ်နိုင်ဘူး။ မဝယ်နိုင်ဘူး။ ဒါကြောင့် ဘကြီးကပဲ နွားနို့ဝယ်ပြီး တိုက်ရတယ်။ သူ့ကို တစ်ရက်ခြားတစ်ခွက်လောက်တော့ တိုက်ရတယ်"

"ဟောဟို အရိုးခေါင်းကြီးကရော ဘကြီး"

လူရဲက ခန်းဆောင်ကြီး၏ဝဲဘက်ထောင့်ရှိ သစ်သားဘလပ်လေးပေါ်တွင် သီးခြားရှိနေသည့် ရောမလူ့အရိုးခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ညှိုးညွှန်ပြကာ မေးမြန်းလိုက်လေသည်။

"သူကတော့ တိဗက်လူရှယ်တစ်ဦးရဲ့ ဦးခေါင်းခွံပါပဲ။ သူ့ဝိညာဉ်ကပဲ သူ့အရိုးခေါင်းမှာ တွယ်ငြိနေတယ်။ သူက အချစ်ရော၊ ဘဝရော၊ အသက်ပါ ဆုံးရှုံးပြီး သေခဲ့ရရှာသူပါ။ သနားစရာပါပဲ။ သူက နွားနောက်သားစားချင်ရှာတယ်။ ဒီမန္တလေးမှာတော့ နွားနောက်သား မရှိလို့ အမဲသားပဲ နှစ်ရက်ကို အစိတ်သားနှုန်း ကျွေးပေးရတယ်"

"ဟောဟိုက အရုပ်လေးကို ကြည့်လိုက်ကြ"

ဦးဖေအောင်ညွှန်ပြသည်က နံရံကပ်သစ်သားစင်လေးပေါ်မှ ရွှေရောင်ဆံပင်နှင့် ဘိုအရုပ်လေးပင် ဖြစ်ပါ၏။ လူအတိုင်း ဘောင်းဘီတိုတိုနှင့် စပို့ရှပ်တို့ကို ဝတ်ဆင်ပေးထားပြီး ဘွတ်ဖိနပ်နီနီလေးများကို ခြေထောက်တို့တွင် စွပ်ပေးထားသည်။

ပြုံးတူးကြောင်တောင်နှင့် ထိုကော်ပတ်ရုပ်လေးကို လူငယ်လေးဦးက လှည့်ကြည့်လိုက်ကြ၏။

"ဘီလပ်က ဂျွန်ဆိုတဲ့ကောင်လေးကို သူ့ပထွေးဟာ မြေအောက်ခန်းထဲမှာ ရိုက်သတ်ပစ်လိုက်ပြီး အဲဒီမြေအောက်ခန်းထဲမှာပဲ အလောင်းကို မြှုပ်လိုက်တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



..

သူပထွေးက အရုပ်ကုမ္ပဏီမှာ အရုပ်ဆေးခြယ်တဲ့ ဝန်ထမ်းဆရာပဲ။ မြေအောက်ခန်းတံခါးအဖွင့်မှာ ဂွန်ရဲ့ဝိညာဉ်ဟာ မြေအောက်ခန်းထဲကထွက်ပြီး သူ့ပထွေးရဲ့ ကုတ်အင်္ကျီအိတ်ထဲမှာ ခင်စာလေးအဖြစ် လိုက်ပါသွားခဲ့တယ်၊ အရုပ်ကုမ္ပဏီရောက်တော့ သူ့ပထွေးဆေးခြယ်တဲ့ အဲဒီအရုပ်မှာ သူ့ရဲ့ဝိညာဉ်က ခိုတွယ်ခဲ့တာပါပဲ၊ သူက အနိုင်ကျင့်တာကိုမုန်းတယ်။ ချောကလက်ကို ကြိုက်တယ်။ သူ့ကို ချောကလက် တစ်နေ့တစ်တောင့် ကျွေးရတယ်"

"သူတို့ရဲ့နောက်ကြောင်းတွေကို ဘကြီး ဘယ်လိုလုပ်သိတာလဲ ခင်ဗျ"

"ဟဲ ဟဲ ဟဲ ...မောင်လူရဲရဲ။ ကျုပ်က သူတို့နဲ့ ဆက်သွယ်မှုရနေသူလေ။ သာမန်လူတွေ နားလည်ဖို့မလွယ်တဲ့ ဆက်သွယ်မှုမျိုး ကျုပ်တို့ကြားမှာ ရှိတယ်။ နှုတ်နဲ့လည်း ပြောဆိုဆက်သွယ်မှုရှိတယ်။ သာမန်လူတွေကိုတော့ သူတို့ဆန္ဒရှိတဲ့အခါ အိပ်မက်ပေးလို့ဖြစ်စေ၊ တစ်ခုခုကို လှုပ်ခါပြလို့ဖြစ်စေ၊ ကိုယ့်ရိပ်ကိုယ်ထင်ပြလို့ဖြစ်စေ အနံ့ပေးလို့ဖြစ်စေ ဆက်သွယ်တတ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်လူငယ်လေးဦးမှာ ဦးဖေအောင်၏စကားများကို ယုံရခက်ခက် မယုံရခက်ခက် ဖြစ်နေကြတော့၏။

ဦးဖေအောင်က လူငယ်လေးဦးကို မျက်လုံးတစ်ချက် ဝေ့ကြည့်ကာ ပြုံးလိုက်ပြန်သည်။

"အင်း . . . မင်းတို့က လောကဓာတ်ကျောင်းမှာ လောကဓာတ်ပညာတွေ သင်ယူနေသူ လူငယ်တွေဆိုတော့ ကျုပ်ရဲ့စကားကို ရုတ်တရက် လက်ခံနိုင်ချင်မှ လက်ခံနိုင်မှာပေါ့လေ"

"ကျွန်တော်တို့က လက်မခံဘူးရယ်တော့ မဟုတ်ပါဘူး။ လောကဓာတ်သိပ္ပံပညာ ထွန်းကားလာတဲ့ခေတ်ကြီးမှာ ဘယ်အရာမဆို အနည်းဆုံး ကိုယ်တွေ့နဲ့မှတ်ကျောက်တင်ကြည့်ချင်တာပါပဲ။ ဥပမာ–ဟောဟို မှန်ခေါင်းကြီးထဲကနေ နန်းဝတ်နန်းစားနဲ့ မိန်းမပျိုတစ်ဦး ထွက်ထွက်လာတယ်ဆိုတာမျိုးပေါ့"

လူရဲ၏ စကားအဆုံးတွင် ဦးဖေအောင်က ခေါင်းတလားကြီးကို လည်ပြန်လှည့်ကြည့်လိုက်လေသည်။

"အင်း . . . အဲဒါ မိဖုရားရှင်ဘုန်းမယ်ရဲ့ခေါင်းတလားကြီးပါပဲ။ ဒါပေမဲ့ အဲဒီခေါင်းတလားကြီးထဲက ထွက်ထွက်လာတာဟာ မိဖုရားရှင်ဘုန်းမယ်တော့ မဟုတ်ဘူးကွဲ့။ ရှင်ဘုန်းမယ်နဲ့ တစ်ခိုန်



www.burmeseclassic.com

www.burmeseclassic.com



တည်းလိုလို သေဆုံးခဲ့ရတဲ့ နန်းတွင်းသူ မောင်းမမိဿံတစ်ဦးပဲ။ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်သူ ဒါန သီလ ဘာဝနာနဲ့ ပြည့်စုံသူမိဖုရား ရှင်ဘို့မယ်ကတော့ ကွယ်လွန်ပြီးပြီးချင်း ကောင်း ရာဘုံဌာနဆီ ရောက်သွားပြီ။ ဒါန သီလ ဘာဝနာအားနည်းတဲ့ အပြင် အဖျားရောဂါကြောင့် သေဆုံးခါနီးမှာ မိဖုရားဖြစ်လိုဇော ကပ်သွားတဲ့ မောင်းမမိဿံဟာ မကျွတ်မလွတ်ဘဲ မိဖုရားရဲ့ ခေါင်းတလားမှာ ဝိညာဉ်တွယ်ခဲ့တာပါပဲကွယ်"

"ဪ . . . သူလည်း ပြာသိုလမှာပဲ ဆုံးပါးခဲ့လို့ ပြာသို သမှာမှ ခေါင်းတလားထဲက ထွက်ထွက်လာတာပေါ့၊ ဟုတ်လား ဘကြီး"

"အေး . . . ဟုတ်တယ်၊ သူ့ဝိညာဉ်က အဲဒီတစ်လပဲ လှုပ်လှုပ်ရှားရှားရှိတယ်"

"ဒီလက ပြာသိုလဆိုတော့ သူထွက်ထွက်လာမှာပေါ့ နော်"

"ဒါပေါ့ . . . လသာညလ မိုက်ညတွေရဲ့ သန်းခေါင် ယံမှာ ခေါင်းထဲကနေ သူ ထ,ထလာတာပါပဲ"

"ဒါဆို မနက်ဖြန် လပြည့်ညမှာ သူ လှုပ်ရှားလာမှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်နော် ဘကြီး''

''သေချာတာပေါ့ကွာ၊ အဲဒီတော့ မောင်လူရဲက ဘာလုပ်ချင်လို့လဲကွဲ့''

''ခေါင်းတလားထဲကနေ အဲဒီမိန်းမထွက်လာတာကို ကျွန်တော်တို့ ဒိဋ္ဌမမြင်တွေ့ချင်ပါတယ် ဘကြီး။ ဘကြီးက ကျွန်တော်တို့ကို တွေ့ခွင့်ရောပြုပါ့မလား ခင်ဗျ''

''ဩော် ... ဟင်း ဟင်း ဟင်း။ မင်းတို့က ပရလောကသားတွေရဲ့လှုပ်ရှားမှုကို လက်တွေ့ တွေ့ချင်ကြတာကိုး။ မင်းတို့ကြည့်ချင်ရင် ကျုပ်က ခွင့်ပြုရမှာပေါ့ ...ဟဲ ဟဲ ဟဲ''

''ဟား ... ဘကြီးရဲ့ခွင့်ပြုချက်တော့ရပြီ၊ ကိုယ်တို့ဒီည စောင့်ကြည့်ရအောင် ယွန်း''

လူရဲက ဝမ်းသာအားရဖြစ်သွားပြီး စိတ်အားထက်သန်စွာဖြင့် ယွန်းယွန်းကို လှည့်ကြည့်ကာ တိုက်တွန်းသလိုလို ပြောလိုက်သည်။

ယွန်းယွန်းသည် ယင်းအစီအစဉ်ကို သဘောမတူလိုသော်လည်း လွန်စွာ စိတ်အားထက်သန်နေသည့်ချစ်သူကို တားရခက်နေ၏။ သည်ကြားထဲ တာတီးကတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ယွန်းယွန်း၊ အဲဒါ ငါတို့ရဲ့ဘဝမှာ ဘယ်တုန်းကမှ မတွေ့ကြုံဖူးတဲ့ အတွေ့အကြုံအသစ်ပဲဖြစ်မယ်။ တော်တော်မှတ်မှတ်ရရ ဖြစ်စေမယ့်အတွေ့အကြုံဆန်းလည်း ဖြစ်မှာသေချာတယ်ဟ"

နွဲ့လေးရီကပါ ထောက်ခံသလို ဝင်ပြောသည်။

"ဟုတ်တယ်နော်၊ စောစောက နွားနို့နဲ့တင် တော်တော်စိတ်လှုပ်ရှားစရာကောင်းနေပြီ။ တကယ်လို့ ဒီညသာ စောင့်ကြည့်ခွင့်ရရင် တော်တော်ကြီးကို အံ့သြစရာကြုံရမှာပဲ"

နောက်ဆုံးဝယ် သုံးမဲတစ်မဲဖြစ်နေသဖြင့် သူငယ်ချင်းတို့၏အလိုကိုလိုက်လျောရန် ယွန်းယွန်း ခက်ခက်ခဲခဲ ဆုံးဖြတ်လိုက်ရတော့သည်။

"အေးလေ ... နင်တို့ အတွေ့အကြုံဆန်းကိုမှ ကြုံဖူးချင်တယ်ဆိုရင်တော့ လုပ်ပေါ့။ တော်ကြာ နင့်လိပ်ပြာ လွင့်သွားမယ်နော် နွဲ့လေး"

"အေး ... ငါလည်း ကြောက်တော့ကြောက်တယ်။ ဒါပေမဲ့ ... အဲဒါမျိုးကို ကြုံတောင့်ကြုံခဲ ငါတွေ့ဖူးချင်တယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် . . . ဦးဖေအောင်က ဆေးတံကြီးခဲရင်း ပြုံးလိုက်သည်။

"မကြောက်ပါနဲ့ ကလေးမရဲ့။ သူတို့က သူတို့ကို ရန်မပြုရင် ဘာမှမလုပ်ပါဘူး။ သူတို့ဟာလည်း တို့များလူတွေလိုပါပဲ သူတို့ကို မေတ္တာထားရင် သူတို့ကလည်း မေတ္တာပြန်ထားတတ်ကြပါတယ်"

"ဘကြီးပြောတာ ဟုတ်တယ်။ ဘုရားရှင်လက်ထက်တော်အခါက ရဟန်းငါးရာဟာ ဝါဆိုဝါကပ်ဖို့ တောအုပ်တစ်ခုထဲ ဝင်ခဲ့ကြတဲ့အခါ နတ်ဘီလူးတွေက အမျိုးမျိုးခြောက်လှန့်တဲ့အတွက် ရဟန်းတွေ တရားမကျင့်နိုင်ကြဘူးတဲ့။ ဒါနဲ့ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ဆီ ပြန်သွားပြီး ဘုရားရှင်ကို အကျိုးအကြောင်း လျှောက်ထားတဲ့အခါ ဘုရားရှင်က နတ်ဘီလူးတို့အပေါ် မေတ္တာထားဖို့ ရဟန်းတွေကို ဆုံးမတော်မူပြီး မေတ္တသုတ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့တယ်တဲ့။ ရဟန်းတွေလည်း အဲဒီတောထဲ ပြန်ဝင် မေတ္တသုတ်ကို ရွတ်ဖတ်ပြီး နတ်ဘီလူးတို့အပေါ် မေတ္တာပွားများတဲ့အခါ ခြောက်လှန့်ခံရခြင်းကင်းပြီး တရားကောင်းကောင်း ကျင့်ကြံနိုင်တဲ့အတွက် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ငါးရာစလုံး ဝါမကျွတ်မီမှာပဲ ရဟန္တာဖြစ်တော်မူကြကုန်တယ်တဲ့။ တို့တွေကလည်း ပရလောကသားတွေအပေါ် မေတ္တာထားရင် သူတို့ကလည်း တို့တွေကို အန္တရာယ်ပြုမှာ မဟုတ်ပါဘူး"

လူရဲ၏ချက်ကျလက်ကျ ပြောဆိုမှုကို ဦးဖေအောင်က လွန်စွာ သဘောကျသွားပြီး အားပါးတရ ပြုံးလိုက်လေသည်။

"အေး ... မောင်လူရဲပြောတာ မှန်တယ်။ ပရလောကသားတွေအပေါ်သာ မေတ္တာထားပါ။ သူတို့က ကလေးတို့ကို ဘာမှလုပ်မှာမဟုတ်ပါဘူး"

ယွန်းယွန်းက သက်ပြင်းလေးချလိုက်ရှာသည်။

"ကဲပါလေ ... ဟုတ်ပါပြီ။ ဒါဆိုလည်း ဒီည စောင့်ကြည့်ကြတာပေါ့။ ယွန်းလည်း စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ ဖေဖေ ခွင့်ပြုဖို့ ဘကြီးပြောပေးမှ ဖြစ်မှာနော်"

"အေးပါ ... ဘကြီး ပြောထားပါ့မယ်။ အကြောင်းတစ်ခုခုပြပြီး သမီးတို့ ဒီည ဒီမှာ စောင့်အိပ်နိုင်ဖို့ သူကြီးခွင့်ပြုအောင် ဘကြီးပြောပေးပါ့မယ်"

"ဟုတ်ကဲ့ ဘကြီး။ ဒါဆို သမီးရဲ့ သူငယ်ချင်းတွေကို ဘုရားကြီးတို့၊ ဈေးချိုတို့ လိုက်ပို့လိုက်ဦးမယ်။ ပြီးရင် မွန်လေး



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်ကြမယ်။ ထမင်းတော့ မြို့ထဲမှာပဲ စားလိုက်ကြမယ်။ ညနေစောင်းမှ ဒီကိုပြန်လာခဲ့မယ် ဘကြီး"

"အေးပါ ... သမီးရယ်။ ညစာတော့ ဒီမှာပဲ စားကြပါ။ ဒေါ်ဥကို ဘကြီး စီစဉ်ခိုင်းထားလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ဘကြီး"

ထို့နောက် ဦးဖေအောင်ကို နှုတ်ဆက်ခဲ့ကြကာ ယွန်းရွှေရည်ခြံဝင်းကြီးထဲမှ ဂျစ်ကားလေးဖြင့် ပြန်ထွက်ခဲ့ကြပါတော့၏။

လမ်းတွင် ယွန်းယွန်းက –

"နွဲ့လေး ... ညကြီးသန်းခေါင်ယံမှာ ပရလောကသားတွေရဲ့လှုပ်ရှားမှုကို နင်မြင်ရင် လိပ်ပြာလွင့်သွားမှာ မကြောက်ဘူးလား"

ဟု နွဲ့လေးရီကိုမေးလိုက်လေသည်။

"ကြောက်တော့ ကြောက်တာပေါ့ဟာ။ ဒါပေမဲ့ ငါ ခေါင်းတလားကြီးထဲက ဝိညာဉ်တကယ်ထွက်မထွက် စောင့်ကြည့်ချင်တယ်ဟာ။ နင်လည်း ကြောက်တယ်မဟုတ်လား ... ယွန်းယွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ခုကတည်းက ကျောရိုးထဲက စိမ့်စိမ့်တက်နေတယ်။ ဒါပေမဲ့ နင့်လိုပဲ ဝိညာဉ်တွေရဲ့လှုပ်ရှားမှုကို တွေ့ဖူးချင်တယ်ဟ"

ဤတွင် လှုရဲက အရွှန်းဝင်ဖောက်လိုက်သည်။

"ယွန်း သိပ်ကြောက်တဲ့အခါ ကိုယ့်ကို တအားဖက်ထားလိုက်ပေါ့ ယွန်းရဲ့ ...ဟဲ ဟဲ ဟဲ"

ယွန်းယွန်းက လှုရဲကို မျက်စောင်း ဒိုင်းခနဲပစ်ထိုးလိုက်၏။

"ဟွန်း ... သူကဲလို့ ဒီဇာတ်လမ်းဖြစ်လာတာ။ ယွန်းသာ လိပ်ပြာလွင့်သွားပြီး သေရင်တော့ သူ့ကို အရင်ဆုံး ကုပ်ချိုးသတ်မှာ"

"ချစ်သူသရဲမလေးက သတ်ရင် ကိုယ်သေရဲပါတယ် ယွန်းရဲ့။ ဒါမှ ပရလောကမှာ တူတူပြန်ဆုံပြီး ပေါင်းရမှာလေ။ အဲဒီလောကမှာ မိန်းမယူရင် မင်္ဂလာစရိတ်တော့ ကုန်မှာမဟုတ်ဘူး ...ဟဲ ဟဲ ဟဲ"

"ကဲ ကဲ ... ပေါက်ကရပြောဦး၊ ပေါက်ကရပြောဦး"

"ဘုန်း ဘုန်း ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းယွန်းက အသည်းယားလာပြီး လူ့ရဲ့ခေါင်းကျောပြင် ဖျောတင်ရာ ဂျစ်ကားလေးပေါ်ဝယ် ရယ်သံတို့ ညံစီသွားပါတော့ ၏။

"ဟဲ ဟဲ ဟဲ"

"ဟား ဟား ဟား"

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

နီးထလာသည့်ဝိညာဉ်မ

ဆောင်းညအန္တရာယ်

ဖောက်ပြန်လာသော နာနာဘာဝများ

မရဏာလက်မည်း

သေမင်းတမန်ည

သံသယသားကောင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## နိုးထလာသည့် ဝိညာဉ်မ

ထိုနေ့ညက ညစာစားပြီးကြသည်နှင့် အိမ်ပေါ်ထပ် ရှေ့ဘက်ရှိ ဝရန်တာပေါ်တွင် ကြိမ်ကုလားထိုင်များဖြင့် ဝိုင်းထိုင်ကြရင်း လူရဲတို့သူငယ်ချင်း လေးယောက်မှာ ပြာသိုလ၏ လပြည့်ဝန်းကို ငေးမောကြည့်ကာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြဆဲသည်။

မန္တလေး၏ ဆောင်းညက အေးစိမ့်လှသောကြောင့် အနွေးထည်ကိုယ်စီဖြင့် ခေါင်းစွပ်များစွပ်ကာ လရောင်အောက်တွင် ငြိမ်ကုပ်နေကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော နှင်းမြူမကွဲမီ အမရပူရမှ ထွက်လာကတည်းက အနွေးထည်များဝတ်ကာ ခေါင်းစွပ်တို့ စွပ်လာခဲ့ကြသဖြင့် ဆောင်းည၏အအေးဒဏ်ကို အံကုနေနိုင်ကြခြင်း ဖြစ်သည်။

ဒေါ်ဥ ဖျော်ပေးထားသည့် လက်ဖက်ရည်ချိုချိုကျကျကိုသောက်လိုက်၊ ရေနွေးကြမ်းမော့လိုက်ဖြင့် မကြာမီ ရောက်ရှိလာတော့မည့် စိတ်လှုပ်ရှားကြောက်မက်ဖွယ် သန်းခေါင်ယံအချိန်ကိုရင်တခုန်ခုန်ဖြင့် သူတို့ ငံလင့်နေကြ၏။

ယွန်းရွှေရည် စံအိမ်ကြီး၏အောက်ထပ်၌ ဖွင့်ထားသောဓာတ်စက်မှ အဆိုတော်မကြည်အောင်၏ သော်တာရောင်သီချင်းသံက အိမ်ပေါ်ထပ်လသာဆောင်ဆီသို့ သဲ့သဲ့လေးလွင့်ပျံတက်လျက်ရှိလေသည်။

♫ ကြယ်တာရာ ××× ဝန်းရံခတဲ့ ××× ဖိုးရွှေလမင်း ××× ဆင်းရောင်ခြည် ××× တမ်းတကာ မှန်းမျှော်ရတယ် ××× လူတိုင်း စိတ်မှာကြည် ××× ဆောင်လေသာပြတင်းဆီ ××× မြူတိမ်ခြေရှင်းပြီး ××× ငွေသော်တာမင်း ××× ထိန်လင်းသည် ××× ♫



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အခုချိန်မှာတော့ တို့တစ်တွေရဲ့စိတ်မှာ မကြည်ပါဘူးနော့ နွဲ့လေးရို့ ရင်တွေပဲ တဒိန်းဒိန်းခုန်နေတယ်"

ယွန်းယွန်းက ခပ်တိုးတိုးပြောလိုက်ရာ နွဲ့လေးရိုက သူမ၏လက်ချောင်းလေးများဖြင့် ယွန်းယွန်း၏ လက်ဝါးတစ်ဖက်ကို ဖမ်းဆုပ်လိုက်သည်။

နွဲ့လေးရို၏လက်ချောင်းလေးများက အေးစက်လျက်ရှိပြီး ယွန်းယွန်း၏ အိအိဖောင်းဖောင်းလက်ဝါးလေးမှာ ချွေးစေးတို့ ပြန်လျက်ရှိ၏။

"အေးဟယ် ... ဒီနေရာက ခြံကျယ်ဝန်းကျယ်ကြီးတွေနဲ့ တိတ်ဆိတ်နေတာပဲနော်။ တစ်အိမ်နဲ့တစ်အိမ်ကလည်း အဝေးကြီး။ ခေါ်မကြား အော်မကြားနဲ့ တစ်ခုခု အရေးကြုံရင် ဘယ်ကမှ အကူအညီရမှာ မဟုတ်ဘူး"

စိုးဝင်း (တာတီး) က လက်ဖက်ရည်ခွက်ထဲမှ လက်ကျန်ကို မော့လိုက်ပြီး ပြုံးလိုက်သည်။

"ဘယ်လိုလဲ နွဲ့လေး၊ သန်းခေါင်ယံနီးလာလို့ သွေးကြောင်လာပြီလား"

နွဲ့လေးရိုက လရောင်ကြောင့် ဖွေးဖွေးထင်းထင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် တာတီး၏မျက်နှာကို လှည့်ကြည့်ကာ မျက်စောင်းထိုး လိုက်တော့သည်။

"ဟဲ့ မသာကောင်ရဲ့ ... ငါတို့ကမိန်းကလေးပဲ ကြောက်တာပေါ့"

"နင်က ကြောက်သာကြောက်တာ စပ်စုချင်လိုက်တာ လည်း လွန်ရော"

"အံမယ် ... နင်တို့လည်း အတူတူပါပဲနော်"

"ကဲ ... ဆယ့်တစ်နာရီခွဲပြီ။ ငါတို့ အိမ်ထဲဝင်ကြစို့"

လူ့ရဲက လရောင်ဖြင့် သူ့လက်ပတ်နာရီကိုကြည့်ပြီး ဆော်ဩလိုက်ရာ သူတို့လေးဦးစလုံး ခပ်လေးလေးအသွင်ဖြင့် ကြိမ်ကုလားထိုင်များပေါ်မှ ထလိုက်ကြတော့သည်။

ပြီးတော့ စံအိမ်ကြီးထဲသို့ လှမ်းဝင်ခဲ့ကြကာ စင်္ကြံ အတိုင်း အထူးဧည့်ခန်းဆောင်ကြီးဆီ လျှောက်လှမ်းလာကြသည် တွင် ဧည့်ခန်းဆောင်ကြီးထိပ်ရှိ ကြိမ်ကုလားထိုင်အစိုင်းကြီး ဦးဖေအောင်တစ်ယောက် ဆိတ်ငြိမ်စွာထိုင်လျက် ဒန်းပေါ ဆေးတံကြီး တမြှိုင်းမြှိုင်း ဖွာနေသည်ကို တွေ့ရလေသည်

အထူးဧည့်ခန်းဆောင်ကြီး၏နံရံမှ တိုင်ကပ်နာရီ ချိန်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက တစ်ချက်ချက်မြည်သံနှင့်အတူ ဘယ်ညာလွှဲယမ်းနေရာ အကျယ်ပေနှစ်ဆယ် အလျားပေလေးဆယ်ခန့်ရှိသော ခန်းဆောင်ကြီးတစ်ခုလုံးတွင် နာရီစက်သံသာထွက်ပေါ်လျက်ရှိတော့၏။

စံအိမ်ကြီး၏အောက်ထပ်မှ ခါတ်စက်ကိုလည်း ပိတ်သိုက်ပြီးပြီမို့ ဆောင်းညဥ့်ယံသည့်အတိတ်ဆိတ်ကြီး တိတ်ဆိတ်လျက်ရှိတော့သည်။

လူရဲတို့လေးယောက်က အထူးဧည့်ခန်းဆောင်ကြီး၏ ဝဲဘက်နံရံအနီး၌ ခင်းကျင်းထားသည့် ကြိမ်ကုလားထိုင်များတွင် အသာထိုင်လိုက်ကြရာ ခန်းဆောင်ကြီး၏ လက်ယာဘက်နံရံအနီးရှိ မိဖုရားရှင်ဘို့မယ်၏ မှန်ခေါင်းတလားကြီးနှင့် မျက်နှာချင်းဆိုင်လျက်ရှိပြီး ခေါင်းတလားနှင့် သူတို့ကြားဝယ် မွေးပွဆောက်ဖောကြီးတစ်ချပ် ခင်းထားလေ၏။

တိုင်ကပ်နာရီကြီး၏ နာရီနှင့်မိနစ်လက်တံတို့သည်ကားညဥ့်သန်းခေါင်ယံကို ဖော်ညွှန်းပြဆိုမည့် ဂဏန်းကွက် တစ်ဆယ့်နှစ်၌ တစ်ထပ်တည်းကျရန် နီးကပ်သည်ထက် နီးကပ်လာခဲ့ချေပြီ။

၆

ခု နစ် စဉ် ကြယ် ၏ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက် ဦးဖေအောင်က ထိုင်ရာမှထလိုက်သည်။

ထောင်ထောင်မောင်းမောင်း အရပ်နှင့် ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးတွင် အနက်ရောင်သင်တိုင်းအင်္ကျီကြီးကို ဝတ်ထားသ နံရံကပ် Dim light မီးရောင်မှိန်မှိန်တို့သာ ထွန်းထားသည့် ခန်းဆောင်ကြီးထဲတွင် ရောမဝက်ဝံကြီးတစ်ကောင် ပတ်ပ နေသည်နှင့် တူလှချေ၏။

ဆယ့်နှစ်နာရီထိုးရန် ဆယ်မိနစ်ခန့်အလိုမှာပင် သူ့ထံ အသံဩဩကြီး ထွက်ပေါ်လာသည်။

"ကဲ ... ကလေးတို့ သန်းခေါင်ယံအချိန်ရောက်ဖို့ မိ ပိုင်းပဲလိုပါတော့တယ်။ ကျုပ်တော့ အိပ်ရာဝင်တော့မယ်။ ဟော ခေါင်းတလားကြီးထဲက ဝိညာဉ်မ နိုးထလှုပ်ရှားလာတာကို မ တို့ဘာသာ လွတ်လွတ်လပ်လပ် စောင့်ကြည့်ခံစားရစ်ကြ တော့"

ဦးဖေအောင်က ပြောပြောဆိုဆိုဖြင့် ခန်းဆောင်ကြီ ထိပ်ဘက်သို့ လျှောက်လှမ်းလာပြီး စင်္ကြံလမ်းအတိုင်း အိမ် ဘက်သို့သွားကာ ဘုရားခန်းနှင့်ကပ်လျက်ရှိသူ၏ အိပ်ခန်း ဝင်ရောက်ပျောက်ကွယ်သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့လူငယ်လေးဦးမှာ အလင်းမှိန်မှိန်အောက်ဝယ် အထိးထိး ကျန်ရစ်ခဲ့ပါတော့သည်။

ဆောင်းညဥ့်က ပိုမိုအေးစက်တိတ်ဆိတ်လာပြီး ပြာသို ညပြည့်နေ့၏ ညဥ့်သန်းခေါင်ယံသို့ တဖြည်းဖြည်း ရောက်လုနီး လာခဲ့ချေပြီ။

"ဒင့် ဒင် ဒင် ဒင် ဒင်"

တိုင်ကပ်နာရီကြီးဆီမှ ထွက်ပေါ်လာသည့် သန်းခေါင်ယံ ထိုးပြီဖြစ်ကြောင်း အချက်ပေးခေါင်းလောင်းမြည်သံက လူရဲတို့ အနွှာကိုယ်အား ဆတ်ခနဲ လှုပ်သွားစေသည်။

သူတို့က နာရီအချက်ပေးသံအဆုံးတွင် ဟာလာ ဟင်းလင်းဖြစ်လျက်ရှိသော မိဖုရားရှင်ဘို့မယ်၏ ခေါင်းတလား ကြီးကို လှမ်းကြည့်လိုက်ရာ ပြတင်းပေါက်မှ ထိုးကျနေသည့် အရောင်အောက်ဝယ် မှန်ခေါင်းက ရောင်ပြန်တလက်လက်ထနေ သည်ကိုသာ တွေ့ရလေသည်။

လူရဲတို့လေးဦးစလုံးက ခေါင်းတလားကြီးကို အာရုံစူး စိုက်စွာ ငေးကြည့်နေကြစဉ်မှာပင် မှန်ခေါင်းကြီးထဲမှ အငွေ့ဖြူမြူ ...များ ဝေ့လည်တက်လာသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ရှူး တိုးတိုး ... အသံမထွက်နဲ့ နွဲ့လေးရဲ့"

မှန်ခေါင်းထဲတွင် အငွေ့ဖြူဖြူတို့ ပြည့်သိပ်လာပြီး ခေါင်းတလားကြီး၏ပတ်လည်တွင်ပါ နှင်းမြူတို့ ဝိုင်းသည့်နှယ် အငွေ့ဖြူတို့ ဝိုင်းပတ်လာပါတော့သည်။

ယင်းအခိုက် အငွေ့ဖြူဖြူတို့ထဲတွင် လူရိပ်လိုလိုကို တွေ့လိုက်ကြရပြီး ထိုလူရိပ်မှာ ဆံပင်ဖားလျားချထားသော မိန်းမတစ်ဦး၏ ရုပ်သွင်မျိုး ဖြစ်၏။

ထိုမိန်းမသည် ခေါင်းတလားကြီးထဲတွင် တဖြည်းဖြည်း ထထိုင်လိုက်ပြီး ခေါင်းတလားထဲမှ ခြေတစ်ဖက် စတင်လှမ်းထွက်လိုက်တော့သည်။

သူမသည်ကား ခါးတောင်အင်္ကျီနှင့် ထိုင်မသိမ်းလုံချည်တို့ကို နန်းဆန်ဆန် ဝတ်စားထားသော်လည်း သူမ၏ရုပ်သွင်က ညှိုးလျလျ ရှိလှသည်။

ခေါင်းတလားထဲမှထွက်လာသည့် ထိုမိန်းမသည် အငွေ့ဖြူဖြူတို့ကြား၌ ရပ်လိုက်လေလျှင် ခန်းဆောင်ကြီးတစ်ခုလုံး၌ မွှေးရနံ့တို့ ရုတ်ချည်းကြိုင်လှောက်လာပြီး လူရဲ့ရှိသည် မွှေးအီအီ

www.burmeseclassic.com

www.burmeseclassic.com



ခန့်ကြောင့် အာရုံကြောတို့ လေးလံထိုင်းမှိုင်းသွားကာ အိပ်ချင်စိတ်တို့ လွှမ်းမိုးလာတော့၏။

ယင်းအခိုက်မှာပင် မိဖုရားရှင်ဘို့မယ်၏ ခေါင်းတလားဆဲမှ ထွက်လာသည့် မောင်းမမိဿံ ဝိညာဉ်မသည် ခန်းဆောင်ကြီး၏ရှေ့ဘက်သို့ အငွေ့ဖြူဖြူတို့ကြားမှနေ၍ တရွေ့ရွေ့ လှမ်းသွားရာ သူမကို လိုက်ကြည့်ရင်း လူရဲတို့၏မျက်ခွံများ လေးလံသည်ထက် လေးလံလာပြီးလျှင် မျက်လုံးအကြည့်တို့ ရီဝေလာသျက် ခဏအတွင်းမှာပင် ကြိမ်ကုလားထိုင်များပေါ်သို့ ခေါင်းလန်ကာ ငြိမ်သက်သွားကြပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဆောင်းညအန္တရာယ်

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည့် လူရဲတို့သည် ကျီးအာသံများနှင့် စာကလေးတို့၏ တကျီကျီအော်မြည်သံတို့ကြောင့် နိုးထလာကြသည့်အခါ နေရောင်ခြည်နွေးနွေးပင် သူတို့၏ ကိုယ်ပေါ်သို့ ပြတင်းမှန်တို့ကို ထိုးဖောက်ကျရောက်နေပြီ ဖြစ်ကြောင်း သတိပြုမိကြတော့သည်။

"ဟာ ... ည ညက ငါတို့အိပ်ပျော်သွားကြတာပါလား"

"ဝါး ... ဟုတ် ... ဟုတ်တယ် လူရဲ။ ငါတို့ ... ဟို ဟို ... ဝိညာဉ်မကို လိုက်ကြည့်ရင်း မွေးရန့်ကြောင့်ခေါင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နူးရိရိဖြစ်လာရာက သတိလစ်သလိုလို အိပ်ပျော်သလိုလို ဖြစ်သွားကြတာကွ''

လူရဲရော တာတီးပါ နေရောင်ခြည်ဖြတ်သန်းကျရောက်နေသည့် မှန်ခေါင်းတလားကြီးဆီ လှမ်းကြည့်လိုက်ကြရာ ကြက်သီးဖြန်းခနဲ ထသွားကြပါတော့၏။

''ဟုတ် ... ဟုတ်တယ်ကွ၊ ခုတော့လည်း ခေါင်းထဲမှာ ဘာမှမရှိပါလား''

ကောင်းစွာ နိုးလာပြီဖြစ်ကြသည့် ယွန်းယွန်းနှင့် နွဲ့လေးရီ တို့သည်လည်း မျက်ဝန်းတို့ကို လက်ခုံတို့ဖြင့် ပွတ်သပ်ကာ ခါးကြောဆန့်လိုက်ကြပြီးနောက် လူရဲနှင့် စိုးဝင်းတို့ကိုတစ်လှည့် မှန်ခေါင်းတလားကြီးကိုတစ်လှည့် ပြူးတူးကြောင်တောင် ကြည့်နေကြတော့၏။

''ည ... ညက ငါတို့ ဟို ... ဟိုဟာကို တကယ်မြင်လိုက်ရတာပါနော် ... ယွန်း''

''အေး ... မြင်လိုက်တယ်ထင်တာပဲ။ အင်း ... အခု ပြန်စဉ်းစားကြည့်တော့လည်း အိပ်မက်လိုလို ဇဝေဇဝါကြီးပါ''

တကယ်လည်း ညက ဖြစ်ရပ်ကို ပြန်စဉ်းစားတိုင်း ဇဝေ



www.burmeseclassic.com

www.burmeseclassic.com



ဖေါ်ဖြစ်ရသည်။

"ဘာပဲဖြစ်ဖြစ်ဟာ အဲဒီခေါင်းတလားထဲက ဝိညာဉ် ထွက်လာတာကို ငါတို့ကိုယ်တိုင် မြင်ခဲ့ကြတာပဲ။ ဝိညာဉ်တွေက ဘယ်လိုပဲ လှည့်စား လှည့်စား ငါတို့တွေ့ခဲ့ရတာ သေချာတယ်"

"အေး ...ဟုတ်တယ်၊ သေချာတယ်။ ဝိညာဉ်မရဲ့ လှုပ်ရှားမှုကို ငါတို့ သေသေချာချာ တွေ့ခဲ့ကြတာဟ"

"အေးဟာ ... ငါတော့ ဝိညာဉ်လောကရှိတယ်ဆိုတာ ကို ယုံသွားပြီ"

"နွဲ့လေး ... နင် အဲဒါမှ မယုံသေးရင်လည်း ဝိညာဉ် သရဲတွေက နင့်ကို ကုပ်ချိုးသတ်မှသာ ယုံပေတော့"

"ဟဲ့ခွေးကောင် စိုးဝင်း ... နင့်ကိုပဲ ကုပ်ချိုးမှာ။ ငါ့ကို မချိုးဘူး။ ငါက သူတို့အပေါ် မေတ္တာထားတယ်ဟ သိလား"

"အေးပါ နွဲ့လေးရယ် ... တော်ကြာ မေတ္တာထားရာက နေ မေတ္တာပါရှိသွားလို့ သရဲနဲ့ ညားနေပါဦးမယ် ...ဟဲ ဟဲ ဟဲ"

"ကြည့်စမ်း ... ဒီကောင် တော်တော်ပေါက်ကရပြောပါ လား။ အဲဒီသရဲကို နင့်ရည်းစားနဲ့ ပေးညားလိုက် ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ . . . စကားများမနေကြနဲ့။ အောက်ထပ်ဆင်းကြရအောင်"

"အေး . . . ဟုတ်တယ်၊ ငါ မျက်နှာသစ်ချင်လှပြီ"

သို့ဖြင့် လူရဲတို့ အောက်ထပ်ဆင်းလာကြပြီး ကိုယ်လက်သန့်စင် မျက်နှာသစ်ကြသည်။

ပြီးတော့ ဒေါ်ဥနှင့် အိမ်စေမလေးများပြင်ပေးသည့် ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီကို သောက်ကြ၏။

"ဒေါ်ဥ ဘကြီးရောဟင်"

"သခင်ကြီးက ကျုံးဘေးတစ်လျှောက် လမ်းလျှောက်ထွက်တယ်လေ။ ခဏနေ ပြန်လာပါလိမ့်မယ်"

"ဪ"

"သခင်ကြီးက တစ်ခါတလေ အဲလိုပဲ မနက်စောစောလမ်းလျှောက်ထွက်တတ်တယ်။ ခုတစ်လော လမ်းလျှောက်မထွက်တာတောင် တော်တော်ကြာနေပြီ ယွန်းယွန်းရဲ့"

"ဒေါ်ဥ ဒီ . . . ဒီအိမ်ကြီးရဲ့အပေါ်ထပ်ကို တက်ဖူးလားဟင်"

"တက်ဖူးတာပေါ့၊ မနက်တစ်ခါ ညနေတစ်ခါ သခင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွက် မနက်စာ ညစာတွေ သွားပို့ရတယ်လေ။ ဒီ့ပြင်အချိန်တွေမှာတော့ မတက်ဖြစ်ဘူး။ သခင်ကြီးခေါ်မှ တက်ခွင့်ရတာလေ။ သခင်ကြီးက နိုင်းစရာရှိရင် ခေါင်းလောင်းလေးလှုပ်လိုက်တာပဲ''

"ဟို ... ဘကြီးမရှိတဲ့အချိန်တွေမှာရော မတက်ဖူးဘူးလား''

"အို ... မတက်ဖူးပါဘူး ယွန်းယွန်းရယ်။ အဲဒီအပေါ်ထပ်မှာ ကြောက်စရာတွေချည်းပဲ။ ဒေါ်ဦးဖြင့် အဲဒီအိမ်ပေါ်ထပ်ကို တက်တိုင်း ကျောစိမ့်တယ် သိလား''

"အဲဒီအိမ်ပေါ်ထပ်မှာ မှန်ခေါင်းကြီးတစ်ခုကို တွေ့တယ် မဟုတ်လား ဒေါ်ဦး''

"တွေ့သားပဲ''

"အဲ ... အဲဒီမှန်ခေါင်းကြီးထဲကနေ နန်းဝတ်နန်းစားနဲ့ မိန်းမတစ်ယောက် ထွက်လာတာကို ညတုန်းက ယွန်းယွန်းတို့ တွေ့လိုက်ရတယ် ဒေါ်ဦးရဲ့''

"ဟယ် ... ဟုတ်လား။ အဲဒါ ဘယ်ကမိန်းမတုံး''

"အဲဒါ လူမဟုတ်ဘူး ဒေါ်ဦးရဲ့။ ဝိညာဉ် ... ဝိညာဉ်''

www.burmeseclassic.com



"အလို ... ဘုရားရေ"

"ယွန်းယွန်းတို့လည်း ပြာသိုလရဲ့ လသာတဲ့ညတွေ လမိုက်တဲ့ညတွေမှာ အဲဒီခေါင်းတလားကြီးထဲကနေ ဝိညာဉ် မထွက် ထွက်လာတယ်ဆိုတာကို ဟုတ် မဟုတ် စူးစမ်းတဲ့အနေ နဲ့ ညတုန်းက စောင့်ကြည့်ခဲ့ကြတာ ဒေါ်ဥရဲ့"

"ဟယ် ... အဲဒါ သခင်ကြီးသိလား"

"သိတယ်၊ ဘကြီးရဲ့ခွင့်ပြုချက်နဲ့ စောင့်ကြည့်ခဲ့ကြတာ"

"အဲ ... အဲဒီတော့"

"အဲဒီတော့ သန်းခေါင်ယံလည်းရောက်ရော ခေါင်း တလားထဲကနေ ဝိညာဉ်မ တကယ်ထွက်လာတာကို တွေ့ရတယ် ဒေါ်ဥရဲ့"

"အလို ဘုရားရေ ... ယွန်း ယွန်းယွန်းတို့ မကြောက် ကြဘူးလား"

"ကြောက်တော့ ကြောက်တယ်။ ဒါပေမဲ့ ကြောက်တာ ထက် အံ့ဩတာ စိတ်ဝင်စားတာက ပိုတယ်။ အဲဒီဝိညာဉ်မ လည်း ခေါင်းတလားကြီးထဲက ထွက်လာရော မွှေးရနံ့တွေရပြီး ယွန်းတို့လည်း သတိလစ်သလို ဖြစ်သွားတာ ခုမနက်မိုးလင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာက နိုးတော့တယ်''

''ဟောတော့၊ ဒါဆို ညတုန်းက ယွန်းယွန်းတို့အတွက် ပြင်ပေးထားတဲ့ အိပ်ခန်းတွေမှာ မအိပ်ကြဘူးပေါ့ ဟုတ်လား''

''မအိပ်ဘူး၊ အဲဒီအပေါ်ထပ်မှာပဲ လဲကျပြီး သတိလစ် အိပ်ပျော်သွားခဲ့ကြတာ ဒေါ်ဥရဲ့''

''ဖြစ်ရလေဟယ်။ ဒေါ်ဥသာဆို အသက်ပါထွက်သွား မှာ''

ထိုစဉ် တုတ်ကောက်ကို ဟန်ပါပါ ထွဲ့ထောက်လျက် ဦးဖေအောင် ခြံ၀မှ လှမ်းလျှောက်၀င်လာသည်ကို ထမင်းစားခန်း ပြတင်းပေါက်မှ လှမ်းတွေ့လိုက်ရသည့် ဒေါ်ဥမှာ ပါးစပ်ပိတ်သွား ရလေသည်။

''ဟော . . . သခင်ကြီး ပြန်လာပြီ''

ဦးဖေအောင်က ထမင်းစားခန်းဆီသို့ တိုက်ရိုက်၀င်လာ သည်။

''ဘယ့်နှယ်လဲဟေ့၊ ငါ့တူတွေ၊ တူမတွေ ညတုန်းက ထူးခြားမှုကြုံမှ ကြုံခဲ့ရရဲ့လား''

''ကြုံ . . . ကြုံရပါတယ် ဘကြီး။ ဟို . . . ရှင့်ဒွိမယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလားကြီးထဲကနေ နန်းဝတ်နန်းစားနဲ့ မိန်းမိန်းမတစ်ယောက် ထွက်လာတာကို ယွန်းတို့ တွေ့ခဲ့ရပါတယ်။ အဲဒီအချိန်မှာပဲ အမွှေးနံ့တွေရပြီး ယွန်း၊ ယွန်းတို့ သတိလစ်အိပ်ပျော်သွားကြတော့တာပါပဲ''

''ဟား ဟား ဟား ... ဘယ့်နှယ်လဲ လောကဓာတ်တက္ကသိုလ်ကြီးက ငါ့တူ တူမတို့ ဝိညာဉ်ဆိုတာ ရှိတယ်ဆိုတာ ယုံသွားကြပြီ မဟုတ်လား ... ဟား ဟား ဟား ဟား''

ဦးဖေအောင်၏အူလှိုက်သည်းလှိုက် ရယ်မောသံကြီးသည်ကား ထမင်းစားခန်းထဲ၌သာမက ယွန်းရွှေရည်စံအိမ်ကြီးတစ်ခုလုံးကိုပါ လွှမ်းမိုးသွားသလားထင်ရပါတော့သတည်း။

''ဟား ဟား ဟား ဟား ''

*

www.burmeseclassic.com

www.burmeseclassic.com

ရွှေမန္တလာ၏ ဆောင်းညက အေးစိမ့်လို့နေသည်။

ယွန်းရွှေရည်၏အိမ်ကြီးအတွင်းမှာမူ တံခါးပေါက် အာ
လုံး ပိတ်ထားသဖြင့် ဆောင်းည၏ အအေးဒဏ်မှ အတော်အထ
သက်သာလျက်ရှိ၏။

ဦးဖေအောင်က ဂရိတ်ကုတ်အင်္ကျီကြီးကို ဝတ်ထာ
လျက် လည်ပင်းမှာ မာဖလာပတ်ထားပြီး ကြိမ်ကုလားထိ
အပိုင်းကြီးတွင် ငြိမ်သက်စွာ ထိုင်နေ၏။ သူက ဒန်းပေ
ဆေးတံကြီးကို တမြှင်းမြှင်းဖွာရင်း အိမ်ပေါ်ထပ် ဧည့်ခန်းဆော



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲရှိ သူ၏ ရုပ်တုများ သူ စုဆောင်းထားသော ပစ္စည်းပစ္စယ များကို ကျေနပ်သဘောကျစွာ ငေးကြည့်လျက်ရှိလေသည်။

"ဟင်း ဟင်း ဟင်း ... ခုဆို ငါရှာဖွေစုဆောင်းထားတဲ့ ဝိဉာဉ်တွေရဲ့အကြောင်းကို လူတွေ သိရှိလက်ခံစပြုလာပြီ ...၊

လောလောဆယ် ငါ့ရဲ့ဆွေမျိုးသားချင်း လူရင်းတွေက လက်ခံယုံကြည်လာကြပြီ ...၊

မကြာခင် အပြင်လူတွေပါ ယုံကြည်လက်ခံလာကြပြီး မန္တလေးတစ်မြို့လုံးကပါ လက်ခံလာတော့မယ် ...၊

အဲဒီကတစ်ဆင့် တစ်နိုင်ငံလုံးက လက်ခံလာရင် ငါ ဟာ နိုင်ငံကျော်ဝိဉာဉ်တို့ရဲ့အရှင်သခင်ဆရာကြီးဖြစ်လာမှာ သေ ချာတယ်။ ဝိဉာဉ်တွေကို စုစည်းနိုင်သူ၊ ခိုင်းစေနိုင်သူအဖြစ် ထင်ရှားကျော်ဇောလာမှာ အမှန်ပဲ ...၊

အဲဒီအခါ ငါ့အကြောင်း သတင်းစာတွေ၊ ဂျာနယ်တွေ မှာ ရေးကြမယ်။ အဲဒါဆို ငါဟာ နိုင်ငံကျော်ကြီးဖြစ်လာတော့ မယ် ...ဟဲ ဟဲ ဟဲ ...၊

အခုအချိန်မှာတော့ ငါ့ရဲ့လုပ်ရပ်တွေကို လူတွေက အရူးလုပ်ရပ်လို့ ထင်နေကြတယ်။ ငါ့ကိုပါ ရူးနေတယ်လို့ မြင်စွဲ



www.burmeseclassic.com

www.burmeseclassic.com



သူက စွပ်စွဲနေကြတယ် ...၊

တကယ်တော့ ငါဟာ ဝိညာဉ်တွေ၊ ပရလောကသား တွေကို အသုံးချပြီး အောင်မြင်ကျော်ကြားမှုကို အရယူဖို့ ကြံစည် ထားသူဆိုတာ သင်းတို့မသိကြဘူး ... ဟား ဟား ဟား ...၊

တစ်ချိန်ကျရင် ငါဟာ ဝိညာဉ်တွေရဲ့ဆရာ သခင်ကြီး ဆိုပြီး မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပါ အောင်မြင်ကျော်ကြား လာမှာ သေချာတယ် ... ဟား ဟား ဟား''

ဦးဖေအောင်၏ရယ်မောဟားတိုက်သံကြီးက နံရံကပ် Dimlight မီးလုံးလေးများသာ ထွန်းထားသည့် ခန်းမဆောင်ကြီး ထဲတွင် တစ်ခဲနက်ထွက်ပေါ်လာပါတော့သည်။

ထိုစဉ် ခန်းမဆောင်ကြီး၏ ဝဲဘက်ထောင့်ရှိ သစ်သား ကလပ်ပေါ် တင်ထားသည့် ဇရာမ လူ့အရိုးခေါင်းကြီးက ကလပ် ပေါ်မှ လိမ့်ကျပြီး ဦးဖေအောင်စီ လိမ့်လာတော့၏။

''ဒုန်း ဒုန်း ဒုန်း ဒုန်း''

''ဟာ ... ဘယ် ... ဘယ်လိုဖြစ်တာလဲဟ''

ဦးဖေအောင်သည် အတော်အံ့သြသွားပြီး အရိုးခေါင်းကြီး ကို ကြမ်းပြင်ပေါ်မှ ကောက်ယူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



Dim light မီးမှိန်မှိန်ဖြင့် သူက တိဗက်လူမျိုး၏ ရောမ အရိုးခေါင်းကြီးကို မြှောက်ကိုင်ကြည့်လိုက်လေ၏။

"ဘာဖြစ်တာလဲ၊ မင်းက ဘယ်လိုဖြစ်ပြီး ထားရာမနေဘဲ ကလပ်ပေါ်က ခုန်ချရတာလဲ ... ဟင်"

"ပြောစမ်း၊ ခုမှ ပါးစပ်အပေါင်းသား လုပ်မနေနဲ့။ ပြောစမ်း၊ ဒီပါးစပ်က ပြောစမ်း"

ဦးဖေအောင်က အရိုးခေါင်းကြီး၏သွား ကျိုးတိုးကျဲတဲသာ ရှိတော့သည့် အောက်မေးရိုးနှင့် အထက်သွားဖုံးရိုးကြားရှိ ပါးစပ်ပေါက်ဟာဟာထဲ လက်ညှိုးထိုးထည့်ကာ ဒေါသဖြင့် ပြောလိုက်စဉ် –

အရိုးခေါင်းကြီး၏အောက်မေးရိုးက ရုတ်တရက် စိပိတ်သွားတော့၏။

"အား"

"ဟော့ကောင် ... ငါ့ကိုမကိုက်နဲ့။ မကိုက်နဲ့ လွှတ် ... လွှတ်"

ဦးဖေအောင်က ထိတ်လန့်တကြားဖြင့် လက်ကို ကမန်းကတမ်း ခါလိုက်ရာ အတန်ကြာ ပြင်းထန်စွာခါလိုက်မှ –



www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ညှိုးက အရိုးခေါင်းကြီး၏ပါးစပ်ထဲမှ လွတ်ထွက်သွားကာ အရိုးခေါင်းကြီးမှာလည်း ကြမ်းပြင်ပေါ် လိမ့်သွားတော့၏။

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

ထိုစဉ် လျှပ်စစ်မီးက ရုတ်တရက် ပြတ်တောက်သွားရာ ခန်းမကြီးတစ်ခုလုံး အမှောင်ကျသွားပါတော့သည်။

"အားလားလား။ နာလိုက်တာ ... နာလိုက်တာ"

ဦးဖေအောင်က လွန်စွာ နာကျင်သွားသည့် လက်ယာလက်ညှိုးကို ခါလျက် ညည်းညူနေစဉ်မှာပင် လျှပ်စစ်မီးက ပြန်လင်းလာခဲ့လေသည်။

"တောက် ... တော်တော်ဆိုးတဲ့ ကောင်ကြီးပါလားဟင်။ ငါ အမဲသား အမြဲကျွေးနေလျက်သားနဲ့ ငါ့ကို အာပြန်ခံထဲ့ကောင် ဘယ်ရောက်သွားလဲ၊ ဘယ်ရောက်သွားလဲ"

ဦးဖေအောင်က ထိုင်ရာမှ ဒေါသတကြီးထလိုက်ပြီးလျှင် နံဘေးဗီရိုပုလေး၌ မှေးထောင်ထားသည့် သျှားနှစ်သားတုတ်ကောက်ကြီးကို ကောက်ကိုင်လိုက်ကာ -

ကြမ်းပြင်ပေါ်တွင် အရိုးခေါင်းကြီးကို လိုက်ရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဘယ်ဘက်လိမ့်သွားပါလိမ့်"

သူက လက်ယာဘက်နံရံဆီ လှမ်းလျှောက်သွားပြီး မီးခလုတ်ကို ဖွင့်လိုက်ရာ -

"ထောက်"

မျက်နှာကြက်ရှိ ဘတ်သီးက လင်းလက်သွားပါတော့၏။ ဦးဖေအောင်က လင်းကျင်းသွားသော ခန်းဆောင်ကြီး အနှံ့လိုက်ရှာသော်လည်း စောစောက လိမ့်သွားသည့် အရိုးခေါင်းကြီးကို မတွေ့ရချေ။

"ဟ ... ဘယ်ရောက်သွားပါလိမ့်"

ဦးဖေအောင်က ဟိုကြည့် သည်ကြည့်ဖြင့် ရှာဖွေနေရာမှ မူလက အရိုးခေါင်းတင်ထားခဲ့ရာ ခန်းဆောင်ကြီး၏ဝဲဘက်ထောင့်ရှိ သစ်သားကလပ်ဆီ လှမ်းကြည့်လိုက်မိသည်တွင် -

"အလို"

သူ အံ့ဩသွားရသလို ဒေါသလည်း ထောင်းခနဲထွက်သွားရတော့၏။

"အ ... အရိုးခေါင်းကြီးက သူ့နေရာသူ ပြန်ရောက်နေပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟော် ဟော် ...ငါ့ကို အာခံရန်ပြုပြီး မူလနေရာမှာ ပြန်နေတယ်ပေါ့လေ။ တောက် ... တော်တော် ကျွေးမွေးရကျိုးနပ်တဲ့ကောင်ပါလားကွ ...ဟေ"

"တွေ့မယ်၊ နင့်ကို မနက်ဖြန်က စပြီး အမဲသား လုံးဝ မကျွေးတော့ဘူးမှတ် ... ဟာင်း"

ဦးဖေအောင်သည် ဒေါ်ရာရသွားသော သူ၏လက်ယာဘက် လက်ညှိုးကို လက်ဝဲလက်ဖြင့် ဆုပ်ညှစ်ရင်း အရိုးခေါင်းကြီးကို ဒေါသတကြီး စိုက်ကြည့်လိုက်ရာ အရိုးခေါင်းကြီးကလည်း မြွေဟောက်မျက်လုံးနှယ် မျက်လုံးနက်နက် စူးစူးလေးများဖြင့် သူ့ကို ပမာမခန့် စိန်ခေါ်သည့်နှယ် ပြန်စိုက်ကြည့်နေသည်ဟု သူ ခံစားရလေသည်။

"တောက် ... တွေ့မယ်၊ တွေ့မယ်"

ဦးဖေအောင်က ထပ်မံကြိမ်းဝါးလိုက်ပြီးနောက် တုတ်ကောက်ကိုထောက်ကာ အခန်း၏နံရံဆီ လျှောက်လမ်းသွားကာ မီးခလုတ်ကို ပိတ်လိုက်လေ၏။

"ထောက်"

ထို့နောက် ဦးဖေအောင်သည် စကြံလမ်းအတိုင်း သူ၏



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းဆီ လျှောက်လှမ်းသွားစဉ် သူ၏နောက်ကျောဘက်၌ ကျန်ရစ်ခဲ့သည့် ခန်းမဆောင်ကြီးဆီမှ လှောင်ရယ်သံကြီးတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။

"ဟား ဟား ဟား ဟား ဟား"

"တောက် ... ငါမွေးတဲ့မျောက်၊ ငါ့ပြန်ခြောက် ဆိုသလို ငါ ရှာဖွေစုဆောင်းထားတဲ့ ဝိညာဉ်ကောင်က ငါ့ကို ပြန်အာခံနေ ပြီပေါ့။ တွေ့ကြသေးတာပေါ့ကွာ၊ တွေ့ကြသေးတာပေါ့ ... ဟင်း ဟင်း ဟင်း"

တကယ်တော့ ယနေ့ ဆောင်းညဝယ် သူ ကြုံတွေ့ခဲ့ရသည့် အန္တရာယ်မှာ အစမျှသာဖြစ်ကြောင်း ဦးဖေအောင် မသိချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဖောက်ပြန်လာသော နာနာဘာဝများ

"ဒေါ်ဥ"

"ရှင်"

"အဲဒီအမဲသားပန်းကန် ပြန်ယူသွား။ နောက်နေ့လည်း အမဲသား ယူမလာနဲ့တော့"

"ရှင် ... ဟို ဟို"

"ဒေါ်ဥ ... ခင်ဗျား ဘာဖြစ်နေတာလဲ၊ အဲဒီအမဲသား က ဟောဟိုအရိုးခေါင်းကြီးကို ကျွေးဖို့ ခင်ဗျားကို ယူခိုင်းတာ။ အခု အဲဒီကောင်ကို အမဲသားမကျွေးတော့ဘူး။ ဒီနေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မကျွေးတော့ဘူး"

"ရှင် ... ဘာ ... ဘာဖြစ်လို့လဲ သခင်ကြီး"

"အဲဒီကောင် ညတုန်းက ကျုပ်ရဲ့ ဟောဒီလက်ညှိုးကို ကိုက်တယ်လေ။ ကျုပ် အရှန်းမြန်လို့၊ နို့မို့ဆို လက်ပြတ်တယ်"

ဒေါ်ဥသည် ဦးဖေအောင်၏ ပတ်တီးစည်းထားသော လက်ညှိုးကိုကြည့်လိုက်၊ တိဗက်အရိုးခေါင်းကြီးကို ကြည့်လိုက်ဖြင့် ရင်တုန် ပန်းတုန် ဖြစ်သွားတော့သည်။

"ဒါကြောင့် အဲဒီကောင်ကို ဒီနေ့ကစပြီး အမဲသား မကျွေးတော့ဘူး။ ခင်ဗျားလည်း အမဲသား ပို့စရာမလိုတော့ဘူး၊ နားလည်လား"

"ဟုတ် ... ဟုတ်ကဲ့ ... နား နားလည်ပါတယ် သခင်ကြီး။ ဒါ ... ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်သလဲဗျ"

"ဟို ဟိုလေ ... ကျွန်မကြားဖူးတာ ပြော ... ပြောရရင်"

"ဆိုပါဦး ... ဘယ်လိုကြားဖူးတာလဲ"

"ဒီ ဒီလိုပါ သခင်ကြီး။ အဲ အဲဒီ နာနာဘာဝတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ကျွေးမွေးနေကျကနေ မကျွေးမွေးဘဲထားရင် ရန်ပြု တတ်တယ်တဲ့''

''အိုး ... သွားစမ်းပါဗျာ၊ ကျုပ်မွေးတဲ့မျောက်က ကျုပ်ကို အာပြန်ခံချင်လို့ရမတဲ့လား။ အဲဒီ တိဗက်ကောင်ကြီး ကျုပ်ကို အာခံတယ် မဟုတ်လား။ အေး ... အဲဒီအတွက် အပြစ်ဒဏ်ချမှတ်တာကို သင်း ခံရမယ်သာမှတ်။ ဒီနေ့ကစပြီး အငတ်ထားပြီး အပြစ်ပေးရမယ် ...၊

ဟင်း ဟင်း ဟင်း ... ဖေအောင်ကို ဒီလိုသွေးတိုးစမ်းလို့ ဘာရမလဲ တွေ့ကြသေးတာပေါ့။ ကဲ ... ခင်ဗျားလည်း သွား တော့''

''ဟုတ် ... ဟုတ်ကဲ့''

ဒေါ်ဥမှာ စောဒကမတက်သာတော့ဘဲ အိမ်ပေါ်ထပ်မှ ခပ်ကုပ်ကုပ်လေး ပြန်ဆင်းလာရလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညတွင်လည်း ဦးဖေအောင်သည် ညစာစားပြီး
...ည်နှင့် ကြိမ်ကုလားထိုင်ကြီးပေါ်မှာ ထိုင်ရင်း ဆေးတံကြီးကို
...ကာ ခန်းမဆောင်ကြီးထဲရှိ သူ၏ရုပ်တုပစ္စည်းတို့အား သတိ
...ကြည့်လျက် ရှိလေ၏။

အထူးသဖြင့် ယမန်နေ့ညက သူ့အား ဒုက္ခပေးခဲ့သော
...တက်အရိုးခေါင်းကြီးကို ပိုမို ဂရုထားကြည့်မိလေသည်။

"ဟင်း ဟင်း ဟင်း . . . ဒီနေ့ညလည်း ငါ့ကို ဘယ်လို
...ုက္ခပေးဦးမလဲ မသိဘူး။ ဒီတစ်ခါ ဒုက္ခပေးလို့ကတော့ သင်းကို



www.burmeseclassic.com

www.burmeseclassic.com



မြေမြှုပ်သင်္ဂြိုဟ်ပစ်မယ်''

သူ ထိုသို့ စိတ်ထဲမှ ကြိမ်းမောင်းနေစဉ်မှာပင် ခန်း ဆောင်ကြီး၏ တစ်နေရာဆီမှ ရယ်သံတစ်သံ ထွက်ပေါ်လာလေ သည်။

''ခစ် ခစ် ခစ် ခစ်''

''ဟင် ... ဘယ် ဘယ်သူရယ်တာပါလိမ့်''

Dim light မီးရောင်မှိန်ပျပျအောက်မှ ရုပ်တုများဆီ သူ လှည့်ပတ်ကြည့်လိုက်ရာ ဂျွန်ဟူသည့် ကော်ပတ်ရုပ်လေး၏ မျက်လုံးနှစ်လုံးက တဖျပ်ဖျပ် လင်းလက်တောက်ပနေပြီး ရယ်သံ ကလည်း ယင်းကော်ပတ်ရုပ်လေးဆီမှ ထွက်ပေါ်လျက်ရှိကြောင်း တွေ့ရလေ၏။

''တောက် ... မလောက်လေးမလောက်စားနဲ့ ဒီကောင် လေးကပါ ချိုကြွလာပါလား''

''ဟိတ် ... ငါအမိန့်ပေးနေတယ် မင်စာလေး၊ မင်း ရယ်နေတာ အခုရပ်လိုက်စမ်း''

ဦးဖေအောင် အော်ဟစ်အမိန့်ပေးလိုက်ကာမှ ထို ကော် ပတ်ရုပ်လေးက ပိုမိုကျယ်လောင်စွာ ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ခစ် ခစ် ခစ်"

"ဟင် ... သင်းလေးက ပါးစပ်လှုပ်ပြီးတောင် ရယ်လိုက်သေးတယ်။ တောက် ... တွေ့ကြသေးတာပေါ့ကွာ။ တုတ်ကောက်နဲ့ကို အသေရိုက်ပစ်မယ်"

ဦးဖေအောင်က ကြိမ်ကုလားထိုင်ကြီးပေါ် ထိုင်နေရာမှ ထရပ်လိုက်ပြီး နံဘေးဗီရိုပုလေးတွင် မှေးထောင်ထားသည့် သျှားနှစ်သား တုတ်ကောက်ကြီးကို ဆွဲယူလိုက်သည်။

သို့သော် တုတ်ကောက်ကြီးက သူ ဆွဲသလို ပါမလာချေ။ တုတ်ကောက်၏အဖျားက ကြမ်းပြင်မှာ ကော်နှင့်ကပ်ထားသလို ကပ်နေတော့သည်။

"တောက် ... ရှာသူနှောက်ပြီထင်တယ်"

"ကဲဟာ"

"ကဲဟာ"

ဒေါသတကြီးဖြစ်သွားသည့် ဦးဖေအောင်က တုတ်ကောက်ကြီးကို အားဖြင့် ဆောင့်အောင့်ဆွဲတော့ရာ -

"ကဲဟာ"

တစ်ကြိမ်ဝယ် တုတ်ကောက်၏ထိပ်ဖျားက ကြမ်းပြင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကွာထွက်သွားရာ ဦးဖေအောင်မှာ သူ့အရှိန်နှင့်သူ ကြမ်းပြင်ပေါ်သို့ နောက်ပြန်ပစ်လဲကျသွားပါတော့၏။

"ဟ ... ဟမလေး"

"ဒုန်း"

"အားရှီးရှီး ခါးကျိုးပါပြီဗျာ"

ဦးဖေအောင်တစ်ယောက် ကြမ်းပြင်ပေါ်တွင် ပက်လက်ကြီး လန်ကာ ယက်ကန်ယက်ကန်ဖြစ်နေစဉ်မှာပင် လျှပ်စစ်မီးက ပြတ်တောက်သွားပါတော့၏။

"တောက် ... အရေးထဲ မီးကပိတ်သွားပါလား"

သူက ကြမ်းပြင်ပေါ် လွင့်ကျသွားသည့် တုတ်ကောက်ကို လိုက်စမ်းနေပြီး –

တုတ်ကောက်ကိုတွေ့သည်နှင့် တုတ်ကောက်ကို အားပြု လျက် ကုန်းထလိုက်လေသည်။

ယင်းအခိုက်မှာပင် လှောင်ရယ်သံ ထွက်ပေါ်လာပြန်ရာ ဦးဖေအောင်သည် ဒေါသပိုမို ပေါက်ကွဲသွားတော့၏။

"ခစ် ခစ် ခစ် ခစ် ခစ်"

"တောက် ... လှောင်ထားဦးပေါ့ မှင်စာလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြသေးတာပေါ့ . . . ဟင်း ဟင်း ဟင်း"

ယင်းအချိန်မှာပင် နံရံကပ် Dim light မီးတို့က ဖျပ်ခနဲ ပြန်လင်းလာတော့သည်။

ဦးဖေအောင်က တုတ်ကောက်ကို အားပြုထောက်လျက် နံရံကပ်စင်မြင့်လေးဆီ လျှောက်သွားလိုက်ပြီး စင်မြင့်လေးပေါ်ရှိ ကော်မတ်ရုပ်လေးကို တုတ်ကောက်ဖြင့် အားကုန်လွှဲရိုက်တော့၏။

"သေစမ်း!"

"သေစမ်း!"

"ခွပ်"

"ခွပ်"

"ခွပ်"

စင်မြင့်ပေါ်မှ ကြမ်းပြင်ပေါ် ပြုတ်ကျလာသည့်ကော်မတ်ရုပ်လေးအား တစ်စစီဖြစ်အောင် အဆက်မပြတ်ရိုက်တော့သည်။

"ကဲကွာ"

"ကဲကွာ"

"ခွပ်"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထား ... မှတ်ထား၊ ငါမွေးတဲ့မျောက် ငါ့ပြန်ခြောက်ဦး"

"မှတ်ထားကြ၊ ဘယ်ကောင် ငါ့ကို အာမခံဦးမလဲ။ ဖေအောင်ဆိုတာ ဝိညာဉ်ပြီးဆေးထိုးထားတဲ့ကောင်၊ ငါ့ကို ဘယ်လို သရဲတစ္ဆေ မြေဘုတ်ဘီလူး၊ နာနာဘာဝ အစုတ်ပလုတ်ကမှ တော်လှန်ပုန်ကန်လို့မရဘူးမှတ်"

ဦးဖေအောင်က တုတ်ကောက်ကြီးကို ဝှေ့ယမ်းကာ ကြိမ်းဝါးလိုက်တော့၏။

ထိုစဉ် ခန်းဆောင်ကြီး၏အလယ်နားရှိ စားပွဲပေါ်တင်ထားသည့် အဝကျယ် ဖန်ပုလင်းကြီးထဲ ဆေးစိမ်ထားသော လက်ပြတ်ကြီးက ဆေးရည်ထဲ တက်လိုက် ကျလိုက်ဖြင့် လှုပ်ရှားလာတော့သည်။

"ဟင် ... ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဦးဖေအောင်က ယင်းလက်ပြတ်ကြီးကို မျက်လုံးကြီးပြူးလျက် လှမ်းကြည့်လိုက်၏။ ထိုစဉ် လက်ပြတ်ကြီးက ပုလင်းမှထွက်ကာ လေထဲသို့ တရွေ့ရွေ့ မြောက်တက်လာတော့သည်။

"တောက် ... ဟေ့ လက်ပြတ်ကြီး ပုလင်းထဲကို

www.burmeseclassic.com



ပြန့်ဝင်စမ်း၊ ပြန့်ဝင်စမ်း”

လက်ပြတ်ကြီးက အောက်သို့ တရွေ့ရွေ့ ပြန်ကျလာသော်လည်း ပုလင်းထဲသို့ ပြန်မဝင်ဘဲ ပုလင်းနှုတ်ခမ်းပေါ်တွင် တင်ကာ ပုလင်းနှုတ်ခမ်းကို လက်ချောင်းများဖြင့် ညှပ်လျက် ငြိမ်နေလေ၏။

“တောက် ... ပုလင်းထဲ ပြန့်ဝင်ဆိုတာ မဝင်သေးဘူးလား”

“တွေ့ကြသေးတာပေါ့ကွ ... ဟင်း ဟှင်း ဟင်း”

ဦးဖေအောင်က တုတ်ကောက်ကိုအားပြုထောက်လျက် စားပွဲအနီးသို့လှမ်းလာပြီးလျှင် လက်ပြတ်ကြီးအား တုတ်ကောက်ဖြင့် ဒေါသတကြီး လှဲရိုက်လိုက်တော့သည်။

“ကဲကွာ ... ငါကို အာမခံချင်ဦး”

“ချွမ်း”

ဆေးရည်စိမ်ပုလင်းကြီးမှာ ကွဲသွားပြီး ဆေးရည်တို့က ကြမ်းပြင်ပေါ် ရွှဲစိုသွားလေတော့၏။

ထိုစဉ် လျှပ်စစ်မီးက ငြိမ်းသွားပြန်ပါ၏။

“တောက် ... ဒီမီးက ဘာယ်လိုဖြစ်နေတာပါလိမ့်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လေမတိုက် မိုးမတိုက်ဘဲ ခဏခဏ ပျက်နေရတာလဲ မသိဘူး''

မှောင်မှောင်မည်းမည်းထဲတွင် ဦးဖေအောင်က တုတ်ကောက်ကို အားပြုထောက်ကာ ခြေတစ်လှမ်းလှမ်းလိုက်စဉ် သူ့ခြေတစ်ဖက်က လက်ပြတ်ကြီးပေါ် နင်းမိသွားပြီး ကြမ်းပြင်ပေါ်မှ သွေးရည်တို့ကြောင့် ခြေချော်ထွက်သွားတော့၏။

''ဟာ ဟာ ... အမယ်လေး''

''ဘိုင်း''

''ဒုံး''

ဦးဖေအောင်သည် ခြေချော်ကာ ကြမ်းပြင်ထက်သို့ တစောင်းအနေအထားဖြင့် လဲကျသွားရာ သူ၏ဦးခေါင်းက ဗီရို တစ်လုံး၏ စောင်းနှင့်ရိုက်မိပြီး သတိလစ်သွားပါတော့၏။

ထိုစဉ် မှန်ပြတင်းတို့မှ လရောင်အနည်းငယ်သာ ဝင်ရောက်လျက်ရှိပြီး မှောင်မိုက်ခြင်းတို့ ကြီးစိုးနေသည့် ခန်းဆောင်ကြီး၏တစ်နေရာမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာပါတော့သတည်း။

''ဟဲ ဟဲ ဟဲ ဟဲ''

* * *



www.burmeseclassic.com

www.burmeseclassic.com

## မရဏလက်မည်း

ဦးဖေအောင် သတိ ရလာတော့ သူ၏အိပ်ခန်းကြီးထဲရှိ ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် ရောက်ရှိနေသည်ကို သတိပြုမိလေသည်။

သူ့ခုတင်ဘေးတစ်ဖက်တစ်ချက်တွင် သူ၏ညီဝမ်းကွဲ ကိုအောင်သိန်း၊ တူမဖြစ်သူ ယွန်းယွန်းနှင့် သူမ၏သူငယ်ချင်း တို့ကို တွေ့ရလေသည်။

"အစ်ကိုကြီး သတိရလာပြီလား။ ဆရာဝန်ကတော့ စောစောကပဲ ပြန်သွားတယ်။ အစ်ကိုကြီးရဲ့ခေါင်း နောက်စေ့



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားလို့ ဆေးထည့်ပတ်တီးစည်းပေးသွားတယ်ဗျ”

“ဟုတ်တယ် ဘကြီး၊ အခု ရုတ်တရက် မထနဲ့ဦးနော်၊ ခေါင်းမူးသွားဦးမယ်”

“အင်း ဟင်း ဟင်း ... ငါ ငါ ညက ချော်လဲပြီး ခေါင်းက တစ်ခုခုနဲ့ ဆောင့်မိသွားတယ်။ အဲဒီမှာ ငါ သတိလစ် သွားခဲ့တာပါပဲ”

“အင်း ... ညတုန်းက ဆယ်နာရီကျော်ကျော်လောက် မှာ ဒီအိမ်ပေါ်ထပ်က ဝုန်းခနဲအသံကြီးကြားရပြီး နောက် ဘာသံမှ ထပ်မကြားရတဲ့အတွက် ဒေါ်ဥက ဘာများဖြစ်ပါလိမ့်လို့ စိုးရိမ်ပြီး အိမ်ပေါ်ထပ်တက်ကြည့်မှ အစ်ကိုကြီး သတိလစ်လဲကျနေတာကို သိရတာတဲ့ဗျ”

အဲဒါနဲ့ ကျွန်တော့်ဆီဖုန်းဆက်တာနဲ့ ကျွန်တော်နဲ့ သူ့မိန်းမ ရောက်လာခဲ့တာ။ အစ်ကိုကြီးရဲ့ ကျွန်တော်တို့ရောက်မှ ဆရာဝန်ခေါ်ပြီး အစ်ကိုကြီးကို ဆေးကုခဲ့ရတာဗျ”

“အေးကွာ၊ ငါ အခုလိုဖြစ်ရတာ ကျော်မှုရှင်ကို ... ကုန်းတဲ့ မိစ္ဆာကောင်တွေကြောင့်ကွ”

www.burmeseclassic.com



ဘယ် ... ဘယ် မိစ္ဆာကောင်တွေလဲ အစ်ကိုကြီး"

"ဘယ်မိစ္ဆာကောင်ရမလဲ၊ ငါ ကျွေးမွေးစောင့်ရှောက်ထားတဲ့ မိစ္ဆာကောင်တွေပေါ့။ ပထမည့တုန်းက ဟို တိဗက် အရိုးခေါင်းကောင်က ငါ့ရဲ့ မောဒီလက်ညှိုးကိုကိုက်တယ် ...၊

ညတုန်းကတော့ ဂျွန်ဆိုတဲ့မှင်စာကောင်လေးက ငါ့ကို သရော်သလိုလို၊ လှောင်ပြောင်သလိုလိုနဲ့ လုပ်လို့ ငါရိုက်ခွဲပစ်လိုက်တယ်။ နောက် ဆေးရည်စိမ်ထားတဲ့ လက်ပြတ်ကောင်ကပါ မထေမဲ့မြင်လုပ်ပြလို့ ဆေးပုလင်းရော လက်ပြတ်ကောင်ကိုပါ ရိုက်ခွဲလိုက်တာမှာ ငါ ချော်လဲပြီး သတိလစ်သွားတာပဲ ...၊

ခုတစ်လော ပရလောကကကောင်တွေက ငါ့ကို အံတုနေကြတယ်၊ အာခံနေကြတယ်ကွ"

အဲဒါကြောင့် ကျွန်တော် ပြောတာပေါ့။ အဲဒီဝိဉာဉ်တွေ သရဲတွေ၊ နာနာဘာဝတွေနဲ့ အစ်ကိုကြီးကို မပတ်သက်ပါနဲ့လို့ သူတို့ဟာ မြွေဆိုးတွေလိုပဲ အစာမကျွေးတဲ့နေ့မှာ သခင်ကို ပြန်ကိုက်တတ်တယ်။ သူတို့ကို စိတ်ဝင်စားစရာ၊ ခင်တွယ်စရာ၊ သနားစရာ လုံးဝမလိုဘူး။ သူတို့ကို အစ်ကိုကြီး ကျွေးမွေးစောင့်ရှောက်ထားတာဟာ မြွေဖွေးခါးပိုက်ပိုက်ထားသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သင်းတို့ဟာ အစ်ကိုကြီးကို တစ်နေ့ကျ ဒုက္ခပြန်ပေးမယ်ဆိုတာ ကျွန်တော် တွက်ထားပြီးသားပါ"

"အေး ... ငါ သင်းတို့အတွက် သေသေချာချာ ပြန် စဉ်းစားရတော့မယ်။ သင်းတို့ ငါ့ကို ဘာဖြစ်လို့ ဒုက္ခပြန်ပေး သလဲဆိုတာကိုလည်း သိချင်သေးတယ်"

"တောကောင်ကို ဘယ်လောက်ပဲ လိမ္မာအောင် ကျွေး မွေး ဆုံးမထားပေမယ့် တစ်ချိန်မဟုတ်တစ်ချိန်မှာတော့ တော စိတ်ဝင်ပြီး သခင်ကို ရန်ပြန်ပြုတတ်စမြဲပဲ အစ်ကိုကြီးရဲ့"

"အင်း ... မင်းပြောတာကို ငါ လက်ခံရမလို ဖြစ်နေပြီ သူကြီးရေ"

"ကဲ ... အစ်ကိုကြီးလည်း သတိရပြီမို့ ကျွန်တော် အမရပူရ ပြန်ဦးမယ်။ ဒီနေ့ နယ်စပ်က ကုန်သည်တွေ လာမှာမို့ ရက်ကန်းရုံကို ပြန်မှဖြစ်မယ်"

"အေး အေး ... သွား သွား၊ ငါလည်း ဘာမှ သိပ်ဖြစ်တာ မဟုတ်ပါဘူး"

"သမီးတို့ရော ပြန်လိုက်ကြမလား"

"သမီးတို့ ဘကြီးကို ပြုစုဖို့ နေခဲ့ဦးမယ် ဖေဖေ"

•

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး အေး"

"ကဲ ... အစ်ကိုကြီး ကျွန်တော်သွားမယ်"

"အေး ... အေး ခြော် သူကြီး ... ငါ ဦးလှကြိုင်ကို ဒီတနင်္ဂနွေလာဖို့ ချိန်းထားပြီးပြီ။ အဲဒီလူက သိပ်တိကျတဲ့လူ။ ဒီတော့ မင်း တနင်္ဂနွေနေ့မနက် စာရင်းချုပ်တွေ ယူလာခဲ့ဦး"

"ဟုတ် ... ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ဦးအောင်သိန်း ပြန်သွားပြီးနောက် ဦးဖေအောင်က လှဲနေရာမှ ထထိုင်ပြီး မျက်နှာသစ်ကာ ခုတင်ပေါ်မှာပင် မနက်အဆာပြေစားရာ ယွန်းယွန်းနှင့်နွဲ့လေးရိုတို့က ဖေးမကူညီကြလေသည်။

ထို့နောက် ယွန်းယွန်းတို့က ဦးဖေအောင်ကို ဆေးတိုက်ကြရ၏။

"အင်း ... ဘကြီး တစ်မေးလောက် မေးလိုက်ဦးမယ် ကွယ်။ သမီးယွန်းယွန်းတို့ရှိနေတော့ ဘကြီး စိတ်ချလက်ချနဲ့ စိတ်အေးလက်အေး မှေးလို့ရပြီပေါ့ကွယ်"

"ဟုတ်ကဲ့ ဘကြီး။ စိတ်ချ လက်ချ တရေးတမော အိပ်လိုက်ပါ။ သမီးတို့ ရှိနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် ... အေးပါ"

သို့ဖြင့် ခဏအကြာတွင် ဦးဖေအောင် အိပ်ပျော်သွားပြန်သည်။

ယွန်းယွန်းတို့လည်း ဦးဖေအောင်၏ အိပ်ခန်းထဲမှ ထွက်လာခဲ့ကြရာ ရေကားထိပ်သို့အရောက် ရုပ်တုပစ္စည်းများထားရာ ခန်းဆောင်ကြီးဆီ တိုင်ပင်ထားသလို လှမ်းကြည့်မိကြလေသည်။

"ယွန်းယွန်း နင့်ဘကြီးတော့ ကိုယ့်ဖာသာကိုယ် မနိုင်ဖြစ်နေပြီဟ။ အလိမ္မာယဆရာဖဟာ မြေကိုက်ပြီးသေတော့သတဲ့။ မကြာခင် သူမွေးထားတဲ့ သရဲတစ္ဆေ နာနာဘာဝတွေက သူ့ကို ကုပ်ချိုးသတ်လိမ့်မယ်ထင်တယ်ဟ"

"အေး စိုးဝင်း ... နစ်ပြောသလိုပဲ ဘကြီးတော့ သူ့ဇာတ် သူမနိုင်ဖြစ်စပြုပြီထင်တယ်ဟ။ ငါလည်း စိတ်ညစ်ပါတယ်ဟာ။ အဲဒီရုပ်တုတွေ ပစ္စည်းတွေကို စွန့်ပစ်ဖို့ ဘကြီးကို နားချရမှာပဲ"

ယွန်းယွန်းတို့သည် စကားပြောရင်း အောက်ထပ်ရှိ မဆင်းဖြစ်သေးဘဲ ခန်းဆောင်ကြီးဘက် အမှတ်မဲ့လျှောက်မိလာခဲ့မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ယွန်းရေ . . . မနက်စောစောတုန်းက နွဲ့လေးတို့ ကော်ပတ်ရုပ်အပိုင်းအစတွေနဲ့ ဖန်ပုလင်းစတွေကောက်ပြီး သန့်ရှင်းရေးလုပ်ပေးခဲ့ကြပေမယ့် ဟိုပုလင်းထဲမှာရှိနေခဲ့တဲ့ လက်ပြတ်ကြီးကိုတော့ မတွေ့ကြဘူးနော်

"အေး . . . ဟုတ်တယ် နွဲ့လေး"

"အခု ထပ်ရှာကြည့်ရအောင်ဟာ"

သို့ဖြင့် သူတို့လေးယောက် ခန်းဆောင်ကြီးအနှံ့ နာရီဝက်ကျော်မျှ လိုက်လံရှာဖွေကြသော်လည်း လက်ပြတ်ကြီးကို မတွေ့ကြရချေ။

"အဲဒီလက်ပြတ်ကြီးက ဘယ်သူ့လက်ပြတ်ကြီးလဲဟင်၊ ယွန်းယွန်း သိလား"

"ငါလည်း ဘယ်သိမလဲဟာ၊ အဲ . . . ဒါပေမဲ့ ဘကြီးက သူ နည်းချိုးစုနဲ့ စုဆောင်းထားတဲ့ ပစ္စည်းတွေနဲ့ပတ်သက်ပြီး မှတ်တမ်းပြုစုထားတာ ရှိတယ်လို့ ငါ့အဖေကပြောဖူးတယ်ဟ။ အဲဒီမှတ်တမ်းထဲမှာ ရှာဖတ်ကြည့်ရင် သိနိုင်မယ်ဟ"

"အေး . . . အဲဒါဆို ရှာကြည့်ကြရအောင်ဟာ"

သို့ဖြင့် ယွန်းယွန်းတို့သည် ခန်းဆောင်ကြီးထဲရှိ ဗီရိုများ



www.burmeseclassic.com

www.burmeseclassic.com



အထဲမှနှင့် စီရီများ၊ စင်များပေါ်မှာ လိုက်ရှာကြရာ ဦးဖေအောင် ထိုင်နေကျ ကြိမ်ကုလားထိုင်ပိုင်းကြီး၏ လက်ယာဘက်နံဘေး၏ စီရီပုလေးထဲ၌ အညိုရောင်သားရေဖုံးနှင့် မှတ်တမ်းစာအုပ်ကြီး ကို တွေ့ရှိသွားကြလေသည်။

"ဟော ... ဒီမှာ ဦးဖေအောင်ရဲ့ ပစ္စည်းစာရင်းနှင့်မှတ် တမ်းတဲ့ဟာ"

ယွန်းယွန်းတို့က ယင်းမှတ်တမ်းစာအုပ်ကြီးကို ပြတင်း ပေါက်အနီးသို့ ယူသွားပြီးလျှင် ခေါင်းချင်းဆိုင်ကာ မှတ်တမ်းပြု ထားသည့် မာတိကာစာရင်းကို ကြည့်လိုက်ကြ၏။

"ဟော ... ဒီမှာတွေ့ပြီ၊ မရဏာလက်မည်းကြီးတဲ့"

"စာမျက်နှာ (၂၃) မှာဟ"

သူမတို့သည် စာမျက်နှာများကို လှန်ပြီး စာမျက်နှာ ၂၃ ၌ ရေးထိုးမှတ်တမ်းတင်ထားသည့် မရဏာလက်မည်းကြီး၏ အကြောင်းကို ဖတ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မရဏာလက်မည်းကြီး"

ဤလက်ပိုင်ရှင် ငမဲသည်ကား မင်းတုန်းမင်းတရားကြီး နတ်ရွာမစံမီ ဆင်ဖြူမရှင်၏အမိန့်ဖြင့် ဖမ်းဆီးသော မင်းသား မင်းသမီးတို့အား လည်မျိုကို တုတ်တိုဖြင့် ရိုက်သတ်ကွပ်မျက်ရသည့် အာဏာပါးကွက်သားတို့အထဲ ပါဝင်သူဖြစ်၏။

မင်းသွေးဖြစ်သော မင်းသား မင်းသမီးတို့ကို သတ်ဖြတ်ပြီးနောက် ငမဲသည် အိပ်မက်ဆိုးများ မက်လာသဖြင့် အာဏာပါးကွက်သားအလုပ်မှထွက်ကာ စိတ်ကယောက်ကယက်ဖြစ်လာသောကြောင့် သေရည်အရက်ကိုသာ နေ့မလင်း ညမလင်း သောက်ရင်း အရက်၏ ကျေးကျွန်ကြီးဖြစ်လာခဲ့ရသည်။

ထို့အပြင် သူ၏လက်ယာဘက်လက်ချောင်းများမှသည် လက်ကောက်ဝတ်အထိ ကိုက်ခဲလာရာ ကြာလေ မခံမရပ်နိုင်ဖြစ်လာလေဖြင့် နေ့ရောညပါ အိပ်မရ ဖြစ်လာလေသည်။

နောက်ဆုံးတွင် သေရည်မူးနေချိန် ကိုက်ခဲလွန်းသော လက်ယာလက်အား လက်ဝဲလက်ထဲမှ ပေါက်ဆိန်ဖြင့် ခုတ်ဖြတ်လိုက်ရာ လက်ကောက်ဝတ်မှနေ၍ တိတိကြီးပြတ်သွားပါတော့၏။

ထိုသို့ပြတ်သွားသော လက်ကြီးမှာ သေရည်မူးထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် စိမ်ရည်အိုးထဲကျသွားပြီး မေသည်လည်း သွေးထွက်လွန်ကာ နေရာမှာပင် အလူးလူးအလိမ့်လိမ့်ခံစားလျက် အသက်ဆုံးရှုံးခဲ့ရလေသည်။

သူ၏သောက်ဖော်သောက်ဖက် သေရည်သမားတို့ကပင် မေ၏အလောင်းကို သဂြိုဟ်ရန် ပြင်ဆင်ပေးကြပြီး –

အလောင်းစင်ပြင်ပြီးသည်နှင့် ထိုလူငါးဦးသည် လက်ပြတ်ကြီးဝင်နေသည့် စိမ်ရည်အိုးထဲမှ သေရည်ကို ဝိုင်းဖွဲ့သောက်ကြရာ အရသာရှိလှသည်ဟု ချီးမွမ်းကြလျက် အတိုင်းထက်အလွန် သောက်ကြလေ၏။

အသုဘာရက်မလည်မချင်း ယင်း စိမ်ရည်အိုးထဲမှပင် ခပ်သောက်ကြရာ ရက်လည်ပြီးနေ့မှစ၍ ထိုသူတို့၏ လက်ယာဘက်လက်တို့ စတင်ကိုက်ခဲလာပါတော့၏။

ကြာလေ ကိုက်ခဲလေဖြစ်လာကြပြီး မခံမရပ်နိုင်သည့်အဆုံး ယင်းတို့၏ လက်ယာလက်ကို ဖြတ်တောက်ပစ်လိုက်ကြကာ သေပွဲဝင်ခဲ့ကြရလေသည်။

ယင်းတို့၏သေမှုသေခင်းကို စစ်ဆေးရသော မြန်မာဖြပုလိပ်အရာရှိမှာ အမှုစစ်ရင်း စိမ်ရည်အိုးထဲမှ လက်ပြတ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိသွားပါတော့၏။

အနီးဝန်းကျင်မှလူများကလည်း ထိုစိမ်ရည်အိုးထဲမှ သေရည်ကို နေ့တိုင်းသောက်ကြရာမှ လက်တို့ကိုက်လာပြီး ထိုလက်တို့ကို မိမိဘာသာ ခုတ်ဖြတ်သတ်သေကြကြောင်း တွက်ဆိုကြရာ ပုလိပ်အရာရှိလည်း စမ်းသပ်သည့်အနေဖြင့် သေဒဏ်ကျခံထားရသည့် ရာဇဝတ်သားတစ်ဦးကို ထိုသေရည်အား သောက်စေလေသည်။

ယင်းရာဇဝတ်သားသည် စိမ်ရည်အိုးထဲမှ သေရည်ကို သုံးလေးရက်သောက်ပြီးသည်နှင့် လက်ယားလက်ကိုက်ခဲခြင်း ဝေဒနာ စတင်ခံစားရလေသည်။

၎င်းတွင် မျက်နှာဖြူပုလိပ်အရာရှိ မစ္စတာကာန်ဘာရီး သည် စိမ်ရည်အိုးထဲကျနေသော လက်ပြတ်ကြီးမှာ လွန်စွာ ထူးဆန်းသော လက်ပြတ်ဖြစ်ရမည်ဟု တွေးမိပြီး ယင်းလက်ပြတ်ကြီးကို ညှပ်ဖြင့်ညှပ်ကာ ဆယ်ယူလျက် ဖန်ပုလင်းတစ်လုံးထဲတွင် ဖော်မလင်ခေါ် မပုပ်မသိုးစေသည့် ဓာတုဆေးရည်တစ်မျိုးဖြင့် စိမ်ထားလိုက်လေ၏။

မစ္စတာကာန်ဘာရီးသည် အလုပ်မှ ပင်စင်ယူသည့်အထိ



www.burmeseclassic.com

www.burmeseclassic.com



ယင်းလက်ပြတ်ကြီးကို သူ၏အိမ်မှာပင် သိမ်းဆည်းထားရာ သူ၏ လက်ထဲမှာပင် နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာခဲ့လေသည်။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးထံမှ အဆိုပါလက်ပြတ်ကြီး၏ အကြောင်းကို သိရသည့်တွင် စိတ်ဝင်စားလွန်းသဖြင့် မစ္စတာ ကန်ဘာရီးနေထိုင်ရာ မိတ္တီလာသို့ လိုက်သွားပြီး ယင်း လက်ပြတ် ကြီးကို ဝယ်ယူခဲ့လေသည်။

မစ္စတာကန်ဘာရီးသည်လည်း ဆွေမျိုးသားချင်းများရှိ ရာ ဘိလပ်သို့ပြန်ရန် စီစဉ်နေချိန်ဖြစ်ပြီး ယင်းလက်ပြတ်ကြီးကို လည်း သယ်ယူမသွားလိုသဖြင့် ရောရောရှုရှု ရောင်းခဲ့လေ သည်။

ထိုသို့ရောင်းချရာ၌ မစ္စတာကန်ဘာရီးက အထူးသတိပြု ရန် မှာကြားသည်မှာ ယင်းလက်ပြတ်ကြီးကို လက်ဖြင့် မကိုင် တွယ်မိစေရန် ဖြစ်၏။

တစ်ခါက ဆေးရည်စိမ်ဖန်ပုလင်းအသစ်လဲလှယ်ရန် သူ၏တပည့် ဂေါ်ရခါးလေးအား ခိုင်းစေသည့်တွင် ထိုသူငယ်က လက်ပြတ်ကြီးကို ကိုင်တွယ်ကာ ပုလင်းအပြောင်းအလဲပြုလုပ် ခဲ့ကြောင်း –



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကိုင်တွယ်မိပြီး လေးငါးရက်အကြာမှာပင် ထိုလူ ဘယ်ဇော်လက်ယာဘက်လက်မှာ ကိုက်ခဲလာရာ မည်သို့မျှ ဆေးဝါး ကုသ၍မရဘဲ မခံမရပ်နိုင်အောင် ကိုက်ခဲလာပြီးနောက် ဝေဒနာ ကို မခံစားနိုင်လွန်းသဖြင့် မိတ္တိုသာကာနိုကြီးထဲ ခုန်ချကာ သူ့ ကိုယ်သူ အဆုံးစီရင်သွားခဲ့ကြောင်း။

သို့ကြောင့် ယင်းလက်ပြတ်ကြီးကို ပကတိလက်ဖြင့် ကိုင်တွယ်မိစေရန် သတိထားဖို့ အထပ်ထပ်အခါခါမှာကြားရှာ သည်။ ကျွန်ုပ်အနေဖြင့် လွန်စွာထူးခြားဆန်းကြယ်ပြီး ကျိန်စာ သင့်နေဟန်ရှိသည့် အနီ မရဏာလက်ပြတ်ကြီးကို တစ်ချိန်ချိန် တွင် သုတေသနပြုရန် ရည်သန်လျက် ဝယ်ယူစုဆောင်းထားခြင်း ဖြစ်ပါကြောင်း။

"အလိုလေး လေး နင့်ဘကြီးရဲ့မှတ်တမ်းအရဆိုရင် ကြောက်စရာ တော်တော်ကောင်းတဲ့လက်ပြတ်ကြီးပါလား ယွန်း ယွန်း။ ငါတို့ရှာလို့ တွေ့ရင် ကိုယ်တွယ်မိမှာ ကျိန်းသေတယ်"

စိုးဝင်းက အသံတုန်တုန်ဖြင့် ပြောသလို နွဲ့လေးရီ၏ မျက်နှာချောချောလေးသည်လည်း ဖြူဖပ်ဖြူလျော် ဖြစ်လျက်ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ. . . အာ့ပဲပြောပြော ငါတို့ အဲဒီလက်ပြတ်ကြီးကို ရှာလို့မတွေ့တာ ကံကောင်းတယ်လို့ပဲ မှတ်ရမှာပဲ"

"ဟုတ်တယ် ယွန်း။ တကယ်တော့ ဒီခန်းဆောင်ကြီးထဲက ပစ္စည်းပစ္စယအားလုံးဟာ နောက်ခံရာဇဝင်ဆိုး ကိုယ်စီရှိကြတယ်။ ဒါကြောင့် အဲဒီအရာတွေကို မကိုင်တွယ်တာ အကောင်းဆုံးပဲ"

"လူရဲပြောတာ ဟုတ်တယ် နွဲ့လေးရီ။ နင်က သိပ်စပ်စုတတ်တာရှော်။ မဆိုကိုင်သည့်ကိုင်မကိုင်စ်နဲ့ ကိုင်ချင်းကိုင် နင်ကြောက်ရင် ဖြူလက်မောင်းတိုကိုင်"

"အံ့မယ်. . . ဘာလို့ကိုင်ရမှာလဲ ယွန်း"

စပ်ဖြဲဖြဲမျက်နှာနှင့် တာတီးစိုးဝင်းအား မျက်စောင်းထိုးလိုက်သည့် နွဲ့လေးရီကိုကြည့်ရင်း လူရဲနှင့်ယွန်းယွန်းတို့ ပြုံးလိုက်မိကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## သောမင်းတမန်ညှ

ဦးဖေအောင် အတော်နေကောင်းသွားပြီး ခေါင်းမှ ပတ်တီးလည်း ဖြည်လိုက်ပြီးပြီမို့ ယွန်းယွန်းတို့ သောကြာနေ့ မနက်မှာပင် အမရပူရသို့ စိုးဝင်း၏ဂျစ်ကားလေးဖြင့် ပြန်သွားကြသည်။

ထိုညက ဦးဖေအောင်သည် သူထိုင်နေကျ ကြိမ်ကုလား ထိုင်ဝိုင်းကြီးမှာပင် ထိုင်ကာ ဒန်းဖောင်းလ်ဆေးတံကြီးကိုခဲလျက် ခန်းဆောင်ကြီးထဲရှိ သူဝယ်ယူစုဆောင်းထားသည့် ထူးထူးဆန်း ဆန်း ပစ္စည်းပစ္စယတို့အား မှုံပြုံးပြုံးလျက် လိုက်ကြည့်နေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ... ငါ့ကို သင်းတို့ ဆက်ပြီးအာခံမလားဆိုတာကို ဒီနေ့ည စောင့်ကြည့်ရမယ်"

"အာခံပြီး ဒုက္ခပေးလို့ကတော့ သင်းတို့ရော ဟောဒီ စံအိမ်ကြီးတစ်ခုလုံးကိုပါ မီးလောင်တိုက်သွင်းပစ်မယ် ... ဟင်း ဟင်း ဟင်း"

ဦးဖေအောင်က နံရံကပ် Dim light မီးအိမ်တို့ကို ဖွင့်ထားသည့်အပြင် မျက်နှာကြက်မှ ဘတ်သီးကိုပါ ဖွင့်ထားသဖြင့် ခန်းဆောင်ကြီးထဲတွင် လင်းကျင်းလို့နေသည်။

သူက သူ၏ပစ္စည်းပစ္စယများကို သေချာစောင့်ကြည့်လိုသဖြင့် လင်းကျင်းအောင် လျှပ်စစ်မီးကို ဖွင့်ထားခြင်းဖြစ်၏။

ညဥ့်သန်းခေါင်ယံလုလုအထိ သူ စောင့်ကြည့်နေသော်လည်း သူ၏ပစ္စည်းပစ္စယတို့မှာ တုပ်တုပ်မျှမလှုပ်။

"ဒင် ဒင် ဒင် ဒင်"

တိုင်ကပ်နာရီကြီး ဆယ့်နှစ်ချက်တီးချိန်တွင် ဦးဖေအောင် ထိုင်ရာမှထရပ်လိုက်သည်။

သူက တုတ်ကောက်ကို အားပြုထောက်ရပ်ရင်း ခြေတစ်ဖက်ကို ဝှေ့ယမ်းကာ အော်ဟစ်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒီမှာ မိစ္ဆာကောင်တွေ ... နာနာဘာဝကောင်တွေ မင်းတို့ကို ငါက ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ထားပါလျက်နဲ့ ငါ့ကို အာခံဒုက္ခပေးမယ်တော့ မကြံနဲ့ ...၊

မင်းတို့ရော ဟောဒီ ယွန်းရွှေရည်စံအိမ်ကြီးကိုပါ မီးလောင်တိုက်သွင်းပစ်။ လိုက်မယ် သိလား ...၊

ဟား ဟား ဟား ... ဟောဒီယွန်းရွှေရည်စံအိမ်ကြီးကိုပါ မီးလောင်တိုက်သွင်းပစ်လိုက်မယ် သိလား ...၊

ဟား ဟား ဟား ... ဖေအောင့်ကိုတော့ သွေးတိုးမစမ်းနဲ့ သွေးတိုးစမ်းတဲ့ကောင် ကာလနာ၁တိုက်သွားမယ်မှတ်"

သူက ယင်းသို့ ကြိမ်းမောင်းလိုက်ပြီးနောက် နံရံမှ မီးခလုတ်ကိုပိတ်ကာ တုတ်ကောက်ကို အားပြုထောက်ရင်း စကြံသမ်းအတိုင်း သူ၏အိပ်ခန်းဆီသို့ လျှောက်လှမ်းသွားလေ၏။

ထိုစဉ် -

"ဟား ဟား ဟား ... ဟက် ဟက် ဟက်"

သူ့နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့သည့် ခန်းဆောင်ကြီးဆီမှ ရယ်သံသဲ့သဲ့ကို မထင်မှတ်ဘဲ ကြားလိုက်ရသည်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေအောင်၏ခန္ဓာကိုယ်ကြီးသည် တောင့်ခနဲဖြစ်သွားပြီးလျှင် တုတ်ကောက်ကို အားပြုလျက် နောက်ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်လေသည်။

"တောက် ... ဘယ်ကောင်လဲကွ လျောင်ရယ်ရယ်တာ"

သူက တုတ်ကောက်ကြီးကို အားပြုထောက်ရင်း စကြံအတိုင်း ပြန်လည်လှမ်းလာခဲ့ပြီး -

ခန်းဆောင်ကြီး၏အဝတွင် ရပ်လိုက်ကာ Dim light မီးရောင်မှိန်မှိန်အောက်မှ ရုပ်တုများ၊ ခေါင်းတလားနှင့် အရိုးခေါင်းများ၊ စိတ္တဇပန်းချီကားများ၊ ကြွေပန်းအိုးများ စသည့် ပစ္စည်းပစ္စယမျိုးစုံကို ဝေ့ပတ်ကြည့်ရှု အကဲခတ်နေလိုက်၏။

ထိုစဉ် ခန်းဆောင်ကြီး၏ တစ်ဖက်ထိပ် ဝဲဘက်ထောင့်မှောင်ရိပ်ကျကျနေရာတွင်ရှိသည့် ပစ်ဂမီလူရိုင်းရုပ်တုက ရှေ့သို့ ရုတ်ခနဲ တိုးလာသည်ကို ဦးဖေအောင် သတိပြုမိသွားစဉ်မှာပင် ယင်း ပစ်ဂမီရုပ်တုဆီမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာပါတော့၏။

"ဟဲ ဟဲ ဟဲ ဟဲ ...ဟက် ဟက် ဟက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ...ပစ်ဂမီလူရိုင်းကောင်က ရာရာစစ ငါ့ကို အံတု စော်ကားတာပါလား"

"တွေ့ကြသေးတာပေါ့ကွာ"

ဦးဖေအောင်က တုတ်ကောက်ကို အားပြုထောက်လျက် ဗီရိုပုလေးများနှင့် ရုပ်တုအချို့ကို ကွေ့ရှောင်ကာ ခန်းဆောင်ကြီး၏ ဝဲဘက်ထိပ်ထောင့်ဆီသို့ ဒေါသတကြီးဖြင့် လျှောက်လှမ်းသွားလိုက်လေသည်။

သစ်ကနက်သားဖြင့် ထုဆစ်ထားသည့် ပစ်ဂမီလူရိုင်းရုပ်တုမှာ လေးပေခန့်သာမြင့်ပြီး သူ၏လက်နှစ်ဖက်က လှံတံကို ဆုပ်ကိုင်ထားကာ ရန်သူအား တိုက်ခိုက်ရန်မူရန် အသင့်ပြင်နေသောဟန် ရှိလေသည်။

ယင်းရုပ်တု၏နောက်တွင် ကတ္တီပါလိုက်ကာကြီးရှိပြီး ရုပ်တု၏ ဝဲဘက်တွင် တရုတ်ကြွေပန်းအိုးတစ်လုံးရှိကာ ရုပ်တု၏ လက်ယာဘက်၌ ခါတ်စက်ရှိနေသည်။

ထိုခါတ်စက်မှာ မည်သည့်ခါတ်ပြားကို ထည့်ဖွင့်ဖွင့် ဘကွဲ့ကွဲ့ တကွဲ့ကွဲ့နှင့် ခွေးအူသံလိုလိုတို့သာ ထွက်ပေါ်လေ့ရှိသော ခါတ်စက်ပင် ဖြစ်၏။

www.burmeseclassic.com



ဦးဖေအောင်တစ်ယောက် ပစ်ဂမီလူရိုင်းရုပ်တုရှေ့ အရောက်ဝယ် ရုပ်တု၏နံဘေးရှိ ဓာတ်စက်မှ ဓာတ်ပြားလည်နေသည်ကို သတိပြုမိလိုက်တော့သည်။

"အောင်မာ ... ဒီဓာတ်စက်ကပါ ဝိညာဉ်ပူးပြီး ငါ့ကို ပညာပြချင်တယ်ပေါ့လေ"

ထိုစဉ် ဓာတ်စက်မှ အသံထွက်ပေါ်လာလေသည်။

"ဖေအောင် ... ဒီနေ့ဟာ မင်းရဲ့သေနေ့ပဲမှတ် ... ဟား ဟား ဟား"

ဓာတ်စက်မှနေ၍ ယင်းသို့ ခြောက်ကပ်ကပ် အက်ကွဲကွဲ အသံကြီး ထွက်ပေါ်လာရာ ဦးဖေအောင်သည် ဒေါသပြင်းစွာ ထွက်သွားတော့၏။

"ဟင် ... ဘယ်တုန်းကမှ အသံမထွက်ဘဲ ဓာတ်စက်စုတ်က ခုတော့ စကားသံတွေ ပီပီပြင်ပြင် ထွက်ပေါ်နေပါလား ငါ့ကိုလည်း ခြိမ်းခြောက်နေပါလား"

"ဖေအောင် ... ဒီနေ့ဟာ မင်းရဲ့သေနေ့ပဲ ... ဟား ဟား ဟား"

"တောက် ... ဝိညာဉ်ပူးပြီး ငါ့ကို စော်ကားကား



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ ခါတ်စက်စုတ်၊ သေစမ်းကွာ ...သေစမ်းကွာ"

"ဒုန်း ... ခွမ်းခွပ်"

ဦးဖေအောင်က ဒေါသတကြီးဖြင့် ခါတ်စက်ကို ရိုက်ခွဲနေစဉ်မှာပင် ပစ်ဂမီလူရှိုင်းရုပ်တုဘက်မှ လုံသွားသည် ဦးဖေအောင်၏ ရင်ဝကို ထိုးစိုက်သွားပါတော့၏။

"စွပ်"

"အ ... အား"

ဦးဖေအောင်သည် သွေးသံတရဲရဲဖြင့် ကြမ်းပြင်ပေါ် ဒူးညွတ်ကျသွားပြီးနောက် နံဘေးသို့ ပစ်လဲကျသွားပါတော့၏။

ယင်းအခိုက် ပစ်ဂမီ လူရှိုင်းရုပ်တုဘက်ဆီမှ လှောင်ရယ်သံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာပါတော့သတည်း။

"ဟား ဟား ဟား ဟား ဟား"

* * *

www.burmeseclassic.com

www.burmeseclassic.com

## သံသယသားကောင်

"ရှင် ဖေဖေ . . . ဘာ ဘာဖြစ်တယ်၊ ဘကြီးအသတ်ခံ ရလို့ ဆုံးသွားပြီ ဟုတ်လား"

"ဟုတ်တယ် သမီး၊ မနေ့ညသန်းခေါင်ကျော်လောက်မှာ ပဲ ယွန်းရွှေရည်စံအိမ်ကြီးရဲ့အပေါ်ထပ်ကနေ ရယ်သံတွေရော တခုန်းဒုန်း တဂွမ်းဂွမ်းအသံတွေရော အားဆိုတဲ့အသံကြီးပါ ခပ်သဲ့သဲ့ကြားရပြီး ပြန်တိတ်ဆိတ်သွားခဲ့တယ်တဲ့"

"ဒေါ်ဥလည်း အဲဒီအသံတွေကြောင့် လန့်နိုးသွားပြီး နောက် ပြန်တိတ်ဆိတ်သွားတဲ့အတွက် ဘာမှမဖြစ်လောက်ဘူးထင်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်အိပ်လိုက်သတဲ့"

"မနက်မိုးလင်းတော့မှ အစ်ကိုကြီးအတွက် မနက်စာ အဆာပြေစားဖို့သွားအပို့မှာ အစ်ကိုကြီးရဲ့အလောင်းကို တွေ့ရ တော့တာပဲတဲ့ သမီးရဲ့။ ဘယ်သူတွေက သတ်သွားသလဲတော့ မသိဘူး။ ဒေါ်ဥ စောစောကပဲ ဖုန်းဆက်အကြောင်းကြားတယ်"

ယွန်းယွန်းသည် သူမ၏ဘကြီးကို သံယောဇဉ်ရှိသူလေး မို့ ဝမ်းနည်းမျက်ရည်များကျခဲ့ရသည်။

"ဘကြီးရယ် ... ဖြစ်ရလေ ... ဟင့် ဟင့် ဟင့်"

"ကဲ သမီး ... ဖေဖေ မန္တလေးသွားမယ်။ သမီးတို့ရော လိုက်ဦးမလား။ သမီးမေမေကတော့ သွေးသံရဲရဲ မကြည့်ဝံ့လို့ မလိုက်ဘူးတဲ့"

"လိုက်မယ် ဖေဖေ၊ သမီး လိုက်ချင်တယ်"

လူရဲတို့ကပါ အသုဘအိမ်သို့ လိုက်လိုကြောင်း ဆန္ဒပြု ကြသဖြင့် ဂျစ်ကားနှစ်စီးဖြင့် မန္တလေးသို့ ထွက်ခဲ့ကြပါတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com

သူတို့လူစု မန္တလေးရှိ ယွန်းရှေးရည်စံအိမ်ကြီးဆီသို့ ရောက်ရှိသွားသည်တွင် ခြံဝ၌ စန္ဒရီပုလိပ်သားနှစ်ယောက် စောင့်ကြည့်လျက်ရှိသည်ကို တွေ့ရပြီး ထိုပုလိပ်တို့က ဦးအောင်သိန်းကို သိပြီးဖြစ်သဖြင့် ခြံတံခါးကို ဖွင့်ပေးလေသည်။

နံနက် နေခြည်အောက်တွင် ထီးထီးမားမားတည်ရှိနေသည့် ယွန်းရှေးရည်စံအိမ်ကြီးသည်ကား အဆိတ်ငြိမ်ကြီး ဆိတ်ငြိမ်လျက် တစ်စုံတစ်ခု အမှားမှားအယွင်းယွင်း ဖြစ်ခဲ့ဟန် အထင်းသား ပေါ်လွင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဆင်ဝင်အောက်တွင်ရပ်နေသည့် လူဆိုးထိန်းဆားပုလင်းလှကြိုင်က ဦးအောင်သိန်းအား ခရီးဦးကြိုပြုလေသည်။

"ဦးအောင်သိန်းတို့တောင် ရောက်လာမှကိုး။ အပေါ်ထပ်ကိုသာ တစ်ခါတည်း တက်ပြီးကြည့်ကြပါဗျာ။ မမြင်ရက်စရာပါပဲ။ ခင်ဗျားရဲ့အစ်ကိုတော့ ကိုယ့်အတတ်နဲ့ကိုယ် စူးဆိုတာလိုသူ့ရဲ့ရုပ်တုတစ်ခုက လှံနဲ့ထိုးသတ်တာ ခံလိုက်ရတာဗျ"

ဦးအောင်သိန်းရော ယွန်းယွန်းတို့ပါ အံ့အားသင့်သွားကြသည်။

"ဘယ်လို ဘယ်လို ဆားပုလင်းကြီးလှကြိုင်ရဲ့လုပ်ပါဦး။ ကျုပ်ရဲ့အစ်ကိုကြီးကို ဓားပြတွေ ဝင်သတ်သွားတယ် ထင်တာ။ ခုဟာက ရုပ်တုက သတ်ရတယ်လို့ တယ်လည်း ဆန်းပါလားဗျ"

"ဆန်းတာတော့ မပြောနဲ့ဗျို့၊ ခင်ဗျားအစ်ကိုရဲ့ရုပ်တုတွေကလည်း သာမန်ရုပ်တုတွေမှ မဟုတ်ဘဲဗျ။ ခင်ဗျားရဲ့အစ်ကိုမွေးထားတဲ့ သရဲတွေ၊ နာနာဘာဝ ပူးကပ်နေတဲ့ ရုပ်တုတွေဆိုတာ ဟောဒီမန္တလေးတစ်မြို့လုံးက သိနေကြတာပဲ ဦးအောင်သိန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ... ကျော်မကောင်း ကြားမကောင်းတော့ ဖြစ်ပြီနဲ့တူတယ် ဆားပုလင်းကြီးရေ။ ကဲ ကဲ ... ကျုပ်ရဲ့အစ်ကို အလောင်းကို တက်ကြည့်လိုက်ဦးမယ်ဗျာ"

"သွား သွား ... အပေါ်ထပ်မှာ အိုင်အိုချစ်သွေးတို့အဖွဲ့ လည်း ရောက်နေတယ်"

"ဘယ် ... ဘယ်လို အိုင်အိုချစ်သွေး ဟုတ်လား ဟို ဟို စီအိုင်ဒီက နာမည်ကျော်စုံထောက် အိုင်အိုချစ်သွေးလား"

"ဟုတ်သဗျာ၊ သူက အခု ဒီမန္တလေးက စီအိုင်ဒီရုံးကို ပြီးခဲ့တဲ့အပတ်ကမှ ပြောင်းလာတာဗျ။ စုံထောက်ကျော်ကြီး အိုင်အို ချစ်သွေးအတွက်တော့ ခင်ဗျားအစ်ကိုရဲ့ သေမှုသေခင်းဟာ သူ့ရဲ့ မန္တလေးမှာ ပွဲဦးထွက် ကိုင်တွယ်ရတဲ့အမှုပဲ ဖြစ်လိမ့်မယ်ဗျို့"

နာမည်ကျော်စုံထောက် အိုင်အိုချစ်သွေးကို နာမည်သာ ကြားဖူးပြီး လူကိုမတွေ့ဖူးသဖြင့် ယွန်းယွန်းတို့လူငယ်လေးဦးမှာ စိတ်ဝင်စားသွားကြ၏။

သို့ဖြင့် ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ တက်လာခဲ့ကြရာ ရုပ်တုများထားရာ ခန်းဆောင်ကြီးထဲတွင် အရပ်ဝတ်လူရွယ်တစ်ဦးနှင့် ယူနီဖောင်းအပြည့်ဝတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဥလိပ်အရာရှိနှစ်ဦးတို့ကို တွေ့ကြရလေသည်။

"ဩော် ... ဌာနာအုပ်ကြီးလည်း ရောက်နေတာကိုး"

ဦးအောင်သိန်းနှင့် ခင်မင်ရင်းစွဲရှိပြီးဖြစ်သည့် ဌာနာအုပ်ကြီးမျိုးတင့်က ခေါင်းညိတ်ပြလိုက်ပြီးနောက် အညိုရောင်သက္ကလတ်ဘောင်းဘီရှည်ကို သနပ်ခါးစပို့ရှပ်အင်္ကျီနှင့် တွဲဖက်ဝတ်ထားသည့် အသားဖြူဖြူ လူရွယ်ချောချောအား မိတ်ဆက်ပေးလိုက်လေသည်။

"ဦးအောင်သိန်းရေ ... ဟောဒါကတော့ ရန်ကုန်ကပြောင်းလာတဲ့ အိုင်အိုချစ်သွေးပဲဗျ။ ခင်ဗျားအစ်ကိုရဲ့ သေမှုအခင်းကို သူ တာဝန်ယူကိုင်တွယ်လိမ့်မယ်"

"ကိုချစ်သွေး ... သူက ဦးအောင်သိန်းပဲ"

အိုင်အိုချစ်သွေးက ဦးအောင်သိန်းကို တည်တည်ငြိမ်ငြိမ်ကြည့်လိုက်လေသည်။

"အင်း ... ဦးအောင်သိန်းက သေဆုံးသူ ဦးဖေအောင်ရဲ့လုပ်ငန်းအားလုံးကို တာဝန်ယူလုပ်ကိုင်နေသူလို့ ဌာနာအုပ်ကြီးက ပြောတယ်"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ။ ကျုပ်လည်း သင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားကြားချင်း ပြေးလာတာပဲဗျ''

ဦးအောင်သိန်းက ပြောပြောဆိုဆို ပစ်ဂမီလူရှိုင်းရုပ်တု၏ ရှေ့ရှိ ကြမ်းပြင်ပေါ်တွင် တစ်စောင်းအနေအထားဖြင့် လဲကျသေဆုံးနေရှာသည့် သူ့အစ်ကို၏အလောင်းကို ဒူးထောက်ကာ ရင်ထုမနာစွာ ကြည့်လိုက်လေသည်။

ယွန်းယွန်းသည်လည်း ရင်ဝတွင် ဒဏ်ရာကြီးရကာ သွေးအိုင်ထဲ လဲကျသေဆုံးနေရှာသည့် ဘကြီးဖြစ်သူ၏ အလောင်းကို ငုံ့ကြည့်ရင်း ခပ်တိုးတိုး ရှိုက်ငိုလိုက်လေသည်။

''ဘကြီးရယ် ... ဖြစ်မှဖြစ်ရလေ ... ဟင့် ဟင့်''

''အေးဗျာ ... ကျုပ်တို့လည်း စိတ်မကောင်းပါဘူး''

''ဟုတ်တယ် ... ဦးနာနာအုပ်ကြီးရယ်။ ကျုပ် အစကတည်းက ပြောတယ်။ ဒီနာနာဘာဝတွေ၊ သရဲတစ္ဆေတွေ ဝိညာဉ်တွေနဲ့ မပတ်သက်ပါနဲ့လို့ ကျုပ်ရဲ့အစ်ကိုကို အခါခါပြောပါတယ်ဗျာ။ ခု ... ခုတော့ သူမွေးထားတဲ့ နာနာဘာဝကောင်က ဝိညာဉ်ပူးကပ်ပြီး အသေသတ်လိုက်ပြီပေါ့''

''ဖြစ်ရလေ အစ်ကိုကြီးရယ်၊ ဖြစ်ရလေဗျာ''

လူရဲက အလောင်းနှင့်အနီးဆုံးရှိ အမည်းရောင်လူရိုင်း

www.burmeseclassic.com



ချပ်တုလေး၏လက်ထဲမှ လုံကိုကြည့်လိုက်လေသည်။

ယင်းလုံမှာ သစ်သားကိုပင် ထွင်းထုထားခြင်းဖြစ်သော်လည်း အတော်မာကျောဟန်ရှိပြီး လုံသွားကလည်း တကယ့်လုံသွားနှယ် စူးချွန်လျက်ရှိကာ လုံသွားနှင့် လုံရိုးတစ်လျှောက်၌ သွေးများ ပေကျံလျက်ရှိလေ၏။

"ဒီ ... ဒီရုပ်တုက သတ်လိုက်တာနဲ့တူတယ်"

လူရဲက ခပ်တိုးတိုး မှတ်ချက်ပြုလိုက်ရာ စိုးဝင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ကွ၊ ဒီရုပ်တုနဲ့လုံသွားမှာ သွေးတွေ မတွေ့ဘူးလား"

မိနစ်ကလေးနှစ်ယောက်ကမူ ဦးဖေအောင်၏ အလောင်းကြီးကို တစ်လှည့် ပစ်ဂမီလူရိုင်းရုပ်၏ လုံသွားမှ သွေးများကို တစ်လှည့်ကြည့်ကာ မျက်နှာလေးများ ဖြူဖပ်ဖြူရော်ဖြစ်လျက် ထိန်လှုပ်ချောက်ချားနေကြလေ၏။

အိုင်အိုချစ်သွေးက လူရဲတို့ကိုကြည့်ပြီး ပြောလိုက်သည်။

"ညီလေးတို့က ဦးဖေအောင်နဲ့ ဘယ်လိုပတ်သက်သလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီလိုပါ။ သူက ယွန်းယွန်း၊ ဦးဖေအောင်ရဲ့ တူမပါ။ ကျွန်တော့်နာမည်က လှရဲ၊ သူက စိုးဝင်း၊ သူကတော့ နွဲ့လေးရီပါ။ ကျွန်တော်တို့က ယွန်းယွန်းနဲ့အတန်းဖော် သူငယ်ချင်းတွေပါ။ ရန်ကုန်ယူနီဗာစီတီ ဥပစာတန်းမှာ တက်နေကြပါတယ်။ ကျောင်းပိတ်ရက်မှာ ယွန်းယွန်းကခေါ်လို့ လိုက်လည်ကြရင်း အခုလို ကြုံရတာပါ"

"ဒါဆို ဒီက ညီမယွန်းယွန်းက ဦးအောင်သိန်းရဲ့သမီးပေါ့"

"ဟုတ်ပါတယ်ရှင်"

"ညီလေးလှရဲတို့ရော ဦးဖေအောင်နဲ့ စကားတွေ ဘာတွေ ပြောဖြစ်သေးလား"

"ဟုတ်ကဲ့၊ နည်းနည်းပါးပါးတော့ ပြောဖြစ်ပါတယ်"

"ဒီအိမ်ကိုရော ရောက်ဖူးလား"

"ရောက်ဖူးပါတယ်ခင်ဗျ၊ ဒီအိမ်မှာ နှစ်ညအိပ်ဖူးပါတယ်"

"ဩော် . . . ဘာကြောင့်များ လာအိပ်တာပါလိမ့်၊ ဦးဖေအောင်က ဖိတ်ခေါ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပထမတစ်ညကတော့ ဟောပကို မှန်ခေါင်းတလားကြီးထဲကနေ ဝိညာဉ်ထွက်လာတာကို စောင့်ကြည့်ဖို့ပါ။ ဒုတိယညကတော့ ဒီခန်းဆောင်ကြီးထဲမှာပဲ ဦးဖေအောင် လဲကျသတိမေ့သွားလို့ လာပြုစုကြရင်း ရောက်ခဲ့ကြတာပါ"

"ြော် ... ြော်"

အိုင်အိုချစ်သွေး၏ မျက်နှာပေါ်ဝယ် အံ့ဩရိပ်တို့ ဖြတ်သန်းသွားသည်။

"အင်း ... ညီလေးလူရဲတို့ကို နောက်ပြီးကျရင် နည်းနည်းမေးစရာရှိတယ်။ အခုတော့ ဦးအောင်သိန်းကိုပဲ အရင်မေးပါမယ်။ အောက်ထပ်သွားပြီး အေးအေးဆေးဆေး ပြောဆိုမေးမြန်းကြတာပေါ့"

"ကိုချစ်သွေး ... ဒီ Body အလောင်းကို ရေခဲတိုက်ပို့လို့ ရပြီလား"

"ရပြီ ဌာနာအုပ်ကြီး"

သို့ဖြင့် အိုင်အိုချစ်သွေးနှင့် ဦးအောင်သိန်းတို့လူစု အိမ်အောက်ထပ်သို့ ဆင်းလာကြပြီး ဧည့်ခန်းကြီးထဲမှ ဆိုဖာခုံများတွင် ထိုင်ကာ အိုင်အိုချစ်သွေးက စစ်ချက်စယူသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့လူငယ်လေးယောက်ကမူ အလိုက်တသိဖြင့် အိမ်ရှေ့ခြံထဲသို့ ဆင်းခဲ့ကြ၏။

"ဦးဖေအောင်မှာ ဇနီးမယားလည်းမရှိ၊ အမွေစား အမွေခံ သားသမီးလည်း မရှိဆိုတော့ ဦးဖေအောင် ကျန်ရစ်ခဲ့တဲ့ ဥစ္စာပစ္စည်းအမွေအနှစ်တွေကို ဦးအောင်သိန်းပဲ ဆက်ခံရရှိမှာပေါ့ ဟုတ်လား"

"အင်း ... ဥပဒေအရဆိုရင်တော့ အစ်ကိုကြီးကျန်ရစ်ခဲ့ တဲ့ အမွေအနှစ်အားလုံးကို ကျုပ်ဆက်ခံရရှိမှာပါပဲ။ ဒါပေမဲ့ ကျုပ်ရဲ့အစ်ကိုကြီးက ဘယ်သူမှမသိအောင် ဘာတွေလုပ်ထား သလဲ မသိဘူးဗျ။ သူက တစ်ဇွတ်ထိုးသမားကြီး။ သူလုပ်ချင်ရာ စွတ်လုပ်တတ်တာဗျ။ သူ ဆုံးဖြတ်လုပ်ကိုင်ပြီဆို ဘယ်သူမှ တားလို့ရတာ မဟုတ်ဘူး ...၊

ဒါကြောင့် သူ့ရဲ့ ဥစ္စာပစ္စည်း အိမ်ခြံတိုက်တာလုပ်ငန်း တွေကို ကြိုတင်ပြီး ဘယ်သူ့ကိုပေးထားသလဲ။ ဘယ်သူ့ကို လှူ ထားသလဲ ဆိုတာတွေ ကျုပ်မသိဘူးဗျ"

"အခြားသိတဲ့သူ မရှိနိုင်ဘူးလား"

"အစ်ကိုကြီးရဲ့လက်စွဲတော် ဝတ်သုံတော်ရှေ့နေကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းမြင့်တော့ သိမယ်ဗျ''

"ဩော် ... ဩော်၊ ဒါထက် ဦးအောင်သိန်းက သရဲ ဘဲ့ဘွေ ဝိညာဉ်တွေရှိတယ်ဆိုတာကို ယုံသလားဗျ''

"ဟာ ... ယုံတာပေါ့ဗျာ၊ ဒါတွေက ဘုရားဟောထဲမှာ ပါတာပဲ''

"ဟုတ်ပါပြီ၊ အဲဒီသရဲတစ္ဆေဆိုတာတွေကိုရော ကိုယ်တိုင်မြင်ဖူးသလား ခင်ဗျ''

"ကိုယ်တိုင်တော့ မမြင်ဖူးပါဘူး။ ဒါပေမဲ့ အစ်ကိုကြီးက တစ်နေ့မှာ ဝိညာဉ်လောကရှိကြောင်းနဲ့ သူကျွေးမွေးစောင့်ရှောက်ထားတဲ့ ဝိညာဉ်တွေကို ခိုင်းစေဖို့ရကြောင်း လက်တွေ့ပြတဲ့အနေနဲ့ ဂျွန်ဆိုတဲ့ ကော်ပတ်ရုပ်လေးကို ခိုင်းစေပြီး လက်ဝှေ့ယှမ်းလိုက်တာနဲ့ ရုပ်တုတွေထားတဲ့ ခန်းဆောင်ထဲက ခန်းဆီးလိုက်ကာတွေ တဖြန်းဖြန်းနဲ့ ကွဲကုန်တယ်ဗျ။ ကော်ပတ်ရုပ်လေးမှာ ပူးကပ်နေတဲ့ ဝိညာဉ်က လုပ်ဆောင်လိုက်တာပေါ့ဗျာ။ အဲဒီလိုတော့ ကြုံဖူးတယ်''

"ဩော် ... ဟုတ်ပြီ ဟုတ်ပြီ။ ကဲ ... ကျွန်တော် ကလေးတွေနဲ့ စကားနည်းနည်းသွားပြောကြည့်ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ ... ကောင်းပါပြီ"

အိုင်အိုချစ်သွေးက အိမ်ထဲမှထွက်လာပြီး အိမ်ရှေ့ပန်း
ထဲရှိ ထိုင်ခုံဖြူဖြူများဆီ လျှောက်လှမ်းလာ၏။

"အိုင်အိုချစ်သွေးက တော်တော်ချောပြီး စမတ်ကျတယ်
နော်"

ယွန်းယွန်းက သူမတို့ထိုင်နေရာဆီ လက်တစ်ဖက်
ဘောင်းဘီအိတ်ထဲနှိုက်လျက် လျှောက်လှမ်းလာနေသည့် အိုင်
ချစ်သွေးကို လှမ်းကြည့်ရင်း မှတ်ချက်စကားကို တိုးတိုးဆိုသည်

"အေး ... သူက ချောရုံ၊ စမတ်ကျရုံမကဘူး။ အ
လိုက်လည်း အရမ်းတော်တယ်တဲ့ဟ။ သူကိုင်တဲ့အမှုမှန်သ
တရားခံမပေါ်တာ မမိတာ မရှိဘူးတဲ့"

ထိုစဉ်မှာပင် အိုင်အိုချစ်သွေးက ခပ်ပြုံးပြုံး အမူအရာ
ယွန်းယွန်းတို့အနီးသို့ ရောက်လာသည်။

"ညီလေးတို့နဲ့ စကားနည်းနည်းပြောချင်လို့"

"ဪ ... ရပါတယ်အစ်ကို ထိုင်ပါ"

အိုင်အိုချစ်သွေးက သစ်သားခုံတန်းလျားဖြူဖြူတွင်
ဝင်ထိုင်လိုက်ပြီးနောက် လူရဲ၏မျက်နှာကို တည့်တည့်ကြည့်လ



www.burmeseclassic.com

www.burmeseclassic.com



ာည်ငြိမ်စွာပြောသည်။

"တကယ်တော့ အစ်ကိုက ပြောချင်တာမဟုတ်ပါဘူး။ ညီလေးတို့ ညီမလေးတို့ ပြောတာကို နားထောင်ချင်တာပါ။ ဆာစောက ညီလေးလူရဲပြောတဲ့စကားထဲမှာ မှန်ခေါင်းတလား ထဲက ဝိညာဉ်ထွက်လာတာကို စောင့်ကြည့်ခဲ့တယ်လို့ ပါတယ် နော်"

"ဟုတ်ပါတယ် အစ်ကို"

"အဲဒီအကြောင်း သေချာအသေးစိတ်ပြောပြပါလားကွာ။ အစ်ကို စိတ်ဝင်စားလို့ပါ။ ပြီးတော့ ဦးဖေအောင်ရဲ့ သေမှုသေခင်း နဲ့လည်း ဆက်စပ်နေလို့ပါ"

"ဟုတ်ကဲ့ ပြောပြပါ့မယ် အစ်ကို"

လူရဲတို့က သူတို့တွေ့ကြုံခဲ့သမျှကို မခြွင်းမချန်ပြောပြ လိုက်ကြလေသည်။ ဦးဖေအောင်၏ မှတ်တမ်းအကြောင်းပါ ပြော ပြလိုက်၏။

လူရဲတို့၏စကားအဆုံးတွင် အိုင်အိုချစ်သွေးသည် တွေ သွားပြီး မျက်မှောင်ကိုလည်း အတွန့်ချိုးလိုက်လေသည်။

"အင်း ...ညီလေးတို့လို ခေတ်ပညာတတ် ယူနီ



www.burmeseclassic.com

www.burmeseclassic.com



ဗာစီတီ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူကြီးတွေကိုယ်တိုင် မျက်မြင် ကြုံတွေ့ခဲ့တာဆိုတော့လည်း မယုံလို့ မရတော့ဘူးပေါ့"

"ကျွန်တော်တို့ တကယ်ကို ကြုံတွေ့ခဲ့ရတာပါ"

"အေးလေ . . . ထားပါတော့။ ဒါထက် ဦးဖေအောင်ကို ဝိညာဉ်ပူးကပ်နေတဲ့ ပစ်ဂမီ လူရိုင်းရုပ်တုကသတ်လိုက်တာလို့ မင်းတို့က ယူဆသလား"

ဤတွင် စိုးဝင်းက ဝင်ပြောလိုက်သည်။

"ဒါက လက်တွေ့ပဲလေ။ ပစ်ဂမီလူရိုင်းရုပ်တုကိုင်ထားတဲ့ လှံသွားမှာ သွေးတွေ ရွှဲပေနေတာပဲ။ ဝိညာဉ်ပူးကပ်ပြီး အဲဒီကောင်သတ်လိုက်တာပဲဖြစ်မှာပေါ့"

အိုင်အိုချစ်သွေးက ပြုံးလိုက်သည်။

"အင်း . . . လောလောဆယ် အဲဒီလိုပဲယူဆရမလို ဖြစ်နေတယ်။ ကဲ . . . ကိုယ်သိချင်တာကို ညီလေးတို့ပြောပြတဲ့ အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ခုတော့ ကိုယ့်ဌာနကို ပြန်ပြီး အမှုနဲ့ပတ်သက်လို့ အစီရင်ခံစာရေးလိုက်ဦးမယ်၊ ဒီကို လည်း လာခဲ့မှာပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ...ဒါထက် လူသတ်တရားခံ ပစ်ဂမီကို တစ်ခါတည်း ဖမ်းခေါ်မသွားဘူးလား အစ်ကိုချစ်သွေး"

စိုးဝင်းက နောက်လိုက်ရာ အိုင်အိုချစ်သွေးက ပြုံးလိုက်လေသည်။

"မလုပ်လိုက်ပါနဲ့၊ တော်ကြာ ဌာနာကလူတွေကိုပါ လိုက်သတ်နေလို့ ...ဟင်း ဟင်း ဟင်း"

*

www.burmeseclassic.com

www.burmeseclassic.com

ဦးဖေအောင်၏အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပြီး နောက်နေ့တွင်ဖြစ်သည်။

လူရဲတို့သူငယ်ချင်းလေးဦးမှာ အသုဘအိမ်တွင် ဒေါ်ဥတို့ အဖော်ရရန် နေပေးနေရသည်မှ ယွန်းရွှေရည်စံအိမ်ကြီး၌ နေရော ညပါ ရှိနေကြ၏။

ထိုနေ့က အိုင်အိုချစ်သွေးရောက်လာပြီး အခင်းဖြစ်နေရာ ကို ထပ်မံစစ်ဆေးလိုသည်ဟု ဆိုသဖြင့် ယွန်းယွန်းက စစ်ဆေး ခွင့်ပြုလိုက်ရာ အိုင်အိုချစ်သွေးတစ်ဦးတည်း အိမ်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဘက်သွားလေသည်။

ဦးဖေအောင်၏ အိပ်ခန်းမှာ သော့ခတ်ထားသဖြင့် ထို
အခန်းမှလွဲ၍ အိမ်ပေါ်ထပ် တစ်ထပ်လုံးကို အိုင်အိုချစ်သွေး
စိတ်တိုင်းကျ စစ်ဆေးခွင့်ရလေသည်။

"ဘယ်လိုလဲ လူရဲ ... ငါတို့စုံထောက်ကြီးက အပေါ်
ထပ်မှာ ကြာလှချေလားကွ။ နာရီဝက်ကျော်နေပြီ တက်သွားတာ။
ဘာလဲ ဝိညာဉ်မတစ်ယောက်နဲ့တွေ့ပြီး အိမ်ထောင်ကျနေပြီလား
သိဘူး"

လူရဲတို့လူငယ်လေးဦး ညှော်ခန်းမကြီးထဲမှာ ထိုင်နေစဉ်
ခင်းက အရွှန်းဖောက်လိုက်သည်။

"အေးဟယ် ... သူမို့ မကြောက်မရွံ့။ အိမ်ပေါ်ထပ်ကို
တစ်ယောက်တည်း တက်သွားရတယ်လို့"

"ဩော် ... နွဲ့လေးရယ် ... သူက စုံထောက်ဆိုတော့
ဘယ်ကြောက်ပါ့မလဲဟာ။ ပြီးတော့ သူ့မှာသေနတ်တွေ ဘာတွေ
ဆောင်ပါမှာလေ"

ထိုစဉ် အိုင်အိုချစ်သွေး အိမ်ပေါ်ထပ်မှ ဆင်းလာသည်။
မျက်နှာတွင် မြင်ရသည့်အပြုံးက ပြုံးလေ့ပြုံးထရှိသော အပြုံး



www.burmeseclassic.com

www.burmeseclassic.com



မျိုးဟု လူရဲ တွေးလိုက်မိ၏။

"ဘယ့်နှယ်လဲ အစ်ကိုချစ်သွေး။ စစ်ဆေးကြည့်ရှုတာ နေရာကျခဲ့ရဲ့လားဗျ"

"အင်း ဟင်း ... နေရာကျခဲ့ပါတယ် လူရဲရယ်။ ကဲ ကဲ ... ခြံထဲ လှည့်ပတ်ကြည့်လိုက်ဦးမယ်"

အိုင်အိုချစ်သွေးက ပြောပြောဆိုဆို အိမ်ရှေ့တံခါးပေါက်မှ ထွက်သွားသည်။ ထိုစဉ် ခြံရှေ့သို့ မြင်းလှည်းတစ်စီး ထိုးဆိုက်လာပြီး မြင်းလှည်းပေါ်မှ လက်ဆွဲအိတ်အနက်ကို ဆွဲကိုင်လျက် လူဝဝခံ့ခံ့တစ်ဦး ဆင်းလာသည်ကို လှမ်းတွေ့ရ၏။

ထိုလူနှင့် အိုင်အိုချစ်သွေးတို့ ခြံဝနား၌ အတန်ကြာ ရပ်စကားပြောနေကြပြီးနောက် ထိုလူဝဝသည် ခြံဝမှ ပြန်ထွက်ကာ မြင်းလှည်းပေါ် ပြန်တက်သွားတော့၏။

ခြံထဲအနှံ့ နာရီဝက်ခန့် လျှောက်ကြည့်လေ့လာပြီးနောက် အိုင်အိုချစ်သွေးက စံအိမ်ကြီးထဲ ပြန်ဝင်လာကာ ဧည့်ခန်းထဲရှိ ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

"ဘယ့်နှယ်လဲ ... အစ်ကိုချစ်သွေး။ လူသတ်သမားရဲ့ ပစ်ဂမီလေးကို ဖမ်းမခေါ်သေးဘူလားဗျ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



တာတီးက ရှုတ်နောက်နောက် စကားဆိုလိုက်ရာ အိုင်အိုချစ်သွေးက ပြုံးလိုက်သည်။

"မင်းတို့က ဦးဖေအောင်ကို ပစ်ဂမီရုပ်တုက သတ်တယ် ထင်လို့လား"

"ဟင်... အဲဒီကောင်ကလွဲရင် ဘယ်သူဖြစ်နိုင်မှာလဲဗျ"

"ဟုတ်ပါရဲ့၊ ဒီလောက်အသိသာကြီးဟာကို"

တာတီးနှင့် နွဲ့လေးရီတို့မှာ အတိုင်အဖောက်ညီလျက် ရှိလေသည်။

"ဦးဖေအောင်ရဲ့သွေးနဲ့ ပစ်ဂမီလေးရဲ့လှံသွားကသွေးကို ရန်ကုန်က ဓာတုဗေဒဝန်ရုံးဆီပို့ပြီး စစ်ဆေးခိုင်းတော့ အဲဒီသွေး နှစ်ခုဟာ အတူတူပဲလို့ အဖြေရတယ်"

"မှူခင်းဆရာဝန်ကြီးဒေါက်တာအောင်သန်းဦးဆီက မှတ်ချက်ရတော့လည်း လှံသွားလို ချွန်ထက်တဲ့အရာနဲ့ ရင်ဝကို ထိုးစိုက်ခံရပြီး လှံသွားဟာ အသည်းကို ထိသွားတဲ့အတွက် ဦးဖေအောင် အသက်ဆုံးရှုံးရတာလို့ ဆိုတယ်ကွ"

"အဲ ... အဲဒီလောက် သက်သေတွေခိုင်လုံနေမှတော့ ပစ်ဂမီရုပ်တုက သတ်တာ ထင်ရှားနေပြီပေါ့၊ အစ်ကိုချစ်သွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုချစ်သွေးက ပြုံးလိုက်သည်။

"အင်း ... သက်သေတွေကတော့ တော်တော်ခိုင်လုံနေပါပြီ။ ကိုယ်ကိုယ်တိုင် စူးစမ်းလေ့လာတွေ့ရှိချက်တွေနဲ့ အဲဒီခိုင်မာတဲ့ သက်သေတွေပေါင်းလိုက်ရင် လူသတ်တရားခံကို ဦးဖေအောင် ရက်လည်တဲ့နေ့ညမှာ ကိုယ်ဖော်ထုတ်ပေးပါ့မယ်။ ဒါပေမဲ့ အဲဒီလူသတ်တရားခံဟာ ပစ်ဂမီရုပ်တုတော့မဟုတ်ဘူး"

"ဗျာ"

"ဟင်"

"ဟာ"

"အို .. ဒါဆို ဘယ်ရုပ်တုဖြစ်နိုင်မလဲ အစ်ကိုချစ်သွေး"

"လူသတ်တရားခံ ဘယ်သူလဲဆိုတာတော့ လာမယ့်စနေနေ့ညကျ ကိုယ်ဖော်ထုတ်ပြပါ့မယ်။ ကဲ ခုတော့ ပြန်လိုက်ပါဦးမယ်"

အိုင်အိုချစ်သွေးက ပြောပြောဆိုဆို သူ၏ အိုပယ်လ်ကားနက်လေးဖြင့် ထွက်ခွာသွားရာ လူရဲတို့မှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ရပါတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

လျှို့ဝှက်လှသတ်သမား

နှုတ်ဆက်သူ

အိမ်ပေါ်ထပ်ကလူ

ဟောဟာမီးလျှံ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## လျှို့ဝှက်လူသတ်သမား

ကွယ်လွန်သူ ဦးဖေအောင်အားရည်စူးပြီး ရက်လည်ဆွမ်းသွပ်သည့်ကိစ္စ အစစဝကို ဦးအောင်သိန်း (သူကြီး) ကပင် အစစတာဝန်ယူ ကြီးကြပ်ဆောင်ရွက်ပေးရသည်။

ယွန်းယွန်းသည်လည်း ဖခင်ကြီးကို ဝိုင်းကူလုပ်ကိုင်ပေးရရာ လူရဲတို့လည်း ရက်လည်သည့်နေ့အထိ ယွန်းရွှေရည်စံအိမ်ကြီးမှာပင် နေထိုင်လျက် ယွန်းယွန်းတို့ သားအဖကို ကူညီနေရ၏။

ရက်လည်သည့်ညတွင်မူ အိုင်အိုချစ်သွေးက ဦးဖေ

www.burmeseclassic.com

www.burmeseclassic.com



အောင်အား သတ်သည့်တရားခံကို ဖော်ထုတ်ပေးမည်ဆိုသဖြင့် အားလုံးက လွန်စွာစိတ်ဝင်စားနေကြသည်။

"ဖေဖေ ... ဘယ်သွားမလို့လဲဟင်"

ညမှောင်ရီပျိုးစမှာပင် ဦးအောင်သိန်းက ဂျစ်ကားပေါ် တက်ပြီး မောင်းထွက်ရန် ပြင်နေသဖြင့် ယွန်းယွန်းက ကားနား ကပ်လာပြီး မေးလိုက်၏။

"မြို့ထဲဘက်ခဏသွားမလို့ သမီး"

"တော်ကြာကျရင် ကိုချစ်သွေးတို့ လာတော့မယ်လေ ဖေဖေ။ သိပ်မကြာနဲ့နော်"

"ဩော် ... မကြာပါဘူးသမီးရဲ့။ ရှမ်းပြည်နယ်ဘက်က ဆင်းလာတဲ့ ကုန်သည်တွေကို သူတို့တည်းခိုတဲ့အိမ်မှာ သွား နှုတ်ဆက်ယုံပါ"

"အင်း ... ဒါဆိုလည်း ပြီးရောလေ။ ဒါထက် ဖေဖေ ဘကြီးကိုသတ်တဲ့တရားခံကို ကိုချစ်သွေးက ဒီည ဖော်ထုတ်ပေး မယ်လို့ပြောတယ်။ သူက ပစ်ဂမီရုပ်တုကို လူသတ်တရားခံ ယူဆပုံမရဘူး။ ပစ်ဂမီမှမဟုတ်ရင် တခြား ဘယ်ရုပ်တုတွေ ဖြစ်နိုင်မလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးဘကြီးမွေးထားတဲ့ နာနာဘာဝတွေ၊ ဝိညာဉ်တွေက အများကြီးပဲလေ သမီးရဲ့။ ခုနောက်ပိုင်းမှာ အဲဒီ နာနာဘာဝကောင်တွေ၊ ဝိညာဉ်တွေက သူ့ကိုပြန်ပြီး ခြိမ်းခြောက်ဒုက္ခပေးနေတာ သမီးတို့လည်း အသိပဲလေ။ သူတို့ထဲကတစ်ဦးဦးပဲ ဖြစ်မှာပေါ့။ ဖေဖေလည်း အဲဒီကိစ္စတွေအတွက် ခေါင်းရှုပ်နေတယ် သမီးရယ်။ မနက်ဖြန်ကစပြီး အဲဒီရုပ်တုတွေ ကျက်သရေမရှိတဲ့ ဟာတွေကို တစ်နေရာရာပို့ဖို့၊ စွန့်ပစ်ဖို့ စီစဉ်ရဦးမယ်"

"ဟုတ်တယ်နော် ဖေဖေ၊ ဒီစံအိမ်ကြီးကို သမီးတို့မိသားစုက အမွေဆက်ခံရမှာဆိုတော့ အဲဒီဟာတွေနဲ့ မလွှဲမရှောင်သာ ပတ်သက်ရတော့မယ်"

"ကဲပါ သမီးရယ် . . . နောက်မှပဲ အဲဒီကိစ္စအတွက် စဉ်းစားကြတာပေါ့။ ဖေဖေ သွားတော့မယ်"

"ဟုတ်ကဲ့ ဖေဖေ၊ သိပ်တော့မကြာနဲ့နော်"

"အေးပါ သမီးရဲ့"

ဖခင်ကြီး ကားမောင်းထွက်သွားမှ စံအိမ်ထဲသို့ ယွန်းယွန်း ပြန်ဝင်လာခဲ့သည်။

နောက်နာရီဝက်ကျော်ကျော်ခန့်အကြာတွင် အိုင်အို



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေး၊ ဌာနာအုပ်ဦးမျိုးတင့်နှင့် ပုလိပ်သားနှစ်ယောက်တို့ ရောက်ရှိလာကြသည်။ သူတို့နှင့်အတူ ခွေးတစ်ကောင်လည်း ပါလာသည်။

"အစ်ကိုချစ်သွေးတို့ ဌာနာအုပ်ကြီးတို့ ထိုင်ကြပါရှင်။ ဖေဖေကတော့ မြို့ထဲဘက်ခဏသွားပါတယ်၊ မကြာခင် ပြန်လာမှာပါ"

ဧည့်ခန်းထဲမှ ဆိုဖာဆက်တီများတွင် အိုင်အိုချစ်သွေးနှင့် ဌာနာအုပ်ဦးမျိုးတင့်တို့ ဝင်ထိုင်လိုက်ကြ၏။ ပုလိပ်သားနှစ်ဦးကမူ သူတို့၏ခွေးနှင့်အတူ ခြံထဲမှာ နေရစ်ခဲ့၏။

ယွန်းယွန်းက အိမ်စေမလေးများယူလာသည့် လက်ဖက်ရည်၊ မုန့်တို့ဖြင့် အိုင်အိုချစ်သွေးတို့ကို ဧည့်ခံရင်း ဖခင်ကြီး ပြန်လာချိန်ကို စောင့်နေလိုက်သည်။

"ဦးအောင်သိန်းက ဘယ်သွားတာလဲ ယွန်းယွန်း"

"ရှမ်းပြည်ဘက်ကဆင်းလာတဲ့ ကုန်သည်တွေကို သူတို့ တည်းခိုတဲ့မြို့ထဲဝိုင်းကအိမ်မှာ သွားနှုတ်ဆက်တာပါ၊ အစ်ကိုချစ်သွေး"

"အင်း ... ခုချိန်မှာတော့ ဒီအိမ်ကြီးကို အစေ့ဆက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ခွင့်ရှိသွားတဲ့ ယွန်းယွန်းရဲ့အာဖေက အိမ်ရှင်ဖြစ်သွားပြီဆိုတော့ အိမ်ရှင်လာမှပဲ ဆောင်ရွက်စရာရှိတာတွေ ဆောင်ရွက်ကြတာ ပေါ့''

''အစ်ကိုချစ်သွေးက ဒီညမှာ လူသတ်ကောင်အစစ်ကို ဖော်ထုတ်ပေးမယ်ဆိုလို့ ကျွန်တော်တို့ကတော့ စိတ်ဝင်စားပြီး စိတ်လည်း တော်တော်လှုပ်ရှားနေကြတယ် ခင်ဗျ''

''ဟုတ်တယ် ... အစ်ကိုချစ်သွေးရဲ့။ ကျွန်တော်တို့ ည်း လူရဲပြောသလိုပဲ။ ဒီညရောက်ဖို့ မျှော်တလင့်လင့် ဖြစ်နေ ကြတာဗျ''

''မောင်စိုးဝင်းရယ် ... သိပ်လည်း စိတ်မလှုပ်ရှားနေပါ ကွာ။ တရားခံအစစ်ကိုမိဖို့ နာရီပိုင်း၊ မိနစ်ပိုင်းပဲလိုပါတော့ တယ်''

''အင်း ... ယွန်းယွန်းရဲ့ဘကြီးကို လုပ်ကြံတာဟာ စ်ဂမီရုပ်တု မဟုတ်ဘူးဆိုရင် ဟိုမရဏလက်ပြတ်ကြီးရဲ့လက် က်ပဲ ဖြစ်ရမယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလက်ပြတ်ကြီးကို ည် ရှာလို့မတွေ့သေးဘူး။ ဝိညာဉ်ပူးကပ်နေတဲ့ အဲဒီလက်ပြတ် ကြီးက ပစ်ဂမီရဲ့လှံနဲ့ထိုးသတ်လိုက်တာပဲ ဖြစ်ရမယ်ဗျ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီလိုပဲ ယူဆတယ် အစ်ကိုချစ်သွေး''

"အင်း ... မောင်စိုးဝင်းရဲ့တွေးဆချက်က မဆိုးပါဘူး ဘာပဲဖြစ်ဖြစ်လေ မကြာခင် အဖြေသိရပါစေ့မယ်''

ထိုစဉ် ကားဟွန်းသံကြားရပြီးနောက် ဦးအောင်သိန်း မောင်းလာသည့် ဂျစ်ကားက အိမ်ရှေ့ပေါ်တီကိုအောက်သို့ ထိုးဆိုက်လာသည်။

ဦးအောင်သိန်းက ကားပေါ်မှဆင်းလာပြီး ပြုံးရွှင်စွာ နှုတ်ဆက်သည်။

"ဟော ... ဌာနာအုပ်ကြီးတို့ အိုင်အိုချစ်သွေးတို့တောင် ရောက်နေမှကိုး။ အေးဗျာ ... ကျုပ်ရဲ့မိတ်ဆွေ ကုန်သည်တွေနဲ့ ခဏသွားတွေ့နေရလို့ဗျ''

အိုင်အိုချစ်သွေးက လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ နှိုက်လျက် ထိုင်ရာမှထရပ်လိုက်သည်။

"ကဲ ဦးအောင်သိန်းရေ ... ခရီးရောက်မဆိုက်မှာပဲ လူသတ်တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ အိမ်ပေါ်ထပ်တက် လိုက်ကြရအောင်ဗျာ''

"ဩော် ... အင်း အင်း''



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် . . . သူတို့အားလုံး စံအိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့ကြပါတော့၏။

ယွန်းရွှေရည်စံအိမ်ကြီး၏ အပေါ်ထပ်တစ်ထပ်လုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး ရုပ်တုများ၊ ဂမ္ဘီရပစ္စည်းများရှိရာ ခန်းဆောင်ကြီးထဲမှ တိုင်ကပ်နာရီ၏ နာရီသံတစ်ချက်ချက်သာ ထွက်ပေါ်လျက်ရှိလေသည်။

သူတို့အားလုံးက ယင်းခန်းဆောင်ကြီးထဲသို့ လှမ်းဝင်ခဲ့ကြ၏။

ခန်းဆောင်ကြီးထဲတွင် ထုံးစံအတိုင်း Dim light မီး ရောင်မှိန်မှိန်သာ ရှိလေသည်။

"ဦးအောင်သိန်း . . . ခင်ဗျား ဘတ်သီးကို ဖွင့်လိုက်ပါ။ လင်းလင်းကျင်းကျင်းဆိုတော့ ပိုကောင်းတာပေါ့"

ဦးအောင်သိန်းက အိုင်အိုချစ်သွေး၏စကားအတိုင်း နံရံမှ မီးခလုတ်တစ်ခုကို ဖွင့်လိုက်ရာ မျက်နှာကြက်မှ ဘတ်သီးက ထိန်းလက်လာတော့၏။

ညို့ညို့မှိုင်းမှိုင်း ခန်းဆောင်ကြီးထဲတွင် လင်းကျင်းသွားသော်လည်း ပစ်ဂမီလူရှိုင်းရုပ်တုရှိရာ ခန်းဆောင်ကြီး၏ထောင့်၌

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ကျလျက်ရှိလေသည်။

အိုင်အိုချစ်သွေးက ဦးအောင်သိန်း၊ ယွန်းယွန်း၊ လှ
စိုးဝင်းနှင့် နွဲ့လေးရီတို့ဘက်သို့ တည်ငြိမ်စွာလှည့်ကြည့်လိုက်ပြီး
ပစ်ဂမီရှိရာ ခန်းဆောင်ကြီး၏ထောင့်ဆီသို့ လက်ညှိုးညွှန်ပြလိုက်
၏။

"အဲဒီနေရာက ပစ်ဂမီရုပ်တုနဲ့ ဂမုန်းဘီလူးပင်တို့ရဲ့
နောက်မှာ မှန်ပြတင်းတွေကို ကာထားတဲ့ ကတ္တီပါလိုက်ကာကြီး
တွေက ကြမ်းပြင်နားအထိ တွဲလောင်းကျနေတယ် ...၊
ဒါတွေဟာ လူသတ်သမားအတွက် ဦးဖေအောင်ကို
သတ်ဖြတ်ဖို့ အကောင်းဆုံး အကာအကွယ်တွေပါပဲ"

ဤတွင် စိုးဝင်းက လွှတ်ခနဲ ဝင်ပြောလိုက်သည်။

"အစ်ကိုချစ်သွေး ... ကျွန်တော်ထင်တာတော့ မရ
လက်မည်းကြီးဟာ အဲဒီလိုက်ကာတွေရဲ့နောက်မှာ ပုန်းခိုနေပြီး
အပိုင်လုပ်ကြံတာ ဖြစ်မယ်ဗျ"

"အင်း ... မောင်စိုးဝင်းပြောတာ မှန်တယ်ကွ။
နေရာဟာ မှောင်ရိပ်ကျနေတဲ့အပြင် လိုက်ကာရှည်ကြီးတွေ
ထားတော့ ပုန်းခိုလုပ်ကြံဖို့ အကောင်းဆုံးနေရာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စိုးဝင်း (တာတီး) က သူ့ယူဆချက်ကို အိုင်အိုချစ်သွေး က ထောက်ခံလိုက်သဖြင့် အကျေနပ်ကြီးကျေနပ်သွားလျက် လူ့ရဲကို့ဘက်သို့ လှည့်ကာ ပြုံးပြုံးကြီး ပြောလိုက်လေသည်။

"တွေ့လား၊ လူသတ်ကောင်ဟာ မရဏာလက်ပြတ်ကြီး ပဲဖြစ်ရမယ်လို့ . . . လို့ . . . လို့"

"ဆရာချစ်သွေး"

ကျွန်းလေ့ကားကြီးမှ ပုလိပ်စာသင် ပိုးဟပ်ဖြူ (ခ) သောင်းထွန်းက တက်လာပြီး အိုင်အိုချစ်သွေးကိုခေါ်လိုက်ရာ အားလုံးလှည့်ကြည့်လိုက်သည်တွင် ယင်းပုလိပ်စာသင်က ဖုန်များ အတော်အတန် ပေကျံနေသည့် လက်ပြတ်မည်းမည်းကြီးကို သံညှပ်ဖြင့်ကိုင်ကာ ယူလာသည်ကို တွေ့လိုက်ရသဖြင့် စိုးဝင်းမှာ အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလက်စ,စကား ရပ်တန့်သွားရ တော့၏။

"ဆရာချစ်သွေး . . . ကျွန်တော်တို့ရဲ့အနံ့ခံခွေးက ဒီစံအိမ်ကြီးရဲ့အနောက်ဝဲဘက်ထောင့်မှာရှိတဲ့ ရေတွင်းပျက်ကြီးရဲ့ ဘေးနားမှာ တူးဖော်ပေးခဲ့တာဗျ"

"ဟာ . . . မ . . . မရဏာလက်မည်းကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



တာတီးမှာ မျက်လုံးပြူးလျက် ရှိတော့၏။

"အဲဒါကို ပလတ်စတစ်အိတ်ထဲထည့် သိမ်းထားလိုက်ကွာ။ ဒီမှာ ကိစ္စမပြီးသေးဘူး။ အဲဒီလက်ပြတ်ကြီးကိုတော့ မင်းတို့ရဲ့လက်နဲ့ လုံးဝသွားမကိုင်နဲ့နော်"

"ဟုတ် ... ဟုတ်ကဲ့ ... ဆရာချစ်သွေး"

ပုလိပ်စာသင် မိုးဟပ်ဖြူ လှေကားအတိုင်း ပြန်ဆင်းသွားမှ အိုင်အိုချစ်သွေးက တာတီးကို ခပ်ပြုံးပြုံး အမူအရာဖြင့် လှည့်ကြည့်သည်။

"ငါ့ညီရဲ့အယူအဆက မှန်ပါတယ်။ လူသတ်သမားဟာ အဲဒီလိုက်ကာတွေရဲ့နောက်မှာ ပုန်းခိုနေပြီး ဦးဖေအောင် အဲဒီနေရာဆီလာအောင် မာယာသုံးပြီး ခေါ်လိမ့်မယ်ကွ။ ဥပမာ– လျှောင်ရယ်သံပေးပြီးတော့ပေါ့ကွာ ...၊

အဲဒီအခါ ဦးဖေအောင်ဟာ ဒေါသဖြစ်ပြီး အဲဒီနေရာဆီသွားလိမ့်မယ်။ သူက ပစ်ဂမီလှောင်တယ်လို့ပဲထင်လိမ့်မယ်။ အဲဒီအချိန်မှာပဲ လိုက်ကာနောက်က လူသတ်သမားဆီက လုံးထွက်လာပြီး ဦးဖေအောင်ရဲ့ ရင်ဝကို ထိုးစိုက်လိုက်တာပါပဲ ...၊

အဲဒီနောက် ... လူသတ်သမားဟာ သူ့ဆီသွားက



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေကို ပစ်ဂမီရုပ်တုရဲ့ လုံသွားနဲ့ လုံရိုးတွေမှာ သုတ်လိမ်းပြီး ပစ်ဂမီရုပ်တုကပဲ ဝိညာဉ်ပူးပြီးသတ်သလိုလို ဖန်တီးခဲ့တယ်ကွ ...။

ဒါပေမဲ့ အဲဒီလူသတ်သမားသတိမထားမိခဲ့တာက ပစ်ဂမီရုပ်တုဟာ လေးပေလောက်မြင့်တဲ့အတွက် တကယ်လို့ ပစ်ဂမီရုပ်တုက ဝိညာဉ်ပူးကပ်ပြီး လုံနဲ့ထိုးရင်တောင် ဦးဖေအောင်လို အရပ်မြင့်သူကို ပင့်ကော်ပြီးထိုးရလိမ့်မယ် ဆိုတာပဲ ...။

ဦးဖေအောင်ရဲ့အလောင်းကို ခွဲစိပ်စစ်ဆေးခဲ့တဲ့ မှူခင်းဆရာဝန်ရဲ့မှတ်ချက်အရဆိုရင် လုံချက်ဟာ ဦးဖေအောင်ရဲ့ရင်ဝ ရှေ့တည့်တည့်ကနေ ပင်လာတာလို့ သိရတယ် ...။

ဒီတော့ မှူခင်းဆရာဝန်ရဲ့မှတ်ချက်အရဆိုရင် ဦးဖေအောင်ကို လုံနဲ့ထိုးသတ်သူဟာ ပစ်ဂမီရုပ်တု မဖြစ်နိုင်ဘူး။ ဦးဖေအောင်နဲ့ အရပ်အမြင့်အတူတူလောက်ရှိတဲ့သူပဲ ဖြစ်ရမယ် ဟုတ်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

"အဲဒီလူသတ်သမားဟာ အဲဒီမတိုင်ခင်ကတည်းက ဦးဖေအောင်ကို စိတ်ချောက်ချားအောင် ဝိညာဉ်တွေ၊ နာနာဘာဝ



www.burmeseclassic.com

www.burmeseclassic.com



တွေ နှောင့်ယှက်အာခံသလိုဖြစ်အောင် အခါခါလုပ်ခဲ့တယ်...

သူက အဲဒီလိုလုပ်နိုင်ဖို့အတွက် ဒီ ယွန်းရွှေရည်စံအိမ်ကြီးရဲ့ အိမ်ပေါ်ထပ်ဆီ တိုက်ရိုက်တက်နိုင်တဲ့ လျှို့ဝှက်မြေအောက်လှိုဏ်လမ်းကို အသုံးပြုခဲ့တယ်။ အဲဒီလျှို့ဝှက်လှိုဏ်လမ်းဟာ ဒီစံအိမ်ကြီးရဲ့ အနောက်ဝဲဘက်ထောင့်မှာရှိတဲ့ ရေတွင်းပျက်ကြီးရဲ့ အောက်ခြေက လှိုက်ပေါက်နဲ့ ဒီအိမ်ပေါ်ထပ်က စာကြည့်ခန်းကြီးကို ဆက်သွယ်ထားတယ်။ စာကြည့်ခန်းထဲက လက်ယာဘက်နံရံကပ်ဗီရိုဟာ လျှို့ဝှက်လှိုဏ်လမ်းရဲ့ လျှို့ဝှက်တံခါးပါပဲ...

ကဲ...ကျွန်တော် ဒီလောက်ပဲ ပြောပါရစေ။ ဒီတော့ ဦးဖေအောင်ကို ဓာကယ်သတ်ခဲ့တာဟာ ဝိညာဉ်ပူးကပ်နေတဲ့ ရုပ်တုတွေ မဟုတ်ဘဲ အကြံကြီးလှတဲ့လူသားတစ်ဦးသာဖြစ်ကြောင်း ပေါ်လွင်လောက်ရောပေါ့"

ဤတွင် ယွန်းယွန်းက ပြတ်သားစွာမေးလိုက်လေသည်။

"ဒါဆို ဘကြီးကိုသတ်သွားတဲ့ လူသတ်သမားဟာ ဘယ်သူပါလဲ အစ်ကိုချစ်သွေး"

အိုင်အိုချစ်သွေးက ယွန်းယွန်း၏မျက်နှာကို စူးစိုက်ကြည့်လိုက်ကာ တည်ငြိမ်စွာဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူသတ်သမားဟာ ဟောဒီမျက်နှာကြက်ပေါ်တက်ပြီး မရဏလက်ပြတ်ကြီးမှာချည်ထားတဲ့ ကြိုးအနက်မျှင်မျှင်လေးတွေနဲ့ ဆွဲတင်လိုက်ပြန်ချလိုက်လုပ်ပြခဲ့တယ်။ ဒါကို ... အဲဒီလက်ပြတ်ကြီးမှာ ပူးကပ်နေတဲ့ ဝိညာဉ်က အာခံတယ်လို့ထင်ပြီး ဦးဖေအောင်က တုတ်ကောက်နဲ့ လက်ပြတ်ကြီးကို ရိုက်ထည့်လိုက်တော့ လက်ပြတ်ကြီး လွင့်ထွက်သွားသလို လက်ပြတ်ကြီးကို စိမ်ထားခဲ့တဲ့ ဖော်မလင်းရည်ပုလင်းလည်း ကွဲသွားခဲ့တယ်။ နောက် ဦးဖေအောင် ချော်လဲပြီး သတိလစ်သွားခဲ့တယ် ...။

အဲဒီအခါ လူသတ်သမားဟာ လက်ပြတ်ကြီးမှာ သူကြိုးချည်ထားတာ လူသိသွားမှာစိုးတဲ့အတွက် လက်ပြတ်ကြီးကိုပါ ကောက်ယူပြီး လျှို့ဝှက်လမ်းကနေ သူထွက်သွားတယ်။ ပြီးတော့ ရေတွင်းပျက်ကြီးရဲ့ဘေးနားမှာ တွင်းတူးပြီး မြှုပ်နှံခဲ့တယ်။ အဲဒီလက်ပြတ်ကြီးကို ဒီခြံကြီးရဲ့ တစ်နေရာရာမှာ မြှုပ်နှံထားမယ်လို့ ယူဆတဲ့အတွက် ဒီည အနံ့ခံခွေးကို ခေါ်လာပြီး ရှာခိုင်းတော့ ထင်တဲ့အတိုင်း မြှုပ်နှံထားတဲ့ လက်ပြတ်ကြီးကို တွေ့ခဲ့ရတာပဲလေ ...။

အင်း ... အဲဒီလူသတ်သမားဟာ လက်ပြတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်မိတဲ့အတွက် သူ့ရဲ့လက်ဟာ လေးငါးရက်လောက်အကြာမှာ စပြီး ကိုက်ခဲစပြုလာတယ်။ အဲဒီမှာမှ သူဟာ ထိတ်လန့်လာပြီး မြို့ထဲပိုင်းက ပန်ချာပီဆရာဝန် ဂျေဆန်ဘားဆီမှာ အကိုက်အခဲပျောက်ဆေးကိုနေ့တိုင်းသွားထိုးနေရတယ်။ လက်မြတ်ကြီးကို ကိုင်တွယ်မိသူဟာ လက်ကိုက်ခဲလာတတ်တာကို ယွန်းယွန်းတို့က သိနေတဲ့အတွက် လူသတ်သမားဟာ ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ်မှာစိုးပြီး သူ့လက်ကိုက်ခဲလာတာကို လူသိမခံဝံ့ဘူးလေ။ အဲဒီလူဟာ ဒီညနေမှာပဲ ဆေးသွားထိုးသေးတယ်။ သူ့ရဲ့လှုပ်ရှားမှုတွေကို ကိုယ့်လူတွေ စောင့်ကြည့်နေတာ သူက မသိဘူးလေ"

ဤကဲ့သို့ အိုင်အိုချစ်သွေး အေးအေးဆေးဆေး ရှင်းပြနေစဉ်မှာပင် မထင်မှတ်သော ဖြစ်ရပ်က ရုတ်ခြည်းဖြစ်ပေါ်လာ၏။

သူကြီး (ခ) ဦးအောင်သိန်းက လှေကားဆီသို့ ရုတ်ခနဲထွက်ပြေးပြီး လှေကားမှ တရောသောပါး ဆင်းပြေးတော့သည်။

"အို ... ဖေဖေ"

ဦးအောင်သိန်းသည် နောက်သို့ လုံးဝလှည့်မကြည့်ဘဲ

www.burmeseclassic.com



အိမ်တံခါးဝဆီ ပြေးသွားကာ ဂျစ်ကားပေါ်တက်ပြီး မောင်း ထွက်ရန် ပြင်လိုက်စဉ်မှာပင် –

"ဟာ ... တောက်"

"ဟဲ ဟဲ ဟ ... ခင်ဗျားကားရဲ့သော့က ဒီမှာပါဗျ"

အနီခံခွေး၏လည်ပတ်ကြိုးကိုကိုင်ထားသည့် ပုလိပ် စာသင့် ပိုးဟပ်ဖြူက သူ၏အခြားလက်တစ်ဖက်ထဲမှ ကားသော့ ကို လှုပ်ယမ်းပြလိုက်သည်။

"ပေး ... ပေးစမ်း ... ငါ့ကားသော့"

ထိုစဉ် အခြားပုလိပ်သားတစ်ဦးက အနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာကာ ဦးအောင်သိန်း၏လက်နှစ်ဖက်ကို ကျွမ်းကျင်စွာ လက်ထိပ်ခတ်လိုက်တော့၏။

"ချောက်"

"ချောက်"

"ဦးအောင်သိန်း ထွက်ပြေးဖို့မကြိုးစားပါနဲ့။ လူဆိုတာ သုပ်ရဲသလို ခံလည်း ခံရဲရတယ်ဗျ"

"တောက်"

* * *

ခုနစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

# နွတ်ဆက်သူ

"ဟင့် ဟင့် ဟင့် ... ဖြစ်မှဖြစ်ရလေ ဖေဖေရယ်"

ယွန်းယွန်းမှာ သူမဖခင်ကြီး၏လုပ်ရပ်နှင့် ဖြစ်ရပ်ဆိုးကြောင့် ရင်ထုမနာ ကြေကွဲရသလို ချစ်သူနှင့် သူငယ်ချင်းတို့၏ရှေ့မှာမို့ ရှက်လည်းရှက်ကာ ငိုကြွေးမဆုံးတော့ချေ။

"ကျုပ် ကျုပ်မှားခဲ့ပါတယ်ဗျာ။ ကျုပ်ရဲ့အစ်ကိုကြီး မရှိတုန်း သူ့ရဲ့ယွန်းရွှေရည်ပိုးထည်လုပ်ငန်းကြီးကို ကျုပ်ကပဲ တာဝန်ယူလုပ်ကိုင်ခဲ့ရာမှာ တစ်ဖက်က ငွေကို စိတ်ကြိုက် ကိုင်တွယ်သုံးခွင့်ရလာတဲ့အတွက် ရှမ်း–တရုတ်ကုန်သည်တွေ သူဌေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး လောင်းကစားပွဲတွေ သွားမိခဲ့တယ်ဗျာ ...။

လောင်းကစားမှုကို စွဲစွဲလမ်းလမ်း ပြုလုပ်မိတဲ့အတွက် လုပ်ငန်းထဲကငွေ တော်တော်များများကို စိတ်ကြိုက် အလွဲသုံးစား ပြုလုပ်ခဲ့မိပါတယ်ဗျာ ...။

အစ်ကိုကြီးဦးဖေအောင် ရုတ်တရက်ပြန်ရောက်လာတဲ့ အခါမှာတော့ လုပ်ငန်းထဲက ငွေနှစ်သိန်းကို ကျုပ် ယူသုံးထား ပြီ။ ငွေနှစ်သိန်းဆိုတာ ကျုပ် ဘယ်လိုမှ ပြန်မရှာပေးနိုင်တဲ့ အာထာပဲဗျ။ ပထမတော့ အစ်ကိုကြီးက သူ့လုပ်ငန်းက စာရင်း အင်းတွေကို စိတ်မဝင်စားသလို လုပ်နေလို့ ကျုပ်မှာ စိတ်အေး နေတယ်ဗျ ...။

သူက သူယူလာတဲ့ ဂမ္ဘီရဆန်တဲ့ပစ္စည်းပစ္စယတွေ၊ ဥာဉ်တွေ၊ နာနာဘာဝတွေကိုပဲ စိတ်ဝင်စားပြီး အဲဒါတွေနဲ့ ခေါင်းထွေးနေတဲ့အတွက် ငွေစာရင်းကိစ္စက ကျုပ်အတွက် စိတ်ပူ စရာ သိပ်မရှိခဲ့ဘူး။ သူ့ကို ငွေစာရင်း လိမ်ပြလည်း သူက သေချာမစစ်ဆေးဘူး။

ဒါပေမဲ့ ဒီရက်ပိုင်းအတွင်းမှာပဲ အစ်ကိုကြီးက စာရင်း တွေစစ်ဖို့ အစိုးရအငြိမ်းစား စာရင်းကိုင်ကြီး ဦးလှကြိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပေးထားတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့အမီ စာရင်းတွေ ယူလာခဲ့ဖို့ပြောတယ်"

ဤတွင် အိုင်အိုချစ်သွေးက ဝင်ပြောလိုက်သည်။

"အင်း . . . ဟိုနေ့ကတောင် အဲဒီစာရင်းကိုင်ပြီး လာလို့ သူ ငွေစာရင်းတွေ မစစ်ရသေးကြောင်း ပြောသွားတယ်"

"ကျုပ်ရဲ့ခေါင်း ထူပူသွားတယ်။ ဦးလုကြိုင်ဟာ အင်မတန် တိကျပြီး စာရင်းစစ်ရာမှာ အင်မတန်တော်တဲ့လူ သူသာ စစ်လို့ကတော့ ကျုပ် စာရင်းဖျောက်ထားတာတွေ၊ စာရင်းလိမ်ထားတာတွေ ကျိန်းသေပေါ်သွားမှာပဲ . . .၊

အဲဒီလို စာရင်းဖျောက်၊ စာရင်းလိမ်ထားတာတွေသာ ပေါ်သွားလို့ကတော့ ကျုပ်ရဲ့အစ်ကိုကြီးက လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး။ သူဟာ စိတ်မာန်ကြီးသလို ဒေါသလည်းကြီးတဲ့သူ သူ ဆုံးဖြတ်ပြီးရင်လည်း ဘယ်တော့မှ ပြင်လေ့မရှိဘူး . . .၊

ကျုပ်ရဲ့လုပ်ရပ်သာပေါ်သွားလို့ကတော့ ကျုပ် ထောင်နန်းစံရမှာ သေချာတယ်။ အဲဒါဆိုရင်တော့ သူ့ကိုမှီခိုပြီးနေရတဲ့ ကျုပ်တို့မိသားစု ဘဝပျက်ပြီပဲ။ သူ့ရဲ့အမွေအနှစ်တွေ ကျုပ်ရဲ့ သမီးကို ပေးမှာပဲလို့ မျှော်လင့်ထားသမျှလည်း ရေစုန်မျောပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျုပ် ဘာလုပ်မလဲ။ အကောင်းဆုံးကတော့ ကျုပ်ရဲ့အလိမ်တွေမပေါ်ခင် အစ်ကိုကြီးကို ရှင်းပစ်လိုက်တာပဲလို့ တွေးမိလာတယ် ...၊

ဒါပေမဲ့ ရိုးရိုးနည်းနဲ့ရှင်းလို့ကတော့ ပုလိပ်ဘက်ကရော လူအားလုံးကပါ ကျုပ်ကို သံသယဝင်မှာသေချာတယ်။ ဒီတော့ သူ့ရဲ့ဝိညာဉ်တွေ၊ နာနာဘာဝတွေက သူ့ကို ပြန်သတ်တာမျိုး ဖြစ်အောင် ဖန်တီးဖို့ စဉ်းစားဆုံးဖြတ်ခဲ့တယ် ...၊

အစ်ကိုကြီး ခရီးသွားနေကတည်းက ယွန်းရွှေရည် စံအိမ်ကြီးကို ကျုပ်ကပဲ တာဝန်ယူစောင့်ရှောက်ခဲ့ရတာ ဒေါ်ဉက တော့ အိမ်ထောင်ထိန်းပေါ့။ ကျုပ်ကတော့ တစ်လကို နှစ်ခေါက် သုံးခေါက် လောက်လာပြီး ကြည့်ရှုရတယ်။ အဲဒီလို စံအိမ်ကြီးကို ကြည့်ရှုစောင့်ရှောက်ရင်းနဲ့ အိမ်နောက်ဖေးရေတွင်းပျက်ကြီးကနေ အိမ်ပေါ်အထိ ပေါက်ရောက်တဲ့ လျှို့ဝှက်လှိုဏ်လမ်းကို တွေ့ခဲ့ တယ် ...၊

ဒါပေမဲ့ ...အဲဒါကို ကျုပ်က လျှို့ဝှက်ထားခဲ့တယ်။ ကျုပ်ရဲ့မိန်းမနဲ့သမီးကိုတောင် မပြောခဲ့ဘူး ...၊

တကယ်တော့ ...ယွန်းရွှေရည်စံအိမ်ကြီးရဲ့မူလပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပဒေသရာဇ်ခေတ်က မှူးမတ်ကြီးတစ်ဦးရဲ့ အနွယ်တော် တစ်ဦးပါပဲ။ ရှေးလူကြီးတွေရဲ့ ထုံးစံအတိုင်း စံအိမ်ကြီးထဲမှာ လျှို့ဝှက်တံခါးတွေ၊ လှိုဏ်လမ်းတွေ ထည့်သွင်းတည်ဆောက် ထားခဲ့တာလေ။ အစ်ကိုကြီးတောင် အဲဒီလျှို့ဝှက်လမ်းကို မသိ ဘူး ...။

အဲဒီလို လျှို့ဝှက်လမ်းကိုတွေ့ထားတဲ့အတွက် အစ်ကို ကြီး ဦးဖေအောင်ကို လုပ်ကြံဖို့ ကြံစည်တဲ့အခါ အထောက် အကူအများကြီးရခဲ့တယ် ...။

သူ မသိအောင် လျှို့ဝှက်လမ်းကနေ အိမ်ပေါ်ထပ်တက် ပြီး ဂွန်ဆိုတဲ့ကော်ပတ်ရုပ်ပုံတူနဲ့ လှည့်စားနိုင်ခဲ့တယ် ...၊

မျက်နှာကြက်ပေါ်အထိတက်ပြီး မရဏလက်ပြတ်ကြီး ကို ဝိညာဉ်ပူးကပ်သလိုလုပ်၊ လှည့်စားနိုင်ခဲ့တယ်။ အရိုးခေါင်း အတုနဲ့ သူ့စိတ်ကို ဆွပေးခဲ့တယ် ...၊

သူ့ရဲ့ဓာတ်စက်နေရာမှာ ပုံတူဓာတ်စက်ထားပြီး မာယာ သုံးနိုင်ခဲ့တယ် ...၊

သူက မွေးထားတဲ့ဝိညာဉ်တွေ၊ နာနာဘာဝတွေက သူ့ကို တော်လှန်ပုန်ကန်နေပြီလို့ထင်ပြီး ဒေါ်အကြီးအကျယ်ပွခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အိမ်သူအိမ်သားနဲ့ နီးစပ်ရာလူတွေကလည်း အဲဒီလိုပဲ ထင်လာကြတယ် ...၊

အဲဒီလိုဖြစ်လာတော့မှ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညမှာ သူ နန်းဆောင်ကြီးထဲ ခိုးဝင်ပြီး လိုက်ကာနောက်မှာ ပုန်းနေခဲ့တယ်။ နောက် ပစ္စမိလူရိုင်းရုပ်တုက ဝိညာဉ်ပူးပြီး သတ်တဲ့အသွင်မျိုးနဲ့ သတ်ခဲ့တယ် ...၊

ကျုပ်ရဲ့လုပ်ရပ်ဟာ ပိရိတယ်လို့ ယူဆခဲ့ပေမယ့် မရဏ လက်ပြတ်ကြီးကို ကိုင်တွယ်ခဲ့မိတဲ့အတွက် ကျုပ်ရဲ့လက်ဟာ သေးငါးရက်အကြာကစပြီး ကိုက်ခဲစပြုလာတယ် ...၊

အစ်ကိုကြီးဦးဖေအောင်မှာ သူ့ရုပ်တုတွေ ဂမ္ဘီရပစ္စည်း တွေနဲ့ ပတ်သက်ပြီး မှတ်တမ်းပြုစုထားတာရှိမှန်း သိပေမယ့် ကျုပ် ဂရုပြုပြီး မလေ့လာ မကြည့်ရှုဖူးဘူး ...၊

အိုင်အိုချစ်သွေးကို ကျုပ်ရဲ့သမီး ယွန်းယွန်းနဲ့လူရဲတို့ ပြောပြတာကို တစ်စေ့တစ်စောင်း နားထောင်ကြည့်မှ မရဏ လက်ပြတ်ကြီးကို ကိုင်တွယ်မိသူဟာ လက်ကိုက်တဲ့ဝေဒနာ ပြင်း ပြင်းထန်ထန် ခံစားရတတ်ကြောင်းကို သိလာခဲ့တယ်။ ဒီတော့ ကျုပ်လက်ကိုက်လာတာကို လူသိခံလို့ မဖြစ်ဘူး။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိအောင် ပန်နံ့ချာပီဆရာဝန် ဂျေဆန်ဘားဆီမှာ ဆေးကုသမှု ခံယူနေခဲ့ရတယ် ...၊

ဘာပဲဖြစ်ဖြစ် အိုင်အိုချစ်သွေးဟာ တကယ်တော်တဲ့ စုံထောက်တစ်ဦးပါပဲ။ အစ်ကိုကြီးဦးဖေအောင်ရဲ့ ရင်ဝကဒဏ်ရာဟာ ပစ်ဂမီကြောင့် ရတာမဟုတ်ဘူးလို့ သိသွားပြီးတဲ့နောက် သူဟာ ကျုပ်ကို သင်္ကာမကင်းစဖြစ်ပြီး ခြေရာခံလိုက်ရာက ကျုပ် အသုံးပြုခဲ့တဲ့ လျှို့ဝှက်လမ်းကို သူတွေ့သွားခဲ့တယ် ...

နောက် ကျုပ်ရဲ့လက်ကိုက်လာလို့ ဆေးကုနေရတာကို ပါ သိသွားတယ်။ အဲဒီမှာ ကျုပ် ငြင်းမရဘဲ အဖမ်းခံရတာပေါ့ ဗျာ''

သူကြီး (ခေါ်) ဦးအောင်သိန်းက ရာဇဝတ်တရားသူကြီး ဦးစောလွင်ထံတွင် ဖြောင့်ချက်ပေးခဲ့သည်။

အမှုစစ်ဆေးပြီးသည်တွင် ဦးအောင်သိန်းမှာ သေစားသေစေ ပြစ်ဒဏ်ချခံရ၏။ ယွန်းယွန်းတို့သားအမိမှာ ကြေကွဲဝမ်းနည်းမဆုံးတော့ချေ။

''ဖြစ်ရလေရှင်''

''ဖြစ်ရလေ ဖေဖေရယ်၊ ဖြစ်ရလေ ဟင့် ဟင့် ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးအမှုရင်ဆိုင်နေရသည့်ကာလတွင် အမရပူရရှိ လုပ်ကိုင်ကန်းစင်များကို တာဝန်ယူအုပ်ချုပ်နေရသဖြင့် ယွန်းယွန်းသည် ရန်ကုန်ယူနီဗာစတီသို့ မပြန်ဖြစ်တော့ချေ။ ဥပမာတန်းမှာပင် ကျောင်းထွက်လိုက်ရသည်။

လူရဲမှာ ချစ်သူလေး၏အနားတွင် အားပေးလက်တွဲ နေချင်သည်လိုသော်လည်း ယွန်းယွန်းတို့ မိသားစုပြဿနာကြီး ဖြစ်နေချိန်တွင် ယွန်းယွန်းနှင့်လက်ထပ်ကာ မင်္ဂလာပွဲဆင်နွဲရန် မဖြစ်နိုင်သဖြင့် ချစ်သူလေးကို အမရပူရတွင် ထားရစ်ခဲ့ရပြီး သူကမူ ဘာတီး၊ နွဲ့လေးရီတို့နှင့်အတူ ရန်ကုန်ပြန်ကာ ကျောင်းဆက်တက်ခဲ့ရ၏။

ဖခင်ကြီးဦးအောင်သိန်း သေဒဏ်ကျခံသွားရပြီးနောက် မိခင်ကြီး ဒေါ်နှင်းမှုန်က သံဝေဂကြီးစွာရကာ စစ်ကိုင်းဘက်သို့ သွားပြီး သီလရှင်အဖြစ်ဝတ်သွားသည်တွင် ယွန်းယွန်းသည် ဒေါ်ဥ တို့သာ အဖော်ပြုလျက် ဘဝခရီး ဆက်နေရတော့သည်။

ဖခင်ကြီးဦးအောင်သိန်း အမှုစဖြစ်ကတည်းက ယွန်းရွှေ ညိစံအိမ်ကြီးကို သော့ပိတ်ထားခဲ့ကာ ဒေါ်ဥနှင့်အိမ်စေမလေးနှ ယောက်ကို အမရပူရမှ အိမ်သို့ ယွန်းယွန်းက ခေါ်ထားလိုက်၏။

www.burmeseclassic.com



သို့ဖြင့် ယွန်းယွန်းသည် ဖခင်ကြီးနှင့် သေကွဲကွဲရကာ မိခင်ကြီးနှင့်ပါ ရှင်ကွဲကွဲရပြီး တစ်နှစ်အကြာမှာပင် ဘွဲ့ဒီကရီ လာပြီဖြစ်သည့် ချစ်သူလူရဲနှင့် လက်ထပ်လိုက်လေသည်။

ယခုအခါ ယွန်းယွန်းသည် ကျောင်းသူလေးမဟုတ်တော့ဘဲ ယွန်းရွှေရည်ပိုးချိတ်ထည်လုပ်ငန်းကြီး၏ လုပ်ငန်းရှင်ဖြစ်နေပြီဖြစ်ရာ သူမတို့၏ မင်္ဂလာပွဲမှာ အမရပူရတွင် အစည်ကားဆုံး မင်္ဂလာပွဲဖြစ်ခဲ့၏။

"ကဲ ယွန်းရေ . . . မုန်တိုင်းကာလတွေကို ဖြတ်ကျော်ခဲ့ပြီးလို့ ဘဝရဲ့သာယာတဲ့အပိုင်းကိုရောက်လာခဲ့ပြီ။ ဒီတော့ ကိုယ့်ရဲ့ ရင်ခွင်မှာ ခိုဝင်ရင်း စိတ်အေးချမ်းသာစွာ နေပါတော့နော်"

"ဪ . . . နေချင်တာပေါ့ ကိုယ်ရယ်၊ ဒါပေမဲ့"

"ဟင် . . . ဘာ ဒါပေမဲ့လဲ ယွန်းရဲ့။ ယွန်းမှာ ဘာပြဿနာ အခက်အခဲတွေ ရှိသေးလို့လဲ"

"ရှိသေးတယ် ကို။ ယွန်း ခုတလော အိပ်မက်ဆိုးတွေ ညတိုင်းလိုလို မက်နေတယ်။ ယွန်းတို့ ပျားရည်ဆမ်းခရီး ထွက်ပြီး ရန်ကုန်ကပြန်လာကတည်းက ညဘက်ဆို အိပ်မက်ဆိုးတွေ မက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လိုအိပ်မက်ဆိုးများမက်လို့လဲ ယွန်းရဲ့"

"ဟိုလေ မန္တလေးက ယွန်းရွှေရည့်စံအိမ်ကြီးရဲ့ အပေါ်ထပ်မှာရှိနေတဲ့ ရုပ်တုတွေ၊ အရာဝတ္ထုတွေက အသက်ဝင်လာပြီး အိပ်မက်ထဲမှာ ယွန်းကို ခြိမ်းခြောက်တယ် ကိုယ်ရဲ့"

"ယွန်းလည်း သွေးလေချောက်ချားလို့ မက်တာပဲ။ စိတ်စွဲလမ်းမိလို့ မက်တာပဲလို့ ထင်ခဲ့တယ် ကို။ ဒါပေမဲ့ စ,မက်မက်ချင်းက သုံးလေးရက်ခြားမှတစ်ခါမက်ပေမယ့် ခုနောက်ပိုင်း ညတိုင်းလိုလို မက်လာတယ်။ သူတို့က အိပ်မက်ထဲမှာ သူတို့ကို ယွန်းက ပစ်ထားတယ်လို့ စွပ်စွဲကြတယ်။ အခု ညဘက်အိပ်ရမှာတောင် ယွန်း ကြောက်လာတယ်ကိုယ်"

"ယွန်းရယ် ... စိတ်စွဲလမ်းပြီး မက်တာ ဖြစ်မှာပါ။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်နေတာပါ ယွန်းရယ်"

"မဟုတ်ဘူး ကို ... ယွန်းသိတယ်။ အခုအချိန်မှာ အဲဒီမန္တလေးက ယွန်းရွှေရည်စံအိမ်ကြီးနဲ့ ပတ်သက်ပြီး တာဝန်အရှိဆုံးဟာ ယွန်းပဲလေ။ တာဝန်ရှိတဲ့ယွန်းက အခုဆို အဲဒီစံအိမ်ကြီးကို ပိတ်ထားခဲ့တာ နှစ်နှစ်လောက်ရှိပြီ ...၊

အမှန်တော့ ဖေဖေနဲ့ပတ်သက်ပြီး စိတ်နာလို့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးကိုရော ခြံတံခါးကိုပါ သော့ပိတ်ထားခဲ့တာပါ။ အဲဒီကတည်းက ပြန်ကိုမကြည့်ခဲ့တာ ခုထိပဲ''

''ကဲပါလေ ... အဲဒီတော့ ... ယွန်းက ဘာလုပ်ချင်လို့လဲ''

''မှန်တာပြောရရင် အဲဒီစံအိမ်ကြီးဆီကို ယွန်းက ပြန်ကိုမသွားချင်တော့တာ။ စံအိမ်ကြီးကိုမြင်ရရင် အဟောင်းက အသစ်ဖြစ်မယ့် ဘကြီးရဲ့ပုံရိပ်ရော။ ဖေဖေရဲ့ပုံရိပ်ပါ အိမ်ကြီးရဲ့နေရာတိုင်းမှာ မြင်ယောင်မိမှာအမှန်ပဲ။ ဒါပေမဲ့ ဆက်ပြီး လျစ်လျူရှုထားလို့လည်း မဖြစ်တော့ဘူး''

''ဒီတော့''

''ဒီတော့ အဲဒီအိမ်ပေါ်ထပ်က ရုပ်တုတွေ၊ ပစ္စည်းပစ္စယတွေကို တစ်နေရာရာမှာ သွားပြီးစွန့်ပစ်လိုက်ရရင် ကောင်းမယ်ထင်တယ် ကိုယ်။ ဒါဆို သူတို့လည်း မွန်းကြပ်မနေတော့ဘဲ လွတ်လွတ်လပ်လပ် သွားလိုရာသွားလို့ရသွားမယ်။ မကောင်းဘူးလားဟင်''

''ကောင်းပါတယ်၊ ဒါပေမဲ့ ဘယ်နေရာသွားစွန့်မလဲ။ တွေ့ရာနေရာ စွန့်ရင် မြူနီစပယ်က တရားစွဲလိမ့်မယ်။ စွန့်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ခေါင်းတလားကြီးလည်းပါနေတော့ စွန့်ဖို့ တော်တော် ခက်တယ်''

''အို ... အဲဒီအခေါင်းကြီးနဲ့ အရိုးခေါင်းတွေ အရိုးစုတွေကိုတော့ သင်္ချိုင်းတစ်ခုခုမှာ သွားစွန့်မှာပေါ့ ကိုယ်ရဲ့''

''အင်းလေ ... ဘာပဲဖြစ်ဖြစ် ယွန်း ဆန္ဒရှိရင် ကိုယ်ကို ပစ္စည်းတစ်ခုချင်း နည်းနည်းစီ စွန့်ပစ်နိုင်အောင် ကြိုးစားကြတာပေါ့။ ကဲ ... ဒါဆို မန္တလေးကို ဘယ်တော့သွားကြမလဲ''

''လာမယ့် တနင်္ဂနွေနေ့မှာ သွားကြမယ်လေ''

*

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့နံနက်စောစောမှာပင် လူရဲနှင့် ယွန်းယွန်းတို့

ဇနီးမောင်နှံသည် စတူဘေကာကားဖြင့် မန္တလေးသို့ လာခဲ့ရာ

ယွန်းရွှေရည်စံအိမ် ခြံဝင်းရှေ့သို့အရောက်ဝယ် အထင်နှင့်အမြင်

ပါ စင်အောင်လွဲနေသဖြင့် မျက်ခုံးကိုယ်စီ ပင့်မိကြ၏။

"အို!"

"ဟာ"

လူရဲတို့ တွေးထင်ထားသည်က နှစ်နှစ်ခန့်ပင်ထားခဲ့

သည့် ခြံဝင်းကြီးထဲတွင် ချုံနွယ်ပိတ်ပေါင်းတို့ သောသောထလျက်



www.burmeseclassic.com

www.burmeseclassic.com



မြက်ပင်တို့လည်း ခါးစောင်းခန့်ရှိရှောမည်ဟု။

သို့သော် ယခုတော့ ခြံဝင်းထဲတွင် မြက်တို့ရှင်းလျက်ရှိပြီး လှပစွာ ဖူးပွင့်ဝေဆာနေသည့် ရောင်စုံပန်းရုံများကို ပသာဒဖြစ်စရာ တွေ့ရသည်။

ထူးခြားသည်က ခြံရှေ့ဘက်လက်ယာထောင့်တွင် တဲငယ်လေးတစ်လုံးကို တွေ့ရခြင်းပင်။

"ကို ... အဲဒါ ဘယ်လိုဖြစ်ရတာလဲ"

"ယွန်းရဲ့ခြံထဲ သူတစ်ပါးက ကျူးကျော်ဝင်ရောက်နေတာပေါ့"

"အို ... ဒီလိုလုပ်လို့ ရရိုးလား"

ယွန်းယွန်းက ကားတံခါးကိုဖွင့်ကာ ဒေါသဖြင့်ဆင်းသည်။

လူရဲလည်း ကားပေါ်မှဆင်းကာ ခြံတံခါးဆီလျှောက်လှမ်းသွားလိုက်၏။ ခြံတံခါးကို အတွင်းမှ ကန့်လန့်ထိုးပိတ်ထားပြီး ခေါင်းလောင်းလေးတစ်လုံး ချိတ်ဆွဲထားသဖြင့် လူရဲက ခေါင်းလောင်းလေးကို လှုပ်ခါလိုက်၏။

"ကလောင် ကလောင် ကလောင်"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင် တဲအိမ်လေးထဲမှ ဆံပင်တိုတို ခပ်ဝဝ အသက်သုံးဆယ်ခန့် လူတစ်ဦး ပုဆိုးကွက်ကြဲဝတ်ကာ အကျီဗလာနှင့် ထွက်လာသည်။

ထိုလူက ခြံတံခါးဝဆီ ခပ်သွက်သွက်လျှောက်လာပြီး ခြံတံခါးကိုဖွင့်ကာ လူရဲတို့ ဇနီးမောင်နှံကို အကဲခတ်သလို ကြည့်သည်။

လူရဲတို့ကလည်း မျက်မှောင်များအတွန့်ချိုးလျက် ထိုလူကို စူးစူးရဲရဲကြည့်ကာ အကဲခတ်လိုက်၏။

"ဘာကိစ္စများရှိလို့လဲ ဇါ့ညီတို့၊ အိမ်ဝယ်ချင်လို့လား"

ပထမတော့ ဒေါသဖြင့်မေးသင့်သည်တို့ကို မေးလိုက်မည်ဟု အားခဲထားသည့် လူရဲတို့ဇနီးမောင်နှံမှာ ထိုလူ၏စကားကြောင့် အခြေအနေအမှန် သိစေရန် ထိုလူစကားထဲ မျှောလိုက်ဖို့ ဆုံးဖြတ်လိုက်ကြလေသည်။

"အင်း ... ဆိုပါတော့ဗျာ။ အိမ်ပိုင်ရှင်တွေနဲ့ တွေ့လို့ရမလားဗျ"

"အဲ ... ရ ရပါတယ်။ ဒါပေမဲ့ အိမ်ပိုင်ရှင်တွေက ဒီမန္တလေးက မဟုတ်ဘူး ညီလေးတို့ရဲ့၊ အမရပူရမှာဗျာ။ အဲ



www.burmeseclassic.com

www.burmeseclassic.com



. . . ညီလေးတို့ အိမ်တကယ်ဝယ်မယ်ဆိုရင်တော့ အိမ်ပိုင်ရှင်ကို အစ်ကိုကိုယ်တိုင် သွားခေါ်ပေးပါ့မယ်''

''အင်း . . . အမရပူရကဆိုတော့ ကျွန်တော်တို့ အသိမိတ်ဆွေထဲကများ ဖြစ်နေမလားမသိဘူး။ အိမ်ပိုင်ရှင်က ဘယ်သူလဲ ခင်ဗျ''

''အဲ . . . အိမ်ပိုင်ရှင်ရဲ့နာမည်က ယွန်းယွန်းတဲ့။ ယွန်းရွှေရည်ပိုးချိတ်ထည်လုပ်ငန်းပိုင်ရှင်လို့ ပြောတာပဲ''

ယွန်းယွန်းနှင့် လူရဲတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်မိကြ၏။

''ဩော် . . . ဟုတ်လား။ ဒါဆိုရင်တော့ ကျွန်တော်တို့ရဲ့ အသိမိတ်ဆွေတွေထဲက မဖြစ်လောက်ဘူးဗျ''

ဤတွင် ယွန်းယွန်းက ထိုလူ၏မျက်နှာကို ခပ်တည်တည်ကြည့်လျက် မေးလိုက်သည်။

''ဒီမှာ ရှင့်နာမည်က ဘယ်သူလဲ''

''အဲ . . . မြင့်ဦးပါ၊ စံမတူလို့လည်း ခေါ်ပါတယ်''

''ဟုတ်ပြီ ကိုစံမတူ . . . အဲဒီအိမ်ပိုင်ရှင် ယွန်းယွန်းရဲ့ ဒီအိမ်နဲ့ခြံကြီးကို လာလာကြည့်တတ်သလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . . မလာပါဘူး။ ကျုပ်ဖြင့် ဒီခြံကြီးနဲ့ အိမ်ကြီးကို စောင့်ရှောက်နေရတာ နှစ်နှစ်နီးပါးရှိပါပြီ။ အိမ်ပိုင်ရှင်က တစ်ခါမှမလာဘူး။ နေနိုင်ရက်တယ်ဗျာ။ သူ့ကို ကျုပ်တွေ့တောင် မတွေ့ဖူးပါဘူး"

"ဟင်! . . . ဒါဖြင့် ရှင် လစာထုတ်တော့ ဘယ်လိုထုတ်မလဲ"

"အာ . . . ဘာလစာမှလည်း မရပါဘူးဗျာ။ မြို့ထဲပိုင်းက ဝတ်လုံတော်ရကြီး ဦးသောင်းမြင့်ပေးတဲ့ ငွေလေးနှစ်ရာလား ရဖူးပါတယ်"

"ဩော် . . . ဒါဖြင့် ရှင့်ကိုအလုပ်ခန့်တာ ဝတ်လုံတော်ရကြီးဦးသောင်းမြင့်ပေါ့ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဒီအိမ်ပိုင်ရှင်မိသားစုတွေက သူ့မိတ်ဆွေတွေတဲ့၊ ဒါကြောင့် ငါ့ရဲ့ကိုယ်စား မင်းသွားပြီး စောင့်ရှောက်ပေးပါဆိုလို့ သူ့ကျေးဇူးလည်းရှိတာနဲ့ သူ့စကားအတိုင်း လာစောင့်ရှောက်နေတာပါဗျာ။ ကျုပ် ဒီရောက်ပြီး သုံးလလောက်အကြာမှာ ဦးသောင်းမြင့်ဆုံးတော့ ကျုပ်လည်း ဘာတစ်ပြားမှ ထပ်မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ...ဒီလိုကိုး"

ယခုမှ လူရဲနှင့်ယွန်းယွန်းတို့မှာ ဇာတ်ရည်လည်သွားကြ သောသည်။

"အဲ ... ဒါထက် ဒီစံအိမ်ကြီးကို ဝယ်မယ်ဆိုရင်တော့ ညီနဲ့ညီမကို စေတနာနဲ့ တစ်ခုပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါရှင်"

"ကျုပ်ရဲ့သဘောဆိုရင်တော့ ဒီစံအိမ်ကြီးကို မဝယ်စေ ချင်ဘူး။ ဝယ်ဖို့မပြောနဲ့ အလကားပေးရင်တောင် မယူသင့်ဘူး"

ယွန်းယွန်းရော လူရဲပါ မျက်ခုံးပင့်လိုက်မိကြပြန်၏။

"ဘယ် ...ဘယ်လိုကြောင့်များလဲဗျ"

"အဲ ... ဒီစံအိမ်ကြီးဟာ ခိုက်တယ်ဆိုပြီး ဒီနားဝန်း ကျင်တင်မက မန္တလေးတစ်မြို့လုံးမှာ နာမည်ကြီးနေတာဗျ။ စံအိမ်ကြီးရဲ့မူလပိုင်ရှင် သူဌေးကြီးကို သူညီက သတ်လိုက်တယ် ။ သူညီလည်း သေဒဏ်အပေးခံရတယ်တဲ့။ အဲဒီလို ခိုက်တဲ့ အပြင် သရဲလည်း ခြောက်မှခြောက်ပဲ"

"သရဲခြောက်တယ် ဟုတ်လား"

"ဟုတ်တယ်ဗျ အဲ ... ကျုပ်ကတော့ စံအိမ်ကြီးသ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမဝင်ဘဲ ခြံထဲမှာပဲနေတယ်။ ဒါကြောင့် သရဲတွေ ဘာတွေနဲ့တော့ ပက်ပင်းမတွေ့ဖူးဘူး။ ဒါပေမဲ့ အိမ်ကြီးရဲ့အပေါ်ထပ်က လူတစ်ယောက် တုတ်ကောက်နဲ့ ကြမ်းပြင်ကို တဒေါက်ဒေါက် ထောက်ပြီး လမ်းလျှောက်သံတို့ ဘာတို့တော့ ကြားရတယ်ဗျ"

"အို ... ဘယ်လို တုတ်ကောက်ထောက်ပြီး လမ်းလျှောက်တဲ့သူ ဟုတ်လား"

"ဟုတ်တယ်ကွဲ့၊ ကျုပ်လည်း ဒီအိမ်ကြီးရဲ့ရာဇဝင်အကြောင်းကို ဒီလမ်းထိပ်နားမှာရှိတဲ့ ကွမ်းယာဆိုင်က ကုလားလေး ပြောပြလို့ သိရတာ။ အဲဒီတုတ်ကောက်နဲ့ လမ်းလျှောက်သံပေးနေတဲ့သရဲဟာ ဒီစံအိမ်ကြီးရဲ့မူလပိုင်ရှင်သူဌေးကြီး ဦးအေးအောင်လို့ ပြောတယ်"

ယွန်းယွန်း၏မျက်နှာလေးမှာ မှိုင်းညို့သွားပြီး လူရဲကမှ စိတ်ဝင်စားစွာမေးသည်။

"ကိုစံမတူ နောက်ထပ် ဘာတွေများတွေ့ကြုံရသေးသလဲဗျ"

"အဲ ... တစ်ခါတလေကျရင် အိမ်ပေါ်ထပ်က အပေါ် ပြတင်းပေါက်တံခါးရွက်ဟာ လေမတိုက်ဘဲ သူ့အလိုလို ပွင့်သွား



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်ဗျ။ နောက်တော့ သူ့ဘာသာ ပြန်ပိတ်သွားပြန်ရော"

စံမတူညွှန်ပြသည့် ပြတင်းပေါက်ဆီ ယွန်းယွန်း မော့ကြည့်လိုက်၏။ ထိုပြတင်းပေါက်မှာ ဦးဖေအောင်၏ အိပ်ခန်း ပြတင်းပေါက်ပင် ဖြစ်ပါသည်။

"ဒါထက် အဲဒီအိမ်ကြီးရဲ့အပေါ်ထပ်ကို ခင်ဗျား ရောက်ဖူးသလားဗျ"

"အဲ ... မရောက် မရောက်ဖူးပါဘူးဗျာ။ အဲဒီအိမ်ပေါ်ထပ် မပြောနဲ့ အောက်ထပ်တောင် မဝင်ဖူးပါဘူးဗျာ။ အဲ ငါညီတို့က အိမ်ကြီးထဲဝင်ပြီး လှေ့လာကြည့်ရှုချင်တယ်ဆိုရင်တော့ မနက်ဖြန်မနက် ပြန်လာခဲ့လေ။ ကျုပ် အမရပူရသွားပြီး အိမ်ရှင်တွေကို ပြောပြမယ်၊ သူတို့ဆီက တောင်းလို့ရရင် အိမ်သော့ တောင်းလာခဲ့မယ်"

ဤတွင် လူရဲက အင်္ကျီအိတ်ကပ်ထဲမှ သော့တွဲတစ်တွဲကို ထုတ်ကာ ပြလိုက်လေသည်။

"သော့သွားတောင်းပေးဖို့ မလိုပါဘူး၊ သော့က ဒီမှာပါ"

"ဟင် ... ဒါ ဒါ"

"ဟုတ်တယ်၊ ဒီယွန်းရွှေရည်စံအိမ်ကြီးရဲ့ အီးကာခါး

www.burmeseclassic.com



သော့ပါပဲ''

''ဟာ ... ဒါ ဒါဆို ... ညီ ညီလေးတို့က''

''သူက ယွန်းယွန်း၊ ဒီယွန်းရွှေရည်စံအိမ်ကြီးရဲ့ပိုင်ရှင်ပဲ။ ကျွန်တော်ကတော့ ယွန်းယွန်းရဲ့ခင်ပွန်းပါ''

''ဗျာ''

စံမတူ (ခေါ်) မြင့်ဦးမှာ ခေါင်းမွေးထောင်ခနဲဖြစ်သွားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတော့သည်။

''ဟာ ... ဒုက္ခပါပဲ၊ ကျုပ် ကျုပ်ပြောမှားဆိုမှားရှိသမျှ အတွက် ခွင့်လွှတ်ကြပါဗျာ။ ညီ ညီလေးနဲ့ညီမလေးတို့ကို ဒီစံ အိမ်ကြီးရဲ့ ပိုင်ရှင်တွေမှန်း မသိလို့ပါ''

''ရပါတယ်ရှင်၊ ကိုစံမတူက ယွန်းယွန်းရဲ့အိမ်နဲ့ခြံကို ခုလို ပြုစုစောင့်ရှောက်ထားတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်။ ကိုစံ မတူ ခံစားခွင့်ရသင့်တဲ့လခတွေလည်း ရပါစေမယ်''

''ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ''

စံမတူ၏ အပြောအဆိုနှင့် အမူအရာက လုံးဝကွဲပြား သွားပါတော့သည်။ ချက်ချင်းဆိုသလို ရိုရိုကျိုးကျိုး လေးလေး စားစားအသွင် ဖြစ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းယွန်းနှင့်လူရဲစတို့က မြေနီလမ်းလေးအတိုင်း စံအိမ်ကြီးဆီသို့ ရောက်လှမ်းဝင်လာရာ စံမတူက နောက်မှခပ်ကုပ်ကုပ်အမူအရာဖြင့် လိုက်ပါလာလေသည်။

လူရဲက လက်ထဲမှသော့ဖြင့် စံအိမ်တံခါးမကြီးကို ဖွင့်လိုက်၏။

- စံအိမ်ကြီးထဲသို့ မဝင်မီ ယွန်းယွန်းက စံမတူကို လှည့်ကြည့်ကာ -

"ဒါထက် ကိုစံမတူက ဒီမှာ မိသားစုနဲ့အတူ နေတာလား"

"မဟုတ်ပါဘူး၊ ကျုပ်တစ်ယောက်တည်းနေတာပါ။ ကျုပ်ရဲ့မိန်းမက ဆုံးသွားတာ ငါးနှစ်လောက်ရှိပါပြီ"

"ဩော် ... ကဲ ကိုစံမတူလည်း အိမ်ထဲလိုက်ဝင်ကြည့်ပါ။ ပစ်ထားတာ နှစ်နှစ်ကျော်လောက်ရှိပြီဆိုတော့ အိမ်ထဲမှာလည်း ဖုန်တွေချည်းပဲ။ သန့်ရှင်းမှုပြုလုပ်ဖို့တွေလိုမယ်"

စံအိမ်ကြီးထဲသို့ လှမ်းဝင်ခဲ့ကြရာ မျှော်လင့်ထားသည့်အတိုင်း တစ်အိမ်လုံး ဖုန်ထုတက်လျက်ရှိတော့သည်။

"အင်း ... ဆက်တီတွေပေါ်မှာရော ကော်ဇောတွေပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာရော၊ ဗီရိုတွေပေါ်မှာပါ ဖုန်တွေချည်းပဲ။ ဒါတွေကို သန့်ရှင်းဖို့ အလုပ်သမားခေါ်ပေးလို့ရမလား ကိုစံမတူ''

''ရပါတယ် မမလေး။ ကျုပ်တစ်ယောက်စာည်း လုပ်ပေးလို့လည်း ရပါတယ်''

''ဟုတ်ပြီ . . . ဘယ်လိုပဲဖြစ်ဖြစ် တစ်ပတ်အတွင်း သန့်ရှင်းထားလိုက်ပါနော်''

ယွန်းယွန်းက ပိုက်ဆံအိတ်ကိုဖွင့်ကာ စံမတူကို ငွေငါးဆယ်ထုတ်ပေးသည်။

''အလုပ်သမား ခေါ်သည်ဖြစ်စေ မခေါ်ဘဲ ကိုစံမတူ ကိုယ်တိုင် သန့်ရှင်းရေးလုပ်သည်ဖြစ်စေ လာမယ့်အပတ် တနင်္ဂနွေနေ့မှာ ယွန်းယွန်းတို့လာရင် ဒီအိမ်အောက်ထပ်တစ်ခုလုံး သန့်ရှင်းနေဖို့ပဲလိုတယ်''

''ဟုတ် . . . ဟုတ်ကဲ့၊ မမလေးစိတ်တိုင်းကျ ဖြစ်စေရပါ မယ်''

''ကဲ လာ . . . ကို အိမ်ပေါ်ထပ်တက်ကြည့်ရအောင် ကိုစံမတူကတော့ ဒီအောက်ထပ်မှာပဲနေခဲ့ပါ''

''ဟုတ် . . . ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



ယွန်းယွန်းက လူရဲ၏လက်ကိုဆွဲကိုင်လျက် ကျွန်းလှေကားကြီးအတိုင်း လှမ်းတက်ခဲ့၏။

လှေကားတစ်ဆစ်ချိုးအရောက်တွင် လူရဲက ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ယွန်းယွန်းကိုကြည့်ကာ ပြုံးလိုက်သည်။

"ဘာလဲ ကိုယ်ရဲ့ ဘာပြုံးတာလဲ"

"ဟင်း ဟင်း ဟင်း . . . ယွန်းက တော်တော်ပြောင်းလဲသွားတာပဲနော်"

"ဘာပြောင်းလဲလို့လဲ ကိုယ်ရဲ့"

"ဩော် . . . ကျောင်းသူလေးဘဝက ယွန်းနဲ့ အခုသုပ်ငန်းရှင်ကြီးဘဝက ယွန်းဟာ ပြောပုံဆိုပုံ အမူအရာကအစ တော်တော်ကွာခြားသွားတာ သတိထားမိလို့ သဘောကျပြီး ပြုံးမိတာပါ ယွန်းရဲ့"

ယွန်းယွန်းကလည်း ပြုံးလိုက်သည်။

"ကိုရယ် . . . ဒါကတော့ ရောမပြည်ရောက်ရင် ရောမသားလို ကျင့်ရတော့မှာပေါ့။ ကျောင်းသူဘဝတုန်းကတော့ ကိုယ့်တစ်ကိုယ်ရည်ပဲလေ။ ခုတော့ အလုပ်သမားသုံးရာကျော်လောက်ကို အုပ်ချုပ်နေရတာလေ။ ဒီတော့ အုပ်ချုပ်သူဘဝနဲ့ ပြောဟယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုဟာယ်လုပ်ရင်း လေသံတွေရော၊ ဟန်ပန်တွေရော ပြောင်းသွား
သလားမသိပါဘူး ... ဟင်း ဟင်း''

''ဟုတ်တယ် ... ယွန်းက တကယ့်လုပ်ငန်းရှင်ကြီးဖြစ်
နေပြီပဲ။ ဒီလောက်တော့ ရှိမှာပေါ့''

''အင်းလေ ... ဒါတွေကလည်း တကယ်တော့ ဘကြီး
ရဲ့ကျေးဇူးတွေပါပဲ။ ယွန်းရဲ့ဘဝမှာ ခုလိုမမျှော်လင့်ဘဲ လုပ်ငန်း
ရှင်ကြီးဘဝ ရောက်သွားရတာဟာ ဘကြီးရဲ့ကျေးဇူးကြောင့်ပါပဲ
လေ''

ထိုစဉ် အိမ်ပေါ်ထပ်မှ တစ်စုံတစ်ရာက လေ့ကားထစ်
များအတိုင်း လိမ့်ကျလာပါတော့၏။

''ဒုန်း ဒုန်း ဒုန်း ဒုန်း''

''အို''

''ဟင်''

ထိုအရာက လေ့ကားတစ်ဆစ်ချိုးတွင် ရပ်တန့်သွားပါ
တော့သည်။

''အ ... အရိုးခေါင်းလေးပါလား''

''မျောက်အရိုးခေါင်းလေးပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေအောင် စုဆောင်းထားသည့်အထဲတွင် ရုပ်လုံးသွင်း မျောက်နှစ်ကောင်နှင့် မျောက်အရိုးစုတစ်ခု ပါဝင်သည်ကို လူရဲရော ယွန်းယွန်းပါ အမှတ်ရသွားသည်။

သူတို့ လှေကားထိပ်ပေါ်သို့ မော့ကြည့်လိုက်ကြစေကာမူ လည်း လှေကားထိပ်တွင် မည်သည့်အရိပ်အယောင်မျှ မတွေ့ရချေ။

ယွန်းယွန်းက သက်ပြင်းလေးချလိုက်သည်။

"ဒီအတိုင်းဆို ဘကြီးက မကျွတ်သေးဘူးနဲ့တူတယ် ကိုယ်။ သူ့အကြောင်းပြောလို့ သူက နှုတ်ဆက်လိုက်တာပဲ ဖြစ်ရမယ်"

မည်သို့ပင်ဖြစ်စေ ယွန်းယွန်းအနေဖြင့် အရာရာကို ရင်ဆိုင်ရမည်သာဖြစ်၍ စိတ်ကိုတင်းကာ ခင်ပွန်းဖြစ်သူ၏လက်ကို ဆွဲလျက် လှေကားထစ်များအတိုင်း ဆက်တက်ခဲ့ပါတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ပေါ်ထပ်ကလူ

အိမ်ပေါ်ထပ်ရောက်သည့်တွင် လူရဲက နံရံပေါ်မှ မီးခလုတ်များကို လိုက်ဖွင့်လိုက်၏။

လင်းကျင်းသွားသော စင်္ကြံလမ်းပေါ်တွင် ဖုန်ထုက ထင်သလောက် ရှိမနေချေ။

ရုပ်တုများထားရာ ခန်းဆောင်ကြီးသို့အရောက်တွင် မီးခလုတ်ကိုဖွင့်လိုက်ပြီးသည်နှင့် လူရဲတို့ အံ့အားတသင့် ဖြစ်သွားကြရ၏။

"အို ... ဘယ်လိုပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုများနှင့် ပစ္စည်းပစ္စယ်များပေါ်တွင် ဖုန်အလိမ်းလိမ်း တက်နေလိမ့်မည်ဟု ထင်မှတ်ထားကြသော်လည်း ထိုအရာဝတ္ထုတို့ကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ထားသည့်နှယ် စီစီရီရီ သပ်သပ်ရပ်ရပ်နှင့် ဖုန်တို့ကင်းစင်စွာ တွေ့ရရာ မအံ့သြဘဲ မနေနိုင်ကြတော့ချေ။

"ဟင် . . . ဟို နှစ်နှစ်တုန်းက အတိုင်းပါပဲလား"

"ဟုတ်ပါရဲ့ ကိုရယ် . . . ဘာမှမပြောင်းလဲပါလား။ ဒီစံအိမ်ကြီးကို ယွန်းတို့သော့ပိတ်ထားခဲ့တုန်းကအတိုင်းပဲနော်"

"တစ်ယောက်ယောက်က ဒီခန်းဆောင်ကြီးကို ပုံမှန်သန့်ရှင်းရေးလုပ်ထားသလိုပဲနော် ယွန်း"

"အင်း . . . ဘကြီးရှိတုန်းက ဒီခန်းဆောင်ကြီးထဲက ရုပ်တုတွေ၊ ဂမ္ဘီရပစ္စည်းတွေကို သူကိုယ်တိုင် သန့်ရှင်းရေးလုပ်လေ့ရှိတယ် ကိုယ်ရဲ့။ ဒေါ်ဥကိုတောင် ခိုင်းတာမဟုတ်ဘူး"

လူရဲက ဦးဖေအောင် အမြဲထိုင်လေ့ရှိသည့် ကြိမ်ကုလားထိုင် အဝိုင်းကြီးကို လက်ညှိုးညွှန်ပြသည်။

"ယွန်းရေ . . . ဒီမှာကြည့်စမ်း၊ ဒီကုလားထိုင်ကြီးဟာ လူတစ်ယောက်ယောက် အမြဲထိုင်နေတဲ့ပုံမျိုးပဲနော်။ ကြိမ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြောင်လက်နေတာပဲ"

"ဟုတ်တယ် ကို၊ တော်တော်တော့ ထူးခြားတာပဲ"

လူရဲက မိဖုရားရှင်ဘို့မယ်၏ မှန်ခေါင်းတလားကြီးကို လက်ဖြင့်ပွတ်သပ်ကြည့်နေစဉ် ယွန်းယွန်းက ဦးဖေအောင် ဗိုဝိန် ကြေ့ခဲ့သည့် ခန်းဆောင်ကြီး၏ ဝဲဘက်ထောင့်နေရာဆီသို့ လှမ်းကြည့်နေသည်။

"လာ ကို ... အဲဒီနေရာ သွားကြည့်ရအောင်"

ယွန်းယွန်းသည် သတ္တိမသေးလှသော်လည်း ကြုံနေရသည့်အခြေအနေအရပ်ရပ်က ထူးခြားလွန်းနေသဖြင့် ခင်ပွန်းသည်၏လက်ကို မလွှတ်စတမ်း ဆုပ်ကိုင်ထားလျက်ရှိလေသည်။

ပစ်ဂမီလူရိုင်းရုပ်တုလေး၏ ရှေ့သို့ သူမတို့ရောက်ရှိသွားတော့ ပစ်ဂမီရုပ်တုကိုင်ထားသည့် လှံသွားနှင့် လှံရိုးတို့ပေါ်တွင် အညိုရင့်ရောင်သွေးကွက်တို့ကို တွေ့ရ၏။

ပစ်ဂမီရုပ်တုလေး၏ရှေ့ရှိ ကြမ်းပြင်ပေါ်တွင်လည်း ခြောက်သွေ့နေသည့် သွေးကွက်ညိုညိုတို့ကို တွေ့ရသည်။

တကယ်တော့ ဖခင်ကြီးဦးအောင်သိန်းကို ဖမ်းသွားကြပြီးကတည်းက ကြေကွဲဝမ်းနည်းစိတ်ပြင်းထန်ရသော ယွန်း

www.burmeseclassic.com

www.burmeseclassic.com



ယွန်းက ဤစံအိမ်ကြီးကို ချက်ချင်းသော့ပိတ်စေခဲ့သဖြင့် ဤသွေးခြောက်တို့ကို မဆေးကြောမသုတ်သင်နိုင်ခဲ့ခြင်း ဖြစ်သည်။

"ဒါ ... ဒါတွေကြောင့်များ ဘကြီး မကျွတ်လွတ်တာလား မသိဘူးနော် ကိုယ်"

"မဟုတ်တာဘဲ ယွန်းရယ်။ ယွန်းရဲ့ဘကြီးက ဒီခန်းဆောင်ကြီးနဲ့ သူစုဆောင်းထားတဲ့အရာတွေအပေါ် သိပ်သံယောဇဉ်ကြီးပုံရတယ်။ အဲဒီအစွဲကြောင့် မကျွတ်မလွတ်တာ ဖြစ်မယ်။ ကဲ ကဲ ... အိမ်အရှေ့ဘက်ဆီ သွားကြည့်ကြရအောင်"

လူရဲတို့က ခန်းဆောင်ကြီးထဲမှ မီးခလုတ်တို့ကို ပိတ်ပြီး စင်္ကြံလမ်းအတိုင်း ဘုရားခန်းဘက် လျှောက်ခဲ့ကြ၏။

ဘုရားခန်းထဲတွင် ပန်းခြောက်များရှိနေသည့် ပန်းအိုးတို့ကိုသာ တွေ့ရပြီး ဘုရားခန်းတစ်ခုလုံးမှာ ဖုန်ထုတက်လျက်ရှိလေသည်။

"အင်း ... နာနာဘာဝဆိုတော့လည်း ဘုရားခန်းထဲ ဘယ်ဝင်ပါ့မလဲလေ"

ထို့နောက် သူတို့က ဘုရားခန်းနှင့်ကပ်လျက်ရှိ ဦးဇေယျအောင်၏အိပ်ခန်းရှေ့၌ ရပ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲက သူ၏လက်ထဲရှိသော သော့တွဲထဲမှ သော့ တစ်ချောင်းကိုရွေးကာ အခန်းတံခါး၏သော့ Door lock ကိုဖွင့်ရန် ဟန်ပြင်လိုက်စဉ် ယွန်းယွန်းက အခန်းတံခါးရွက်ကို လက်ဖြင့် အသာတွန်းလိုက်ရာ တံခါးရွက်မှာ တကျွီကျွီမြည်လျက် ပွင့်သွားပါတော့သည်။

"ဟင် ... ဒီတံခါးသော့က ပွင့်နေပါလား"

လွန်ခဲ့သည့် နှစ်နှစ်က ဤတံခါးသော့ကို လူရဲကိုယ်တိုင် သေချာပိတ်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ တံခါးသော့ကို တစ်ယောက်ယောက်က တစ်နည်းနည်းဖြင့် ဖွင့်ခဲ့ပုံရ၏။

သူတို့အိပ်ခန်းကြီးထဲ လှမ်းဝင်ခဲ့ကြပြီး နံရံမှ မီးခလုတ်ကိုဖွင့်လိုက်သည်။

"ချောက်"

မျက်နှာကြက်မှ ဘတ်သီးလင်းသွားသည်တွင် ဖုန်ထုတက်ခြင်းမရှိဘဲ ပြောင်ရှင်းလျက် သပ်ရပ်နေသည့် အိပ်ခန်း အပြင်အဆင်ကို တွေ့ရသည်။

"အို ... အိပ် အိပ်ရာကလည်း ပြင်ထားပါလား"

ဤအိပ်ခန်းကို သော့မပိတ်မီက ခြင်ထောင်ကို ဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပြီး မွေ့ရာကို ခုတင်ခြေရှင်းတွင် လိပ်ထားခဲ့ကြပါလျက် ယခုတော့ လူတစ်ဦး လက်ရှိအသုံးပြုအိပ်စက်လျက်ရှိသော အသွင်ဖြင့် အိပ်ရာ၊ ခြင်ထောင်တို့ ပြင်ထားသည်ကို တွေ့ရရာ ယွန်းယွန်းမှာ အတော်ချောက်ချားတုန်လှုပ်သွားလေ၏။

"ကိုရေ ... လူတစ်ယောက်ယောက်က လျှို့ဝှက်လမ်းကိုအသုံးပြုပြီး ဒီစံအိမ်ကြီးထဲ ခိုးဝင်နေထိုင်နေသလားမသိဘူး"

"လျှို့ဝှက်လမ်းကိုအသုံးပြုရအောင် ရေတွင်းပျက်ကြီးကို ကိုယ်တို့ ဖြိုဖျက်ပြီး မြေဖို့ထားခဲ့တာပဲလေ ယွန်းရဲ့"

ယွန်းယွန်းက မြန့်မြန့်ပြူးပြူးခင်းထားသည့် အိပ်ရာခင်း၏ အလယ်တွင် အနည်းငယ် တွန့်ကြေနေပုံကိုလည်းကောင်း၊ အိပ်ရာခေါင်းရင်းမှ တစ်လုံးတည်းသော ခေါင်းအုံး၏အလယ်နေရာ ခွက်နေပုံကိုလည်းကောင်း ကြည့်ကာ မျက်စိမျက်နှာပျက်နေရှာတော့သည်။

သူမသည် ကြေးခုတင်ကြီး၏ ခေါင်းရင်းဝဲဘက်နံရံတွင် ချိတ်ဆွဲထားသည့် ဦးဖေအောင်၏ ပုံတူပန်းချီကားကြီးကို မော့ကြည့်လိုက်မိသောအခါမှာမူ ထိတ်လန့်တကြား အော်ဟစ်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

"ယွန်း ... ယွန်း ဘာဖြစ်လို့လဲဟင်"

"ဘ ... ဘကြီးရဲ့ပုံကို ကြည့်ပါဦး ကို"

တုတ်ကောက်ကိုထောက်ကာ ဟန်ပါပါရပ်နေသည့် ပန်းချီကားထဲမှ ဦးဖေအောင်၏ရင်ဝတွင် နီစွေးသောသွေးကွက်ကြီးကို တွေ့ရပြီး သွေးတို့က အောက်ဘက်သို့စီးကျလျက်ရှိလေသည်။

လှူရဲက ပန်းချီကားကြီး၏အနီးသို့ ကပ်ကာ သွေးတို့ကို လက်ညှိုးဖြင့် တို့စမ်းကြည့်ရာ ယင်းသွေးတို့မှာ ခြောက်သွေ့မနေဘဲ စေးထန်းပူနွေးလျက်ရှိသည်ကို မယုံနိုင်ဖွယ် တွေ့ရလေ၏။

ထိုစဉ် စကြံလမ်းအတိုင်း တစ်စုံတစ်ဦးက တုတ်ကောက်ဖြင့် ကြမ်းပြင်ကို တဒေါက်ဒေါက်ခေါက်ရင်း လျှောက်လှမ်းသွားသံကို သူတို့နှစ်ဦးစလုံး ကြားလိုက်ကြရတော့သည်။

"ဒေါက် ဒေါက် ဒေါက်"

လှူရဲက တံခါးဝဆီသို့ပြေးထွက်ကြည့်ရာ သူ့လက်ကို ဆွဲထားသည့် ယွန်းယွန်းပါ ပါလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

စကြံလမ်းတွင် မည်သည့်အရိပ်အယောင်မျှ မတွေ့ကြရချေ။

"ကိုယ် ဘကြီးတုတ်ကောက်ကို ထောက်ပြီး လှမ်းသွားတဲ့အသံ ကြားလိုက်တယ်နော်"

"ကြားတာပေါ့ ယွန်းရဲ့။ ဒါကြောင့် ပြေးထွက်ကြည့်တာပေါ့"

"လာ လာ ...ယွန်း ခေါင်းနောက်လာပြီ။ ရင်တွေလည်း အရမ်းတုန်တာပဲ။ အောက်ထပ်ပြန်ဆင်းကြရအောင်"

အခန်းမီးမှိတ် တံခါးပြန်ပိတ်ပြီး လူရဲတို့ အိမ်အောက်ထပ်သို့ ခပ်မြန်မြန် ပြန်ဆင်းခဲ့ကြပါတော့၏။

အိမ်အောက်ထပ်ရောက်သည့်တွင် လူရဲတို့သည် အိမ်နောက်ဖေးတံခါးမှထွက်ကာ ခြံထဲဆင်းခဲ့ကြပြီး ယခင် ရေတွင်းဟောင်းကြီးရှိရာဆီ လျှောက်လှမ်းသွားကြည့်ကြ၏။

ရေတွင်းပျက်နေရာတွင် ရေတွင်းအုတ်ဘောင်တို့ကို ဖြိုချက်ကာ မြေစိုင်မြေခဲများနှင့်သာမက အုတ်ကျိုးအုတ်ခဲတို့နှင့်ပါ ဆုထောင်းဖို့ခဲ့ရာ ယခုလည်း ယခင်ကအတိုင်း ခြေရာလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မပျက် တွေ့ရှိရလေသည်။

"အင်း . . . ဒီအတိုင်းဆို လျှို့ဝှက်လမ်းကို ဘယ်လို့
အသုံးပြုလို့မရနိုင်ဘူး ယွန်း"

"ဟုတ်တယ် ကို၊ ယွန်းကတော့ ဘကြီး မကျွတ်မလွတ်
ဖြစ်ပြီး ဒီအိမ်ကြီးအပေါ်ထပ်မှာ မူလ သူနေခဲ့တဲ့အတိုင်း လှုပ်ရှား
သွားလာနေထိုင်နေတယ်လို့ပဲ ယူဆတယ်။ ကိုရော ဘယ်လို
ယူဆသလဲ . . . ဟင်"

"အင်း . . . ပြောရတော့ ခပ်ခက်ခက်ပဲ။ တစ်ခါတလေ
ကျတော့လည်း ဝိညာဉ်တွေက လုပ်တယ်ထင်ရပြီး တကယ်က
တော့ လူက တမင်ဟန်ဆောင်ဖန်တီးလုပ်တာမျိုး ဖြစ်နေတတ်
ပြန်ရော။ တစ်ခါတစ်ရံကျပြန်တော့လည်း ဝိညာဉ်တွေ တကယ်
လုပ်တာ လှုပ်ရှားတာကို ကြုံရပြန်ရော။ ဒါကြောင့် ဘယ်အရာ
ကိုမှ မျက်စိမှိတ်ယုံလို့မရသလို ကိုယ်တိုင်မကြုံဖူးတာနဲ့ဘဲ မယုံ
ဘူးလို့ ဇွတ်ငြင်းဖို့မသင့်ဘူး ယွန်းရဲ့"

"အင်း . . . ကို့ပြောတာ မှန်ပါတယ်"

"ဘာပဲဖြစ်ဖြစ် ယွန်းရယ်။ ဖြစ်ပြီတာတွေလည်းပြီးသွား
ခဲ့ပြီပဲ။ ကိုတို့ရဲ့ဘဝရှေ့ခရီးလမ်းမှာ ဝိညာဉ်တွေ၊ နာနာဘာဝ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ မပတ်သက်ချင်တော့ဘူး။ အဲ့ဒီကိစ္စတွေအတွက် ခေါင်းရှုပ်လည်းမခံနိုင်တော့ဘူး။ ဒီတော့ ဝိညာဉ်လမိုင်းကပ်နေတဲ့ ဒီယွန်းရွှေရည်စံအိမ်ကြီးရဲ့ပြဿနာတွေကို ကိုယ်တော့ မြန်မြန်ဖြတ်ချင်နေပြီ ယွန်းရယ်''

''ဒါဆို ယွန်းတို့ ဘယ်လိုလုပ်ကြမလဲဟင်''

- ''ယွန်းရဲ့ဘကြီးအတွက် ရည်စူးပြီး သံဃာတော်တွေပင့်ဖိတ် ဆွမ်းကျွေး ပရိတ်တရားနာ၊ အမျှအတန်းပေးဝေကြရမယ် ယွန်း''

''ကောင်းပြီလေ၊ ဒါဆိုလည်း အမြန်ဆုံးစီစဉ်ပြီး လုပ်ရအောင် ကိုယ်''

ထို့နောက် ယွန်းယွန်းက စံမတ္တူအား အကျိုးအကြောင်းရှင်းပြကာ -

''ဒီတော့ ကျွန်မတို့ သံဃာငါးပါးပင့်ရလိမ့်မယ် ကိုစံမတ္တူ။ ဒီမန္တလေးမှာရှိတဲ့ ကျောင်းတိုက်တစ်တိုက် တိုက်ကနေရှင်တာဝန်ယူပြီး ပင့်ပေးပါ''

''ရပါတယ် မမလေး''

''လာမယ့်အပတ် တနင်္ဂနွေနေ့ နေ့ဆွမ်း ဆက်ကပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ရပါတယ်။ ကျုပ်ပင့်ဖိတ်ထားလိုက်ပါ့မယ်"

ယင်း တနင်္ဂနွေနေ့မတိုင်မီ အိမ်အောက်ထပ်ကို အပြီးသန့်ရှင်းထားရန် မှာကြားပြီးနောက် ယွန်းယွန်းတို့ အမရပူရသို့ ပြန်ခဲ့ကြပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

# မောဟာမီးလျှံ

"ဟော့ကော်င် ရေဆင် ... မင်းကြားခဲ့တဲ့ သတင်းက အမှန်ပဲလား။ သေရောသေချာရဲ့လား"

"သတင်းက အမှန်ပါ ဆရာကြီး။ သေလည်း သေချာပါတယ်။ ကျွန်တော်နဲ့ ကီဝီတို့က ဒီမနက်ပဲ အဲဒီယွန်းရွှေရည်စံအိမ်ကြီးဆီသွားပြီး အိမ်ဝယ်မယ့်သူ ဟန်ဆောင်စုံစမ်းခဲ့တာ ဆရာကြီးရဲ့"

"အဲဒီအိမ်က ဘယ်လိုအိမ်ကြီးမျိုးလဲကွ ရေဆင်ရဲ့"

"နှစ်ထပ်တိုက်နှစ်ဆောင်ပြိုင်အိမ်ကြီး ဆရာကြီးရဲ့။ ခြံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကလည်း ကျယ်မှကျယ်ပဲ။ အိမ်စောင့်တစ်ယောက်ပဲရှိတယ်"

"ဟုတ်ပြီ၊ ဒါဆို ငါရှာနေတဲ့လူဟာ အဲဒီအိမ်ရဲ့ပိုင်ရှင် ဦးဖေအောင်ဆိုတဲ့ သူဌေးပဲဖြစ်ရမယ်ကွ။ သူက ငါထောင်ကျနေတုန်း ငါစုဆောင်းထားတဲ့ ဂမ္ဘီရပစ္စည်းလေးငါးမျိုးကို ငါ့ရဲ့မိန်းမဆီကနေ မတန်တဆ ဈေးနှိမ်ပြီး ဝယ်သွားတယ်ကွ။ အဲဒီပစ္စည်းတွေထဲမှာ ငါ အင်းစီရင်ဆဲဖြစ်တဲ့ သိမ်ဝင်သပိတ်ကွဲနှစ်လုံးနဲ့ ကိုးသချိုင်းသံမားတစ်ချောင်းပါသွားတယ်။ သူဟာ ဘယ်မြို့က မှန်း ငါ့မိန်းမက မသိဘူး။ ငါ တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ကျသွားတော့ ပြန်မလာတော့ဘူးလို့ ယူဆပြီး အဲဒီလူကို ရောင်းလိုက်တာတဲ့ကွ ...၊

ငါ လွတ်ငြိမ်းချမ်းသာခွင့်ရပြီး ပခုက္ကူက အိမ်ပြန်ရောက်တော့ ငါ့မိန်းမက အိမ်ပိုင်းကိုရောင်းပြီး သူ့ဇာတိရွာဆီ ပြန်သွားပြီလို့ သိရတယ်ကွ ...၊

သူ့ရွာ ငါလိုက်သွားပြီးမေးမှ ငါ စုဆောင်းထားတဲ့ ဂမ္ဘီရပစ္စည်းတွေ မရှိတော့ဘူးဆိုတာ သိရတယ်။ သူ ရောင်းလိုက်တဲ့ လူရဲ့နာမည်က ဦးဖေအောင်တဲ့။ သူဌေးတစ်ဦးပဲတဲ့။ ဒါပဲ ...သူ သိတယ်။ အဲဒီလူဟာ ဘယ်မြို့ကလည်းဆိုတာ သူ



www.burmeseclassic.com

www.burmeseclassic.com



မမေးလိုက်မိဘူးတဲ့ ...။

ဒါကြောင့် ငါ့ပစ္စည်းတွေ ပြန်ရဖို့ အဲဒီလူ ဘယ်မှာနေသလဲလို့ လိုက်ရှာနေတာ သုံးနှစ်လောက်ရှိပြီ ...။

ဝိညာဉ်၊ နာနာဘာဝတွေနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ၊ ဂမ္ဘီရပစ္စည်းတွေကို ဝယ်ယူစုဆောင်းနေတဲ့ သူဌေးတစ်ဦး မန္တလေးမှာ ရှိတယ်လို့ ခြေမကြီးက သတင်းစရပြီး ငါ့ဆီ စာရေးသတင်းပို့ခဲ့တာကွ။ အဲဒီကောင်ကတော့ လိမ်လည်မှုနဲ့ ထောင်ကျသွားတော့ ငါနဲ့ အဆက်အသွယ်ပြတ်သွားတယ်ကွ ...။

ဒါကြောင့် မင်းတို့ကို သေချာစုံစမ်းဖို့ မန္တလေးလွှတ်လိုက်ရတာပဲ''

''ဟုတ်ပါတယ် ဆရာကြီးရယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ သေချာစုံစမ်းခဲ့တာပါဗျ။ အဲဒီအိမ်ကြီးရဲ့ပိုင်ရှင်က သူဌေးကြီး ဦးဖေအောင်တဲ့။ သေသွားတာ နှစ်နှစ်ကျော်လောက် ရှိပြီတဲ့ဗျ။ သူက နာနာဘာဝတွေ၊ ဝိညာဉ်တွေကိုတောင် မွေးခဲ့တာတဲ့ ဆရာကြီးရဲ့ ...။

သူ့ရဲ့အိမ်အပေါ်ထပ်မှာ မြန်မာနိုင်ငံရဲ့ အနယ်နယ်အရပ်ရပ်ကနေ ရှာဖွေဝယ်ယူစုဆောင်းထားတဲ့ နာနာဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ပူးကပ်ေနတဲ့ ရုပ္တုေတြ၊ သရဲပူးေနတဲ့ အရိုးေခါင္းေတြ အမ်ားႀကီး ရွိတယ္တဲ့ ဆရာႀကီးရဲ႕။ ေရႊဘုရင္ေတြေခတ္က ေခါင္းတလားေတြေတာင္ ရွိတယ္တဲ့"

"ေအးကြာ ... အဲဒါေတြပါ ငါရရင္ေတာ့ ေနရာက်ၿပီ ပဲ"

"ရရမွာေပါ့ ဆရာႀကီးရဲ႕"

"ဟ ... ဘယ္လိုရမွာလဲကြ၊ အဲဒီ ဦးဖေအာင္ဆိုတဲ့ လူႀကီးက သေသြားတာေတာင္ ႏွစ္ႏွစ္ေက်ာ္ေလာက္ ရွိၿပီဆိုေတာ့ သူ႔ဆီကေန ငါတို႔ ဘယ္လိုျပန္ဝယ္လို႔ရေတာ့မွာလဲကြ"

"အာ ... ဆရာႀကီးကလည္း။ အဲဒီမန္တေလးက စံအိမ္ ႀကီးနဲ႔ ဦးဖေအာင္ပိုင္တဲ့ပစၥည္းေတြအားလုံးကို အေမြဆက္ခံရတဲ့ သူ႔တူမက အမရပူရမွာေနတာတဲ့ဗ်။ စံအိမ္ႀကီးရဲ႕ေသာ့ကို အိမ္ ေစာင့္စံမတူကိုေပးခဲ့ၿပီး အိမ္သန္႔ရွင္းေရးလုပ္ခိုင္းထားခဲ့တယ္တဲ့ ...။

ကြၽန္ေတာ္တို႔က အိမ္ဝယ္ခ်င္ဟန္ေဆာင္ၿပီး အဲဒီ စံမတူ ဆိုတဲ့လူကို လွည့္ပတ္ေမးလို႔ သိလာရတာဗ်"

"ဒါဆိုရင္"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အဲဒီခြံစောင့် အူကြောင်ကြောင်ကောင်ကို အပြုတ်ရှင်းပြီး အဲဒီစံအိမ်ကြီးရဲ့အပေါ်ထပ်ကဟာတွေအားလုံး ကျွန်တော်တို့ မ,သွားရုံပေါ့ ဆရာကြီးရဲ့"

"ဟား ... လွယ်လှချည်လား ရေဆင်ရဲ့"

"ဟုတ်တယ် ဆရာကြီး။ လွယ်လွယ်လေးနဲ့ကို ရမှာဗျ။ ဒါပေမဲ့ လာမယ့်တနင်္ဂနွေနေ့ကျရင် အဲဒီအိမ်ကြီးကို အမွေဆက်ခံမယ့်သူတွေရောက်လာတော့မှာတဲ့ဗျ။ ဒါကြောင့် ဆရာကြီး လှုပ်ရှားဖို့ သုံးရက်လောက်ပဲ အချိန်ရတော့မယ် ဆရာကြီးရဲ့"

"ဟေ ... ဒါဆို မနက်ဖြန်ပဲ မန္တလေးတက်ကြမယ်ကွာ"

"ကောင်းတယ် ဆရာကြီး"

"အေး ... ရေဆင် ... မင်းပြောသလိုသာ အဲဒီအိမ်ကြီးပေါ်က ငါလိုချင်တဲ့ပစ္စည်းတွေအားလုံးရရင် မင်းနဲ့ ကီဝီတို့ကို ကောင်းကောင်းကြီး ဘောက်ဆူးချမယ်ကွာ"

"ဒါဆိုရင်တော့ အိုကေပေါ့ ဆရာကြီးရယ် ... ဟဲ ဟဲ ဟဲ"

ရေဆင်၊ ကီဝီနှင့်ပေါက်ကောင်တို့၏ဆရာ ဦးတင်ဦး (ခေါ်)

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားသည် ပခုက္ကူ၊ ယောဘက်ဒေသတွင် နာမည်ကြီးအောက် လမ်းဆရာကြီးတစ်ဦးဖြစ်ပြီး မကောင်းမှုမှန်သမျှကို တပည့်လူဆိုး လူမိုက်တို့နှင့်အတူ ပြုလုပ်လေ့ရှိသူဖြစ်၏။

ယင်းသို့ မကောင်းမှုဒုစရိုက်တို့နှင့် ကျင်လည်ရင်း ဓားပြမှု၊ လူသတ်မှု၊ မုဒိန်းမှုတို့ဖြင့် ထောင်နှစ်ရှည်ကျသွားရာမှ တစ်ကျွန်းတွင် ဆယ်နှစ်ခန့်နေရပြီးနောက် အင်္ဂလိပ်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်မြောက်လာသူဖြစ်သည်။

ယခုတော့ ဆရာကြီးပုပ္ပား (ခေါ်) ဦးတင်ဦးနှင့် သူ၏ တပည့်တစ်သိုက်သည် ပခုက္ကူမှနေ၍ လော်ရီကားကြီး စင်းလုံးငှားကာ မန္တလေးသို့ တက်လာခဲ့ကြချေပြီ။

မန္တလေးမှ ဟိုတယ်တစ်ခုတွင် ညအိပ်ကြပြီး နောက်နေ့ မနက်တွင်မှ နန်းရှေ့ စစ်ကိုင်းတန်းရပ်ရှိ ယွန်းရွှေရည်စံအိမ်ကြီးဆီ ချီတက်ခဲ့ကြတော့သည်။

ခြံရှေ့တွင် ကားရပ်ပြီးသည်နှင့် ဆရာကြီးပုပ္ပားက ကားခေါင်းခန်းမှ မဆင်းမီ ကားဒရိုင်ဘာကို လှည့်ပြောလိုက်၏။

"ဒီမှာ ကျုပ်တို့ အိမ်ထဲဝင်နေတုန်း မောင်ရင်က ကားပေါ်ကပဲ စောင့်ပါ။ ကားကိုတော့ ခြံဝဘက်ဖင်ထိုးထားပြီး စွည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ တင်ခါနီးကျမှ ကားကို ပေါ်တီကိုအောက်အထိ ဆုတ်ပေးဟုတ်လား"

"ဟုတ်ကဲ့"

ထို့နောက် ဆရာကြီးပုပွားနှင့် သူတပည့်များဖြစ်ကြသော ရေဆင် (ခေါ်) မြဝင်း၊ ကီဝီ (ခေါ်) ဖော်ဝင်းထင်၊ ငပိကောင် (ခေါ်) ခင်ဇော်တို့သည် ယွန်းရွှေရည် ခြံဝင်းထဲသို့ ဝင်လာကြပြီးလျှင် ပွင့်ဟနေသောတံခါးဝမှ စံအိမ်ကြီးထဲ လှမ်းဝင်ခဲ့ကြပါတော့၏။

သေချာလျှော်ထားသည့် ခန်းဆီးလိုက်ကာများကို ပြတင်းတံခါးပေါက်များတွင် ပြန်တပ်နေရာမှ ခြေသံများကြားရသဖြင့် စံမတူက လှည့်ကြည့်သည်။

"ဟင် ... ဘယ် ဘယ်သူတွေလဲဟ၊ အိမ်ထဲဝင်လာတာ"

စံမတူက ခွေးခြေမြင့်ပေါ်မှ ကမန်းကတမ်း ဆင်းလိုက်သည်။ သို့သော် သူက လွန်ခဲ့သော သုံးရက်ခန့်က ရောက်လာဖူးသည့် ရေဆင်နှင့်ကီဝီတို့ကို မှတ်မိသွား၏။

"ဟာ ... ခင် ... ခင်ဗျားတို့ကို ဒီအိမ်ကြီး မရောင်းပါဘူးဆို ဘာဖြစ်လို့ ပြန်လာကြတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးပုပ္ပားက စံမတူ၏မျက်နှာကို တည့်တည့်ကြည့်ကာ လေသံမာမာဖြင့်ပြောလိုက်သည်။

"ဒီမှာဟော့ကောင် ... ငါတို့က အိမ်ဝယ်ဖို့လာကြတာ မဟုတ်ဘူးကွ။ သရဲတစ္ဆေ နာနာဘာဝဆိုတဲ့ကောင်တွေကို ကျွန်အဖြစ် ခိုင်းဖို့လာခေါ်တာသိလား"

"ဘာဗျ ... ဘာပြောတာလဲ၊ ကျုပ် နားမလည်ဘူး"

"ကဲ ... ကြာတယ်ကွာ၊ ရေဆင်နဲ့ကိုဝီ"

ဆရာကြီးပုပ္ပားက မေးဆတ်ပြလိုက်သည်နှင့် ရေဆင် (ခေါ်) မြဝင်းက ရှေ့သို့ တစ်လှမ်းတိုးကာ စံမတူ၏ပခုံးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

"ဒီလိုဗျာ ကိုစံမတူ ... ကျွန်တော် ရှင်းပြမယ်"

စံမတူ၏အာရုံက သူ့ရှေ့ရှိ ရေဆင်ထံရောက်နေစဉ် သူ၏ နောက်ကျောဘက်သို့ ရောက်နေသည့် ကိုဝီ (ခေါ်) ဇော်ဝင်းထင်က စံမတူ၏နောက်စေ့ကို ဓားမြှောင်၏ဓားနှောင့်ဖြင့် ထုချလိုက်တော့၏။

"ခွပ်"

"အ"

www.burmeseclassic.com

www.burmeseclassic.com



ခွေခနဲလဲကျ သတိလစ်သွားရှာသည့် စံမတူကို ငုံ့ကြည့်ကာ ဆရာကြီးပုပွားက ပြုံးလိုက်သည်။

"ကဲ ဟော့ကောင်တွေ ... အိမ်ပေါ်တက်ကြမယ်"

သူတို့လူစုသည် ဆိတ်ဆိတ်ငြိမ်နေသည့် ယွန်းရွှေရည် စံအိမ်ကြီး၏ အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီးအတိုင်း တက်လာခဲ့ကြတော့သည်။

အိမ်ပေါ်ထပ်သို့ ရောက်သည်နှင့် ငပိကောင် (ခေါ်) ခင်ဇော်က နံရံမှခလုတ်တို့ကို လိုက်ရှာဖွင့်လိုက်တော့ရာ စကြံလမ်းတစ်ခုလုံးသာမက ရုပ်တုများထားသည့် ခန်းဆောင်ကြီးပါ လင်းကျင်းသွားပါတော့၏။

ဆရာကြီးပုပွားသည် ခန်းဆောင်ကြီးထဲတွင် ခင်းကျင်းထားသည့် ရုပ်တုများနှင့် ဂမ္ဘီရဆန်သော ပစ္စည်းပစ္စယ မျိုးစုံတို့ကို ကြည့်ရင်း သဘောအကျကြီး ကျလျက်ရှိပါတော့သည်။

"ဟား ... ပစ္စည်းတွေက များလှချည့်လားဟ။ ပွပြီကွ၊ ပွပြီ။ ဟား ဟား ဟား ... အားလုံး ဒီကနေ သယ်သွားရမယ်၊ သယ်သွားရမယ် ... ဟား ဟား ဟား"

ထိုစဉ် ... စင်္ကြံလမ်းအတိုင်း တစ်စုံတစ်ယောက်

www.burmeseclassic.com



တုတ်ကောက်ထောက်ကာ လမ်းလျှောက်လာသည့်အသံကို ဆရာကြီးပုပွားတို့ ကြားလိုက်ရတော့သည်။

"ဒေါက် ဒေါက် ဒေါက်"

ဆရာကြီးပုပွားတို့လူစုသည် အသံကြားရာဆီသို့ ထိတ်ထိတ်ပျာပျာဖြင့် လှည့်ကြည့်လိုက်ကြရာ –

အသက်ခြောက်ဆယ်ခန့် တစ်ခေါင်းလုံးနီးပါး ဆံပင်တွေဖြူနေသော လူဝဝခံ့ခံ့ကြီးတစ်ဦးသည် သက္ကလတ်ကုတ်အကျီနှင့် ပုဆိုးကွက်ကြဲတို့ကို တွဲဖက်ဝတ်ထားပြီး လည်ပင်း၌ မာဖလာပတ်ထားကာ ပါးစောင်တွင် ဆေးတံကြီးခဲလျက် သျှားနှစ်သားတုတ်ကောက်ကို အားပြုထောက်ရင်း စကြံလမ်းအတိုင်း လျှောက်လှမ်းလာနေသည်ကို တွေ့ရလေသည်။

"ဒေါက် ဒေါက် ဒေါက်"

ထိုလူကြီးက ခန်းဆောင်ကြီးဆီသို့ ရောက်ရှိလာပါတော့၏။

"ဟဲ ... ခင် ခင်ဗျားက ဘယ်သူလဲ"

ဆရာကြီးပုပွားက လက်ညှိုးငေါက်ငေါက်ထိုးလျက် မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်သူလဲဆိုတာ မင်းတို့ သိဖို့မလိုပါဘူး။ မင်းတို့က ငါ့အိမ်ပေါ်ကို ကျူးကျူးကျော်ကျော်နဲ့ ဘာကိစ္စတက်လာရတာလဲ"

"ဟ ... ရေဆင်မင်းပြောတော့ ဒီအိမ်မှာ ခြံစောင့်တစ်ယောက်တည်းရှိတယ်ဆို သူ သူက ဘယ်သူလဲ"

"အဲ ... ကျွန် ကျွန်တော်လည်းမသိဘူး ဆရာကြီး"

"ဒီ ဒီမှာ ... ခင်ဗျားက ဘယ်သူလဲ"

ဆရာကြီးပုပ္ပားက လေသံပြင်းပြင်းဖြင့် ထပ်မေးလိုက်ရာ ထိုလူကြီးက အားရပါးရ ရယ်တော့သည်။

"ဟား ဟား ဟား ဟား ... ငါ ဘယ်သူပဲဖြစ်ဖြစ် မင်းတို့ကို ပြောစရာမလိုဘူး။ မင်းတို့ ဘာကိစ္စနဲ့ ဒီအိမ်ပေါ်တက်လာရသလဲ ... ပြောစမ်း"

"ဒီမှာ ကျုပ်တို့က ဟောဒီခန်းဆောင်ထဲက ပစ္စည်းပစ္စယအားလုံးကို သယ်ယူဖို့လာကြတာဗျ"

"ဩော် ... ဒီလိုကိုး"

"ဟုတ်တယ်"

"ဟား ဟား ဟား ... မင်းတို့ ဒီလို ပရမ်းပတာ



www.burmeseclassic.com

www.burmeseclassic.com



ယူချင်တိုင်း ယူလို့ရရိုးလား။ ငါ့ပစ္စည်းတွေကို ယူရဲယူကြည့် ကာလနာတိုက်သွားမယ်သာမှတ် ...ဟား ဟား ဟား"

ထိုလူကြီးက သည်းလိုက်အူလိုက် ရယ်မောလိုက်သည်တွင် သူ၏အက်ကွဲကွဲ ရယ်မောသံကြီးက ခန်းဆောင်ကြီးထဲဝယ် ဟိန်းဟိန်းထသွားပြီး မီးခိုးလုံးဖြူဖြူများသည်လည်း ထိုလူ၏ခြေရင်းမှ ထွက်ပေါ်လာကာ ခဏချင်းမှာပင် မီးခိုးငွေ့ဖြူဖြူတို့က ထိုလူကြီးကို ဖုံးလွှမ်းသွားပါတော့၏။

ယင်းအငွေ့ဖြူဖြူတို့ တဖြည်းဖြည်း လွင့်ပြယ်သွားသည့်အခါမှာမူ စောစောက လူကြီးကို မတွေ့ကြရတော့ချေ။

"ဟာ"

"ဟင်"

"ဟ ... ဘယ်ရောက်သွားပါလိမ့်"

လွယ်အိတ်အနက်ကိုလွယ်လျက် အနက်ရောင်ပိုးဘောင်းဘီရှည်ပွပွနှင့် အနက်ရောင်ပိုးအင်္ကျီလက်ရှည်ကို ဝတ်ထားပြီး ဦးခေါင်း၌ ပဝါအနက်ကို ပေါင်းထားသည်။ ဆရာကြီးပုပ္ပားက မကျေနပ်စွာ တောက်တစ်ချက်ပြင်းစွာခေါက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ...လတ်စသတ်တော့ နာနာဘာဝက လာပြီး သွေးတိုးစမ်းသွားတာကိုး။ ကေန္တ သေသွားတဲ့ ဒီအိမ်ပိုင်ရှင် သူဌေးကြီးဦးဖေအောင်ရဲ့ဝိညာဉ်က လာပြီး ကိုယ်ထင်ပြခြိမ်းခြောက်သွားတာပဲကွ"

"ဟော့ကောင် ရေဆင် ...နာနာဘာဝတွေကို အနိုင်ဆုံးလက်နက်က ဘာလဲကွ ပြောစမ်း"

"မီးပါ ဆရာကြီး"

"အေး ...ဟုတ်တယ်၊ အဲဒီ နာနာဘာဝကောင်ကြီးက ငါတို့ကို ဟန့်တားနှောင့်ယှက်ဦးမှာပဲကွ။ ဒီတော့ မင်း မီးတုတ်တစ်ခု သွားလုပ်ခဲ့စမ်းကွာ၊ သွား ...မြန်မြန်"

"ဟုတ် ...ဟုတ်ကဲ့ဆရာကြီး"

ရေဆင်က အောက်ထပ်သို့ ပြေးဆင်းသွားပါတော့၏။

"ဟော့ကောင်တွေ ...နံရံက ပန်းချီကားတွေနဲ့ ဓားတွေကို ဖြုတ်ကြ"

ဆရာကြီးပုပ္ပားဏ၏အမိန့်အတိုင်း ကီဝိနှင့်ငပိကောင်တို့သည် နံရံတွင်ချိတ်ဆွဲထားသော ပန်းချီကားတို့ကို စဖြုတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ရှေးဟောင်းဓားတို့ကို နံရံမှ ဖြုတ်ချလျက်ရှိငေ

ကီဝီ (ခေါ်) ဇော်ဝင်းထင်၏လက်ထဲမှ ကျောက်စီဓား

ဓားသွားက ဓားအိမ်ထဲမှ လျှောခနဲထွက်သွားကာ လေထဲ

ဝဲပျံသွားရာ ကီဝီမှာ ပါးစပ်အဟောင်းသားဖြင့် ဓားကြီးကို မော့

ကြည့်နေစဉ်မှာပင် ဓားဦးက လေကိုခွင်းကာ ကီဝီ၏ရင်ကို ပြေး

စိုက်တော့၏။

"စွပ်"

"အား"

ကီဝီ (ခေါ်) ဇော်ဝင်းထင်သည် ရင်ဝတွင် ဓားတန်းလန်း

စိုက်လျက်မှ အသံနက်ကြီးဖြင့် အော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့

လဲကျအသက်ပျောက်သွားပါတော့၏။

"ဟား ဟား ဟား ဟား"

ဝမ်းခေါင်းသံကြီးဖြင့် လှိုက်လှဲသော ရယ်သံကြီး ထွက်

ပေါ်လာပြီးလျှင် ခန်းဆောင်ကြီး၏ လက်ယာဘက်ထောင့်ရှိ

ဘီလူးရုပ်တုနှစ်ခု၏ကြား၌ ဦးဖေအောင်၏ဝိညာဉ်က ကိုယ်ထင်ပြ

ပေါ်လာတော့သည်။

"ဟား ဟား ဟား ဟား ... ငါ့ရဲ့ပစ္စည်းတွေကို ထိ



www.burmeseclassic.com

www.burmeseclassic.com



ထိုကြည့်ကြစမ်း။ ကာလနာတိုက်သွားမယ်၊ ဟင်း ဟင်း ဟင်း ဟင်း"

"တောက် ... တော်တော်လာတဲ့ ဝိဉာဉ်ကောင်ပါလား၊ တွေ့ကြသေးတာပေါ့ကွာ"

ဆရာကြီးပုပ္ပားက သူ၏လွယ်အိတ်အနက်ထဲမှ သုံးလက်မခန့်သာအမြင့်ရှိသည့် သစ်သားရုပ်တုလေး တစ်ရုပ်ကို ထုတ်ယူလိုက်လေသည်။ ပြီးလျှင် ကြမ်းပြင်ကို ဖနောင့်ဖြင့် ပေါက်လိုက်လေသည်။

"ဝုန်း"

"ဟယ် ... နာနာဘာဝကောင် ဤငါ၏ သူယောင်ရုပ်၌ သင်၏ဝိဉာဉ်ခန္ဓာကပ်ငြိစမ်း၊ ကပ်ငြိစမ်း"

ယင်းသို့ အော်ဟစ်အမိန့်ပေးလိုက်ပြီးနောက် ဆရာကြီးပုပ္ပားက ခြေလက်မပါ ယောက်ျား၊ မိန်းမ မခွဲခြားနိုင်သော ခေါင်းလုံးလုံးလေးသာပါသည့် သစ်သားရုပ်တုလေး၏ခန္ဓာအနှံ့သို့ ဆူးချွန်ဖြင့် ထိုးတော့၏။

"သေစမ်း သေစမ်း သေစမ်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမယ်လေး ... လေး"

အခန်းထောင့်ရှိ ဝိညာဉ်ပုံရိပ်သည် ထွန့်ထွန့်လူး ကွေးကောက်တွန့်လိန်လျက် အသံကျွဲရှရှဖြင့် အော်ဟစ်လျက်ရှိလေသည်။

"ဟား ဟား ဟား ... မှတ်ပလားဟေ့ ဝိညာဉ်ကောင်။ ငါဆရာ ပုပ္ပားတဲ့ကွ။ မှတ်ပလား ... ဟား ဟား ဟား ဟား"

ဆရာကြီးပုပ္ပားက ဂုဏ်ယူဝံ့ကြွားစွာဖြင့် နှစ်ထောင်းအားရ အော်ဟစ်ရယ်မောလိုက်စဉ် ဦးဖေအောင်၏ ဝိညာဉ်ပုံရိပ်က ပြန်လည်တည်ငြိမ်သွားတော့၏။

ဦးဖေအောင်၏ ဝိညာဉ်ပုံရိပ်က လက်ထဲမှ တုတ်ကောက်ကြီးကို ဝှေ့ယမ်းလိုက်ပြီး လှောင်ရယ်ရယ်လျက်ရှိသည့် ဆရာကြီးပုပ္ပားဆီသို့ လွှဲပစ်ထည့်လိုက်တော့၏။

"ဝိုး"

"ဝိုး"

"ဒေါင်"

"အား"



www.burmeseclassic.com

www.burmeseclassic.com



တုတ်ကောက်ကြီးက ဆရာကြီးပုပ္ပား၏ လက်ကောက်ဝတ်ကို ပြင်းထန်စွာ ထိခတ်သွားရာ ဆရာကြီးပုပ္ပားမှာ အသည်းနိုက်အောင် နာကျင်သွားကာ လက်ထဲမှ သူယောင်ရုပ်တုလေးသည်လည်း လွင့်ထွက်သွားပြီး မှန်ခေါင်းတလားထဲသို့ ဝင်သွားတော့၏။

ထိုစဉ် ကီဝီက သူ၏လက်ထဲရှိ ဓားအိမ်ထဲမှ ကိုးသချိုင်းသံဓားကို ဆွဲထုတ်လိုက်ပြီးလျှင် ထိုဓားဖြင့် ဦးဖေအောင်၏ ဝိညာဉ်ပုံရိပ်ကို အားကုန် ခုတ်ပိုင်းလိုက်တော့သည်။

"ဝိုး"

ဓားသွားက ဝိညာဉ်ပုံရိပ်ကို ဖြတ်ပိုင်းသွားသော်လည်း ဝိညာဉ်ပုံရိပ်က ဘာမျှမဖြစ်ပေ။ ကီဝီ၏လက်ထဲမှ ဓားသည်သာ လေကိုခွင်းကာ ဝူကနဲ ရှေ့သို့ ငိုက်ကျသွားပါတော့၏။

ဤတွင် ဦးဖေအောင်၏ဝိညာဉ်ပုံရိပ်က ကီဝီ၏ကုပ်ပိုးကို ဖမ်းချုပ်ကိုင်လိုက်ပြီး သူ၏ ချွန်မြနေသော သွားတို့ဖြင့် ကုပ်ပိုးကို အားပါးတရ ကိုက်ဆွဲလိုက်ပါတော့သည်။

"အား အား"

ကီဝီသည် ကုပ်ပိုးမှ သွေးတို့ တရဟောစီးကျလျှက်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွားပြီးနောက် လူတစ်ကိုယ်လုံး ပစ်လဲကျသွားပါတော့၏။

ဆရာကြီးပုပ္ပားသည် သူ၏တပည့်ကျော် နှစ်ယောက်သူ့ရှေ့တွင် သေပွဲဝင်သွားကြရသည်ကို တွေ့လိုက်ရရာ ဒေါသအမျက်ချောင်းချောင်း ထွက်သွားရတော့သည်။

ထိုစဉ် ရေဆင် (ခေါ်) မြဝင်းက ရေနံအရွဲသား စိမ်လာခဲ့သည့် မီးတုတ်ကို ထောင်ကိုင်လျက် လှေကားအတိုင်း ပြေးတက်လာပါတော့၏။

ယင်းအချိန်မှာပင် ဦးဖေအောင်၏ဝိညာဉ်ပုံရိပ်သည် ခြေတစ်ဖက်ဆာတာတာဖြင့် ဆရာကြီးပုပ္ပားရှိရာဆီသို့ တစ်လှမ်းချင်းလှမ်းလာပါတော့၏။

"ဆရာကြီး"

"ဟော့ကောင် ရေဆင် ... ပေးစမ်း ပေးစမ်း"

ဆရာကြီးပုပ္ပားက မီးတုတ်ကို အငမ်းမရ တောင်းယူလိုက်ပြီးလျှင် –

"ဟော့ကောင် ရေဆင် ... ဒီမှာ မီးရှို့စမ်း၊ မီးရှို့စမ်း"

ရေဆင်လည်း ဘောင်းဘီနောက်အိတ်ထဲမှ မှတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ကို ခြစ်ကာ မီးတုတ်၌ မီးညှိပေးလိုက်တော့သည်။

ဦးဖေအောင်၏ ဝိညာဉ်ပုံရိပ်က ဆရာကြီးပုပ္ပားအား ခုန်အုပ်ရန်ဟန်ပြင်လိုက်စဉ် ဆရာကြီးပုပ္ပားက မီးတုတ်ဖြင့် ဟန့်တားလိုက်တော့၏။

"လာလေကွာ၊ လာစမ်း လာစမ်း"

ဆရာကြီးပုပ္ပားက မီးတုတ်တယမ်းယမ်းဖြင့် ရှေ့တိုးလာရာ ဦးဖေအောင်၏ ဝိညာဉ်ပုံရိပ်က နောက်သို့ ဆုတ်ဆုတ်သွားရရင်း အခန်းနံရံထောင့်သို့ ရောက်သွားပါတော့၏။

"ဟား ဟား ဟား ...ဘာဝါဟ်နိုင်သေးသလဲ၊ ကဲဟာ"

ဆရာကြီးပုပ္ပားက မီးတုတ်ဖြင့် အားကုန်လွှဲရိုက်လိုက်သည်တွင် မီးတုတ်မီးက ဦးဖေအောင်၏ ဝိညာဉ်ပုံရိပ်ကို ဖြတ်သန်းသွားပြီးနောက် ထိုဝိညာဉ်ပုံရိပ်၏နောက်မှ ကတ္တီပါလိုက်ကာကြီးဆီသို့ ပြေးဝင်သွားပါတော့သည်။

ဆရာကြီးပုပ္ပားသည်လည်း ရှေ့သို့ အားလွန်လျက် ကြမ်းပြင်ပေါ်သို့ ဒူးတစ်ဖက်ထောက်ကျသွားလေရာ သူ၏လက်ထဲမှ မီးဟုန်းဟုန်းတောက်နေသည့် မီးတုတ်မီးက ကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာကြီးကို မီးစွဲလောင်ပါတော့၏။

သို့တိုင် ဆရာကြီးပုပ္ပားက ဂရုမပြုဘဲ မီးတုတ်မီးဖြင့် ဦးဖေအောင်၏ဝိညာဉ်ပုံရိပ်ကို အသည်းအသန် လိုက်တိုက်ခိုက်ရာမှ ကြွေပန်းအိုးတို့ကို တိုက်မိကာ ကွဲလိုက်ကွဲ၊

"ခွမ်း"

"ခွမ်း"

မီးတုတ်မီးက နံရံမှ လိုက်ကာစများကိုရော၊ အချို့သစ်သားရုပ်တုတို့နှင့် ကြိမ်ကုလားထိုင်တို့ကိုပါ လောင်ကျွမ်းတော့၏။

"ဟာ ... ဆ ဆရာကြီး၊ မီး မီး"

ချက်ချင်းဆိုသလိုပင် လိုက်ကာစတို့ကို မီးကူးစက်လောင်ကျွမ်းရာမှ သစ်သားဗီရိုများ၊ သစ်သားရုပ်တုများပါ ကူးစက်လောင်ကျွမ်းကုန်လေလျှင် ခဏအတွင်းမှာပင် ခန်းဆောင်ကြီးတစ်ခုလုံး မီးဟုန်းဟုန်းထတောက် လောင်ကျွမ်းပါလေတော့သည်။

"ဆရာကြီး မီးတွေလောင်နေပြီ ... လာ လာ"

ရေဆင်က သူ့ဆရာကြီးပုပ္ပား၏လက်ကိုဆွဲကာ မီး



www.burmeseclassic.com

www.burmeseclassic.com



တောက်မီးလျှံတို့ကြားမှ ထိုးဖောက်ထွက်ရန် ပြင်လိုက်စဉ်မှာပင် သူတို့၏ရှေ့၌ ဦးဖေအောင်၏ ရုပ်သွင်ကြီးပေါ်လာပါတော့၏။

"ဟာ ...ဆရာကြီး လာ၊ ဒီဘက်ကပြေးမယ်"

အခြားတစ်ဖက်မှ ဖောက်ထွက်ရန် ကြိုးစားပြန်ရာ ထိုဘက်မှာလည်း ဦးဖေအောင်၏ဝိညာဉ်ပုံရိပ်ကြီးက ဆီးတားထားပြန်သည်။

"ဟာ ...ဒုက္ခပါပဲ။ လာ လာ ဆရာကြီး ဒီဘက် ဘက်"

ဆရာတပည့်နှစ်ယောက် အရှူးမီးဝိုင်းဖြစ်နေစဉ်မှာပင် မီးလောင်ကျွမ်းလျက်ရှိသည့် ထုပ်တန်းကြီးက သူတို့နှစ်ဦးပေါ်သို့ ပြုတ်ကျလာပါတော့၏။

"ဝုန်း"

"အား"

"အမယ်လေး"

*

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးရှိ ယွန်းရွှေရည်စံအိမ်ကြီး မီးလောင်နေသည်ဟု သတင်းကြားကြားချင်း လူရဲနှင့်ယွန်းယွန်းတို့ စကူဘောကာကားကြီးကို စက်ကုန်ဖွင့်ကာ မန္တလေးသို့ အရောက်လာခဲ့လေသည်။

သူတို့ရောက်ရှိလာသည့်အချိန်တွင် စံအိမ်ကြီးတစ်ခုလုံး မီးလောင်ကျွမ်းလျက် ရှိချေပြီ။

ဝိုင်းဝန်းငြှိမ်းသတ်ကြသည့်ကြားမှပင် စံအိမ်ကြီးတစ်ခုလုံးကို မီးက ဝါးမျိုသွားပါတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လူရဲနှင့် ယွန်းယွန်းတို့မှာ နှမြောတသခြင်းကင်းစွာ ယွန်းရွှေရည်စံအိမ်ကြီး မီးလောင်ကျွမ်းနေသည်ကို စောင့်ကြည့်နေခဲ့ကြတော့သည်။

မီးသတ်သမားတို့ ကယ်ထုတ်နိုင်ခဲ့သည့် ခြံစောင့်ကြီးစံမတူက ပြန်ပြောပြမှ လူစိမ်းတစ်စု ရောက်ရှိလာပြီးနောက်...မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရကြောင်း ပုလိပ်ဌာနက သိရှိသွားပါလေ၏။

"ယွန်းရေ...ခုတော့ နာနာဘာဝတွေ ကိန်းအောင်းပြီး ဝိညာဉ်လမိုင်းကပ်နေတဲ့ ယွန်းရွှေရည်စံအိမ်ကြီးဟာ ...သူ့ဇာတ်သူ သိမ်းသွားခဲ့ပြီပေါ့"

"ဟုတ်တယ် ကို၊ စံအိမ်ကြီး ဆုံးရှုံးသွားရပေမယ့် ယွန်းမနှမြောဘူး။ အဲဒီဝိညာဉ်တွေ၊ နာနာဘာဝတွေနဲ့ မပတ်သက်ရတော့ရင်ပဲ ကျေနပ်ပျော်ရွှင်လှပါပြီရှင်"

မည်သို့ဖြစ်စေ ...လူရဲနှင့်ယွန်းယွန်းတို့ ဇနီးမောင်နှံတို့ ရင်ပေါ်ကာ ပျော်ရွှင်ချမ်းမြေ့သွားရသည်ကတော့ အမှန်ပင်။

သို့သော် ...

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယွန်းရွှေရည်စံအိမ်ကြီးတည်ရှိခဲ့ရာ မြို့ကြီးထဲမှ ညဥ့်သန်းခေါင်ယံကျော်ချိန်တွင် ဝိညာဉ်တို့၏အော်သံ ဟစ်သံ ညည်းညူသံများ ပေါ်ထွက်လေ့ရှိကြောင်း ယခုတိုင် မန္တလေးတွင် လူပြောသူပြော များနေကြသဲ။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြာအရ

www.burmeseclassic.com

www.burmeseclassic.com

# စိတြအာဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


၁။ ဂငယ်သုံးလုံးမောင်သံပုံး

၂။ မိကျောင်းစေတမန်

၃။ ခုဒ္ဒနဒီကျိန်စာ

၄။ စွယ်နက်ရှင်

၅။ ဗီးနပ်(စ်)ပုလဲ

၆။ ပင်လယ်မြွေပေါက်

၇။ အင်းဘီလူး

၈။ သုဝဏ်မြိုင်မောင်နှမ

၉။ အရိုင်းမေတ္တာ

၁၀။ နံ့သာအိမ်ကြီး ရေဂူကဆီး

၁၁။ ငှက်ဂရုန်မြွေနဂါး

၁၂။ သမုဒယကောရီ

၁၃။ ကျောက်စိမ်းယက္ခ

၁၄။ လေးပွင့်သစ္စာ

၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား


www.burmeseclassic.com